# ကြေးမုံ

**The Mirror Daily**

၁၉၅၇ ခုနှစ် ဇူလိုင် ၁၆ တွင် စတင် တည်ထောင်သည်။ Established in 1957


**ဆွေမျိုးတို့နှင့် နေရသကဲ့သို့**

သူမိုက်နှင့် ပေါင်းဖော်၍ လှည့်လည်သောသူသည် ကာလရှည်မြင့်စွာ စိုးရိမ်ရ၏။ လူမိုက်တို့နှင့် အတူနေရခြင်းသည် ရန်သူနှင့် အတူနေရသကဲ့သို့ အခါခပ်သိမ်း ဆင်းရဲရ၏။ ပညာရှိနှင့် အတူတကွနေရခြင်းသည် ဆွေမျိုးတို့နှင့် အတူတကွ နေထိုင်ရသကဲ့သို့ ချမ်းသာ၏။

သုခဝဂ်(ဓမ္မပဒ-၂၀၇)


၁၃၇၉ ခုနှစ် တော်သလင်းလဆန်း ၈ ရက်၊ အင်္ဂါနေ့။ Tuesday, 29 August 2017 (၉၀၃၁)




## အခြေခံပညာ ဆရာ ဆရာမများအား အရည်အချင်း မြှင့်တင်ရေးကိစ္စရပ်များ ရင်းနှီးပွင့်လင်းစွာ ဆွေးနွေး

စာမျက်နှာ - ၃

# ပြည်ပရင်းနှီးမြှုပ်နှံမှုအနေဖြင့် လက်ရှိဘဏ္ဍာနှစ်အတွင်း အမေရိကန်ဒေါ်လာသန်း ၃၅၀၀ အထိရှိ

## ယခင်နှစ် ကာလတူအချိန်တွင် အမေရိကန်ဒေါ်လာသန်း ၄၀၀ သာရှိသောကြောင့် များစွာတိုးတက်လာသည်ကို တွေ့ရ




မြန်မာ့စီးပွားရေးလုပ်ငန်းရှင်များနှင့် တွေ့ဆုံဆွေးနွေးပွဲတွင် ဒုတိယသမ္မတ ဦးမြင့်ဆွေ အမှာစကားပြောကြားစဉ်။

**ရန်ကုန် ဩဂုတ် ၂၈**

ပုဂ္ဂလိကကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးကော်မတီသည် မြန်မာ့စီးပွားရေးလုပ်ငန်းရှင်များ၏ အခက်အခဲများနှင့် လိုအပ်ချက်များ အဆင်ပြေချောမွေ့စေရန် ရည်ရွယ်ချက်ဖြင့် မြန်မာ့စီးပွားရေးလုပ်ငန်းရှင်များနှင့် နဝမအကြိမ် ပုံမှန်တွေ့ဆုံဆွေးနွေးပွဲကို ယနေ့ နံနက် ၉ နာရီတွင် ရန်ကုန်မြို့ရှိ မြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ် (UMFCCI) အစည်းအဝေးခန်းမ၌ ကျင်းပရာ ပုဂ္ဂလိကကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးကော်မတီဥက္ကဋ္ဌ ဒုတိယသမ္မတ ဦးမြင့်ဆွေ တက်ရောက်အမှာစကားပြောကြားသည်။

တွေ့ဆုံဆွေးနွေးပွဲသို့ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်ဝင်း၊ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်းနှင့်

စာမျက်နှာ ၈ ကော်လံ ၁ သို့ ☆

# တစ်စုတစ်ဖွဲ့တည်းက လိုချင်သည်များ ရာနှုန်းပြည့်မရနိုင်ဘဲ အပေးအယူ၊ အလျှော့အတင်းများနှင့် ညှိနှိုင်းယူမှ အောင်မြင်နိုင်မည်

## ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ-(၂၁)ရာစုပင်လုံဆိုင်ရာ ပြန်လည်သုံးသပ်ခြင်းနှင့် ကြိုတင်ပြင်ဆင်ခြင်းစကားဝိုင်းဆွေးနွေးပွဲကျင်းပ

**နေပြည်တော် ဩဂုတ် ၂၈**

ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ-(၂၁)ရာစုပင်လုံဆိုင်ရာ ပြန်လည်သုံးသပ်ခြင်းနှင့် ကြိုတင်ပြင်ဆင်ခြင်းစကားဝိုင်းဆွေးနွေးပွဲဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက် ၉နာရီခွဲတွင် နေပြည်တော်ရှိ အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် ငြိမ်းချမ်းရေးဗဟိုဌာန(NRPC) အစည်းအဝေးခန်းမ၌ ကျင်းပသည်။ **(အောက်ပုံ)**

စာမျက်နှာ ၃ ကော်လံ ၁ သို့ ❖






KBZ BANK
STRENGTH OF MYANMAR
သဒ္ဓါထက်သန် မြန်မာအားမာန် ကမ္ဘောဇဘဏ်

ကြေးမုံ

# ဓမ္မသည်သာ အောင်နိုင်ရာ၏

လောက၌ ဓမ္မနှင့်အဓမ္မ၊ တရားမှုနှင့်မတရားမှု၊ ကုသိုလ်နှင့်အကုသိုလ် မည်သည့်အရာက အင်အားကြီးသည်ကို လူအများသိကြ၏။ အဓမ္မဝါဒ၊ မတရားမှု၊ အကုသိုလ်အမှုတို့သည် လတ်တလောတွင် အနိုင်ရသည်ကို တွေ့နိုင်၏။ အကုသိုလ်သည် ဓမ္မနိယာမအတိုင်း တူသောအကျိုးပေးကို မရောက်မချင်း အောင်ပွဲခံ၏။ သို့သော် ယင်းအနိုင်ရမှုမှာ တစ်ခဏသာဖြစ်၏။ ရေရှည်တွင် အဓမ္မကို ဓမ္မက အနိုင်ရ၏။ မတရားမှုကို တရားမှုက အနိုင်ရ၏။ အကုသိုလ်ကို ကုသိုလ်က အနိုင်ရ၏။ မှန်ကန်သော ကျင့်ကြံအားထုတ်မှုဖြစ်သည့် ဓမ္မသည်သာ အောင်နိုင်မှုအစစ်အမှန်ဖြစ်၏။

လောကတွင် သံသရာကို မယုံကြည်သော အမြင်ရှိသူတို့သည် ဝိပလ္လာသအမှားများဖြစ်သည့် အသိမှား၊ အမြင်မှား၊ အမှတ်မှားတို့ဖြင့် ကြည့်ကာ လောကကို ပျော်စရာကောင်းသော ကစားကွင်းသဖွယ် မှတ်ယူကြသည်။ ၎င်းတို့လုပ်ချင်ရာလုပ်ရသည်ကို ကျေနပ်ကြသည်။ ထိုသူတို့ကား သက်တမ်းရှည်လှသည်ဟု အများကထင်မှတ်တတ်ကြသည်။ ယင်းမှာ အကုသိုလ်အကျိုးပေးခွင့် မကျသေးသောကြောင့် ဖြစ်သည်။ ဝိပလ္လာသမျက်မှန်တပ်ပြီး မိမိဘဝသာ အမှန်၊ မိမိဘဝသာ သာယာဖွယ်ဖြစ်သည်ဟု မြင်ကြသော အတ္တလွန်ကဲသူတို့ သွားရာလမ်းကား အပါယ်လေးဘုံသာဖြစ်သည်။

မြတ်စွာဘုရားရှင်လက်ထက်က ဝိဋ္ဋူဘကို ကြားဖူးကြမည်။ ဝိဋ္ဋူဘသည် သာကီဝင်တို့၏ လည်ချောင်းသွေးဖြင့် သူ့နေရာကိုဆေးရမှ ကျေနပ်သူဖြစ်သည်။ အာဃာတပြင်းသူဖြစ်သည်။ အာဃာတပြင်းသူလက်ထဲတွင် လက်နက်ရှိခြင်းသည် ထိုလောကအတွက် ကျိန်စာသင့်ခြင်းပင်ဖြစ်သည်။ အမှန်အားဖြင့် လောက၌ အဓမ္မသည် ဓမ္မအပေါ်အားကြီးနေသောကြောင့် ယာယီအောင်ပွဲခံခြင်း သဘောဖြစ်သည်။

ဝိဋ္ဋူဘသည် ၎င်း၏အဆွေအမျိုးများအား ရက်စက်စွာသတ်ဖြတ်ပြီးနောက် သာဝတ္ထိသို့ပြန်လာခဲ့သည်။ အစိရဝတီမြစ်သို့ ရောက်သောအခါ မိုးချုပ်သဖြင့် မြစ်ပြင်သဲသောင်၌ သစ်ခက်တဲနန်းဖြင့် စံနေသည်။ အတိတ်အကုသိုလ်ကံကြီးသူတို့သည် မြစ်ပြင်သဲသောင်၌ အိပ်ကြရ၏။ အိပ်ပျော်ချိန်တွင် မိုးသည်းထန်စွာရွာသွန်းသောကြောင့် အစိရဝတီမြစ်ရေသည် ဝိဋ္ဋူဘနှင့်အပေါင်းအပါတို့အား သမုဒ္ဒရာသို့ သယ်ဆောင်ခြင်းခံရသဖြင့် သေပွဲဝင်ကြရသည်။ ယင်းအဖြစ်မှာ အမှန်တကယ်ရှိခဲ့သော အဓမ္မဝါဒီသမားများ နောက်ဆုံးတွင် နိဂုံးချုပ်ရပုံ ဇာတ်တော်ဖြစ်သည်။

ဝိဋ္ဋူဘသည် လက်ရုံးမာနကြောင့် မိုက်မှားခြင်းဖြစ်၏။ အာဃာတကြောင့် မကောင်းမှုကိုကျူးလွန်ခြင်း ဖြစ်၏။ အယူမှားခြင်း၊ မောဟမာန်လွှမ်းမိုးခြင်းခံရသောအခါ အဓမ္မကို အင်အားအဖြစ်မှတ်ယူကာ မကောင်းမှုကို ရက်စက်စွာကျူးလွန်တတ်ကြ၏။ အဓမ္မကို အင်အားအဖြစ် အားကိုးမိသောအခါ အနိုင်ကျင့်ဝါဒသည်လည်း လွှမ်းမိုးလာ၏။ တစ်ဘဝကောင်းစားရေးကို အားပြုသောအခါ သံသရာမဲ့ဝါဒ လွှမ်းမိုးတတ်၏။ သံသရာကို မယုံကြည်သောသူများသည် ဤလောက၌ အမိုက်ဇာတ်ခင်းကြ၏။ အမိုက်ဇာတ်သည် တစ်ချိန်ချိန်တွင် နိဂုံးကမ္ပတ် အဆုံးသတ်ရမည်သာဖြစ်၏။

မျက်မှောက်ကာလတွင် အဓမ္မဝါဒီများ၏ ယုတ်မာရက်စက်မှုများကို စိတ်မချမ်းမြေ့ဖွယ် မြင်တွေ့ကြားသိနေရ၏။ အဓမ္မဝါဒီများ ခေါင်းထောင်နေဆဲဖြစ်နေသည်ကို အားမလိုအားမရဖြစ်ကြရ၏။ အကြောင်းတရားအမျိုးမျိုးကြောင့် ဒုက္ခဆင်းရဲများနှင့် ကြုံတွေ့ကြရခြင်းကို နားလည်ရမည်ဖြစ်၏။ အမျိုးကောင်းသား သမီးများအနေဖြင့် ယင်းကိုစိတ်မပျက်ပါလေနှင့်။ သံသရာကိုယုံကြည်နားလည်သော မိမိတို့အနေဖြင့် အဓမ္မဝါဒီများ တစ်နေ့တွင် နိဂုံးချုပ်၍ ဓမ္မဝါဒီများ ချမ်းသာခြင်းကို ရောက်ရမည်ကို ယုံကြည်ဖို့လို၏။

မင်းကောင်းမင်းမြတ်များနှင့် သီလစောင့်ထိန်းသော ပြည်သူများ၏ တိုင်းပြည်သည် ဧကန်မုချချမ်းသာခြင်းကို ဖြစ်စေနိုင်၏။ လောက၌ ဓမ္မသည်သာလျှင် အင်အားဟူသောဝါဒကို ယုံကြည်သောသူတို့သည် ဓမ္မ၏ချမ်းသာခြင်းကို ရရှိခံစားနိုင်ပါ၏။ ဓမ္မသည်သာ ယုံကြည်ထိုက်၏။ ဓမ္မသည်သာ အားကိုးရာဖြစ်၏။ ဓမ္မသည်သာ အောင်မြင်ခြင်းဖြစ်၏။ ။

# Technical Expert Team ၏ (၁၁) ကြိမ်မြောက် အစည်းအဝေးကျင်းပ



**ပုဂံ ဩဂုတ် ၂၈**

ပုဂံဒေသ၌ ၂၀၁၆ ခုနှစ် ဩဂုတ် ၂၄ ရက်က လှုပ်ခတ်ခဲ့သည့် ငလျင်ဒဏ်ကြောင့် ထိခိုက်ပျက်စီးခဲ့သည့် သာသနိက အဆောက်အအုံများ ပြုပြင်ထိန်းသိမ်းရာတွင် စစ်ဆေးအကဲဖြတ် အကြံပြုပေးနိုင်ရေးအတွက် ဖွဲ့စည်းခဲ့သည့် Technical Expert Team အကြံပေးအဖွဲ့၏ (၁၁) ကြိမ်မြောက် အစည်းအဝေးကို ပုဂံရှေးဟောင်းသုတေသန ပြတိုက်၌ ယမန်နေ့ နံနက်ပိုင်းက ကျင်းပရာ လွှတ်တော် ကိုယ်စားလှယ်များ၊ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက် ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်၊ UNESCO မှ ပြည်ပပညာရှင်များ၊ အကြံပေးအဖွဲ့ဝင်များနှင့် ဌာနဆိုင်ရာများ တက်ရောက်ကြသည်။

အဆိုပါ အခမ်းအနားတွင် ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးကျော်ဦးလွင်က နှုတ်ခွန်းဆက်စကားပြောကြားပြီး မြန်မာနိုင်ငံ အင်ဂျင်နီယာအသင်း ဥက္ကဋ္ဌ ဦးအောင်မြင့်က အမှာစကားပြောကြားသည်။ ဆက်လက်ပြီး မြန်မာနိုင်ငံ ဗိသုကာအသင်းနှင့် မြန်မာနိုင်ငံ အင်ဂျင်နီယာအသင်း ကိုယ်စားလှယ်များက ပြုပြင်ထိန်းသိမ်းရေးလုပ်ငန်းများနှင့် ပတ်သက်၍ ကွင်းဆင်းစစ်ဆေး တွေ့ရှိချက်များ အကြံပြု တင်ပြသည်။ UNESCO ပြည်ပပညာရှင် Mr. Pierre Pichard နှင့် Manithaphone Mahaxay တို့က ပုဂံဒေသရှိ အဆောက်အအုံများ အခြေအနေနှင့် စာရင်းကောက်ယူခြင်းကို လည်းကောင်း၊ Mr. Predrag Gavrilovic နှင့် Mr. Rodolfo Lujan တို့က အနာဂတ်တွင် ဆောင်ရွက်မည့် ဦးစားပေး ပြုပြင်ထိန်းသိမ်းရေးလုပ်ငန်းနှင့် ပြန်လည်ထူထောင်ရေး လုပ်ငန်းများကို လည်းကောင်း၊ မြန်မာနိုင်ငံ ဗိသုကာအသင်းဥက္ကဋ္ဌ ဦးစန်းဦးက မြန်မာနိုင်ငံ ဗိသုကာအသင်းက ပုဂံဒေသရှိ စေတီပုထိုးများ စာရင်းမှတ်တမ်းကောက်ယူ၍ အသစ်တွေ့ရှိစိစစ်ထားသည့် လုပ်ငန်းကို လည်းကောင်း ရှင်းလင်းတင်ပြသည်။

ထို့နောက် ညောင်ဦးခရိုင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဒုတိယ ခရိုင်အုပ်ချုပ်ရေးမှူးက ငလျင်ဒဏ်ခံ ဘုရားပုထိုးများ ပြုပြင်ရေး အလှူငွေလက်ခံရရှိမှုများနှင့် လုပ်ငန်းဆောင်ရွက်မှုများကို လည်းကောင်း၊ ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး ဦးစိုးစိုးလင်းက ပြုပြင်ထိန်းသိမ်းရေးလုပ်ငန်း ဆောင်ရွက်မှုများကို လည်းကောင်း၊ ဆောက်လုပ်ရေး ဝန်ကြီးဌာန အဆောက်အအုံ အထူးအဖွဲ့(၇) လက်ထောက် ညွှန်ကြားရေးမှူး ဦးလှမိုးဇော်က ပြုပြင်ထိန်းသိမ်းရေးလုပ်ငန်း ဆောင်ရွက်မှုများကို လည်းကောင်း၊ Technical Support Team (TST)အဖွဲ့က ဘုရားစေတီများအား ဗိသုကာထုတ်ပေးမှု အခြေအနေကို လည်းကောင်း၊ UNESCO အဖွဲ့မှ Mr. Kai Weise က တင်ပြချက်များအပေါ် မူတည်၍ အနာဂတ်တွင် ဆောင်ရွက်မည့် လုပ်ငန်းစဉ်များကို လည်းကောင်း၊ မြန်မာနိုင်ငံ အင်ဂျင်နီယာအသင်း ဥက္ကဋ္ဌ ဦးအောင်မြင့်က တင်ပြချက်များအပေါ် မူတည်၍ အနာဂတ်တွင် ဆောင်ရွက်မည့် လုပ်ငန်းစဉ်များကို လည်းကောင်း ဆွေးနွေးခဲ့ကြောင်း သိရသည်။

**(သတင်းစဉ်)**




## မြစိမ်းရောင် ရန်ပုံငွေစီမံခန့်ခွဲမှုသင်တန်း ဖောင်းပြင်မြို့နယ်၌ ဖွင့်လှစ်

**ဖောင်းပြင် ဩဂုတ် ၂၈**

ဖောင်းပြင်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန၏ မြစိမ်းရောင် ရန်ပုံငွေစီမံခန့်ခွဲမှုသင်တန်းကို ယနေ့ နံနက်ပိုင်းက ဖောင်းပြင်မြို့ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပရာ စစ်ကိုင်းတိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးခင်မောင်ထွန်းက အဖွင့်အမှာစကား ပြောကြားသည်။

ယင်းနောက် မြို့နယ်ကျေးလက်ဦးစီးမှူး ဦးသန်းဇော်ဝင်းက မြစိမ်းရောင် ရန်ပုံငွေစီမံခန့်ခွဲမှုသင်တန်းနှင့်ပတ်သက်၍ ရှင်းလင်းသည်။ မတည်ရန်ပုံငွေအဖြစ် တစ်ရွာလျှင် သိန်း ၃၀၀ ဖြစ်ပြီး ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ်တွင် တစ်ရွာ၊ ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ်တွင် ၁၁ရွာ၊ ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ်တွင် ငါးရွာ၊ ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ်တွင် ငါးရွာ စုစုပေါင်း ကျေးရွာယူနစ်ပေါင်း ၂၂ ရွာ၊ အကျိုးပြုကျေးရွာ ၂၄ ရွာရှိကြောင်းနှင့် မြို့နယ်ကျေးလက်မှ တာဝန်ရှိသူ နည်းပြများက သင်တန်းပို့ချသွားမည်ဖြစ်ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

## ရွှေဈေး၊ စက်သုံးဆီဈေးနှင့် နိုင်ငံခြားငွေလဲလှယ်နှုန်း

**ရန်ကုန် ဩဂုတ် ၂၈**

ရန်ကုန်(ရွှေဈေး) ၉၂၉၀၀၀ - ၉၂၉၀၀၀ မန္တလေး(ရွှေဈေး) ၉၂၉၀၀၀ - ၉၂၉၀၀၀

| စက်သုံးဆီဈေးနှုန်း | | ရန်ကုန် | မန္တလေး |
|---|---|---|---|
| (က)ဒီဇယ် | တစ်လီတာ | ၆၅၅/၆၇၀ ကျပ်၊ | ၆၇၀/၇၀၀ ကျပ် |
| (ခ) အောက်တိန်း ၉၅ | တစ်လီတာ | ၇၀၅/၇၁၅ ကျပ်၊ | ၇၇၀/၈၁၀ ကျပ် |
| (ဂ) အောက်တိန်း ၉၂ | တစ်လီတာ | ၆၆၀/၆၈၀ ကျပ်၊ | ၇၀၀/၇၃၀ ကျပ် |
| (ဃ) အဆင့်မြင့်ဒီဇယ် | တစ်လီတာ | ၆၇၅/၆၉၀ ကျပ်၊ | ၆၉၀/၇၁၀ ကျပ် |

**ရန်ကုန် လက်ကားဈေး**

ဒီဇယ် တစ်လီတာ ၆၂၀/၆၂၅ ကျပ်၊ အဆင့်မြင့်ဒီဇယ် တစ်လီတာ ၆၃၀/၆၄၀ ကျပ်၊ အောက်တိန်း ၉၂ တစ်လီတာ ၆၅၀/၆၆၀ ကျပ်

**နိုင်ငံခြားငွေလဲလှယ်နှုန်း**

| | | | | |
|---|---|---|---|---|
| (က) | အမေရိကန် | တစ်ဒေါ်လာ | = | ၁၃၆၁.၀ |
| (ခ) | ဥရောပ | တစ်ယူရို | = | ၁၆၂၃.၀ |
| (ဂ) | တရုတ် | တစ်ယွမ် | = | ၂၀၄.၆၇ |
| (ဃ) | ထိုင်း | တစ်ဘတ် | = | ၄၀.၉၅၇ |
| (င) | မလေးရှား | တစ်ရင်းဂစ် | = | ၃၁၉.၀၃ |
| (စ) | အိန္ဒိယ | တစ်ရူပီး | = | ၂၁.၂၆၄ |
| (ဆ) | ဂျပန် | တစ်ရာယန်း | = | ၁၂၄၇.၀ |
| (ဇ) | တောင်ကိုရီးယား | တစ်ရာဝမ် | = | ၁၂၁.၄၀ |
| (ဈ) | ဩစတြေးလျ | တစ်ဒေါ်လာ | = | ၁၀၈၁.၁ |
| (ည) | စင်ကာပူ | တစ်ဒေါ်လာ | = | ၁၀၀၃.၆ |

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဗဟိုဘဏ် သတ်မှတ်ရည်ညွှန်းနှုန်း**

ကြေးမုံ
နေ့စဉ်သတင်းစာ

**စာတည်းမှူးချုပ်** - ဦးခင်မောင်ကျော်ဒင်
**စာတည်းမှူးများ** - ဦးဝင်းနိုင်၊ ဦးစိုးစိုးနိုင်
**စာတည်းများ** - ဦးစန်းအောင်၊ ဦးအေးသန်း၊ ဦးကျော်ဇေယျာမြင့်၊ ဒေါ်ခင်ခင်သက်၊ ဒေါ်မေလွဲ့သင်း၊ ဒေါ်စန္ဒာဝင်း
**သတင်းထောက်မှူး** - ဦးငွေအောင်
**ဘာသာပြန်စာတည်းများ** - ဦးအောင်ထိန်၊ ဦးဇော်ဝင်း၊ ဦးအေဝမ်းစိုး၊ဦးအောင်ကျော်ကျော်
**အကြီးတန်းသတင်းထောက်များ** - ဦးဟိန်းထက်လင်း၊ ဦးနိုင်လင်းကြည်၊ ဦးသက်ထွေး၊ ဒေါ်သီသီမင်း
**အငယ်တန်းသတင်းထောက်များ** - ဦးအောင်ကျော်ဦး၊ ဒေါ်ခင်ဇာလီ၊ ဒေါ်ခင်စုစုလှိုင်၊
**ဓာတ်ပုံသတင်းထောက်** - ဦးခင်မောင်ဝင်း
**သတင်းထောက်** - ဒေါ်ဆုနှင်းလှဲ့

ပုံနှိပ်ခြင်းလုပ်ငန်းအမှတ်(၀၀၆၄၀)၊ ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၇၁)ဖြင့် ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။

ကြေးမုံ The Mirror Established in 1957
၁၉၅၇ ခုနှစ် ဇန် တွင် စတင်ထုတ်ဝေသည်။

Gmail themirror.npt@gmail.com
www.facebook.com/themirrordaily

နေပြည်တော် - စာတည်းမှူး ၀၆၇-၃၆၁၂၆၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၂၈၊ ၀၆၇-၃၆၁၃၀၊ ဖက်စ် ၀၆၇-၃၆၁၁၁၊
ရန်ကုန်ရုံးခွဲ - အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁-၂၉၂၈၃၂
မန်နေဂျာ ၀၁-၈၆၁၀၆၈၅၊ စီမံ/ငွေစာရင်း ၀၁-၂၉၁၄၅၄၊ ဖြန့်ချိရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၃၉၇၇၃၀၊ ဖက်စ် ၀၁-၂၀၃၃၅၁

## ပြည်တွင်းရေးရာ

# အခြေခံပညာ ဆရာ ဆရာမများအား အရည်အချင်းမြှင့်တင်ရေးကိစ္စရပ်များ ရင်းနှီးပွင့်လင်းစွာ ဆွေးနွေး

**နေပြည်တော် ဩဂုတ် ၂၈**

နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါ်အောင်ဆန်းစုကြည်သည် International Commission on Financing Global Education Opportunity မှ ကော်မရှင်နာ ကိုရီးယားသမ္မတနိုင်ငံ ပညာရေး၊ သိပ္ပံနှင့်နည်းပညာဝန်ကြီးဟောင်း ပါမောက္ခ Ju-Ho Lee နှင့်အဖွဲ့အား ယနေ့ နံနက် ၁၀ နာရီတွင် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး၏ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။

တွေ့ဆုံစဉ် ပညာရေးကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးနှင့်ပတ်သက်၍ ကိုရီးယားသမ္မတနိုင်ငံ၏ ပညာရေးစနစ် အခြေအနေ၊ အခြေခံပညာ ဆရာ ဆရာမများအား အရည်အချင်းမြှင့်တင်ရေး၊ International Commission on Financing Global Education Opportunity အနေဖြင့် အကူအညီပေးနိုင်မည့် ကိစ္စရပ်များကို ရင်းနှီးပွင့်လင်းစွာဆွေးနွေးခဲ့ကြသည်။ **(သတင်းစဉ်)**



**နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် International Commission on Financing Global Education Opportunity မှ ကော်မရှင်နာ ကိုရီးယားသမ္မတနိုင်ငံ ပညာရေး၊ သိပ္ပံနှင့်နည်းပညာဝန်ကြီးဟောင်း ပါမောက္ခ Ju-Ho Lee နှင့်အဖွဲ့အား လက်ခံတွေ့ဆုံစဉ်။**

### ❖ ရှေ့ဖုံးမှ

ဆွေးနွေးပွဲသို့ အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် ငြိမ်းချမ်းရေးဗဟိုဌာန ဒုတိယဉက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီးဦးကျော်တင့်ဆွေ၊ ဒုတိယဝန်ကြီး ဦးခင်မောင်တင်၊ ဒုတိယဗိုလ်ချုပ်ကြီးရာပြည့်၊ ဒုတိယဗိုလ်ချုပ်ကြီး ထွန်းထွန်းနောင်၊ ဒုတိယဗိုလ်ချုပ်ကြီး တင်မောင်ဝင်း၊ ငြိမ်းချမ်းရေးကော်မရှင်အတွင်းရေးမှူး ဦးခင်ဇော်ဦး၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်ဦးအောင်စိုး၊ လွှတ်တော်အစုအဖွဲ့ ညီလာခံကိုယ်စားလှယ် ၁၅ ဦး၊ အစိုးရအစုအဖွဲ့ ညီလာခံကိုယ်စားလှယ် ၁၅ ဦး၊ တပ်မတော်အစုအဖွဲ့ ညီလာခံကိုယ်စားလှယ် ၁၅ ဦး၊ လွှတ်တော်၊ အစိုးရနှင့် တပ်မတော်အစုအဖွဲ့တို့မှ ပါဝင်သင့်ပါဝင်ထိုက်သူ ၁၈ ဦးနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် ငြိမ်းချမ်းရေးဗဟိုဌာန ဒုတိယဉက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီး ဦးကျော်တင့်ဆွေက အဖွင့်အမှာစကားပြောကြားရာတွင် ယခုကျင်းပသည့် စကားဝိုင်းဆွေးနွေးပွဲသည် ကျင်းပပြီးစီးခဲ့သည့် ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ-(၂၁) ရာစုပင်လုံ ဒုတိယအစည်းအဝေး၏ အတွေ့အကြုံများကို အခြေခံပြီး အားသာချက်၊ အားနည်းချက်များကို ဖော်ထုတ်ကာ နောက်တစ်ကြိမ်ကျင်းပမည့် တတိယအစည်းအဝေးအတွက် ကြိုတင်ပြင်ဆင်သင့်သည်များကို ဆွေးနွေးကြရန် ရည်ရွယ်ကျင်းပခြင်းဖြစ်ကြောင်း။

ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ-(၂၁)ရာစုပင်လုံသည် နိုင်ငံရေးပြဿနာများကို နိုင်ငံရေးနည်းဖြင့် စေ့စပ်ညှိနှိုင်းဖြေရှင်းနိုင်ရန် ရည်ရွယ်ကျင်းပသည့် နိုင်ငံရေးစားပွဲဝိုင်းပင်ဖြစ်ကြောင်း၊ မိမိတို့နိုင်ငံတွင် ခေတ်အဆက်ဆက် မပြီးဆုံး မချုပ်ငြိမ်းနိုင်သေးသည့် ပြည်တွင်းလက်နက်ကိုင် ပဋိပက္ခသည် နိုင်ငံရေးပြဿနာများကို မဖြေရှင်းနိုင်သဖြင့် ယနေ့အထိ ဖြစ်ပွားနေခြင်းဖြစ်သည်ဟု ဆိုကြပါကြောင်း၊ ယနေ့နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်ဦးဆောင်ပြီး နိုင်ငံရေးပြဿနာများကို နိုင်ငံရေးနည်းဖြင့်ဖြေရှင်းရန် ကြိုးစားလျက်ရှိပါကြောင်း၊ နိုင်ငံရေးပြဿနာများ၏ အဖြေမှာ အားလုံးသဘောတူ လက်ခံနိုင်သည့် ဖက်ဒရယ်စနစ်တည်ဆောက်ရေးဖြစ်သည်ဆိုသည်ကို အားလုံးက လက်ခံထားကြပါကြောင်း၊ ယနေ့ခေတ်ကျင်းပနေသည့် ညီလာခံသည် အားလုံးလက်ခံနိုင်သည့် ဖက်ဒရယ်ဆိုင်ရာအခြေခံမူများကို ဖော်ထုတ်နိုင်ရန် ကြိုးပမ်းနေခြင်းဖြစ်ပါကြောင်း။

သို့ဖြစ်၍ နိုင်ငံရေးဆွေးနွေးပွဲများ အောင်မြင်ရေးသည် မြန်မာနိုင်ငံ၏ ငြိမ်းချမ်းရေးကို အဆုံးအဖြတ်ပေးမည်ဖြစ်သကဲ့သို့ အားလုံးလက်ခံနိုင်သည့် ဖက်ဒရယ်ဆိုင်ရာ အခြေခံမူများ ပေါ်ထွက်လာရေးသည် မိမိတို့နိုင်ငံ၏ မျိုးဆက်သစ်များ၏ အနာဂတ်ကို ဖန်တီးပေးမည်ဖြစ်ပါကြောင်း၊ နိုင်ငံရေးဆွေးနွေးပွဲများ၏ အရေးပါမှုသည် နိုင်ငံတော်နှင့် ပြည်သူများ၏ အနာဂတ်ကိုပုံဖော်နိုင်သည် ဖြစ်၍ ယနေ့မိမိတို့အားလုံး ကြိုးပမ်းနေခြင်းဖြစ်ပါကြောင်း၊ ကျင်းပပြီးစီးခဲ့သည့် ညီလာခံဒုတိယအစည်းအဝေးတွင် ဖက်ဒရယ်ဆိုင်ရာ အခြေခံမူ ၃၇ ချက်ကို သဘောတူလက်မှတ်ရေးထိုးနိုင်ခဲ့ပါကြောင်း၊ ညီလာခံကျင်းပမှုပုံစံ၊ မူဘောင်၊ လုပ်ငန်းလမ်းညွှန်များနှင့်ပတ်သက်ပြီး ဝေဖန်မှုအများအပြားပေါ်ထွက်ခဲ့ပါကြောင်း၊ သို့သော်လည်း ၎င်းသည်မှာ မိမိတို့နိုင်ငံ၏သမိုင်းကြောင်းတွင် ပထမဆုံးသော နိုင်ငံရေးဆွေးနွေးပွဲဖြစ်ပါကြောင်း၊ ၎င်းပထမဆုံးသော နိုင်ငံရေးဆွေးနွေးပွဲတွင် ဖက်ဒရယ်ဆိုင်ရာအခြေခံမူများ သဘောတူညီနိုင်ခဲ့သည်မှာ လွယ်ကူလှသည့်လုပ်ငန်းစဉ် မဟုတ်ပါကြောင်း၊ အရေးကြီးသည့်ပထမဦးဆုံးခြေလှမ်းတစ်လှမ်းဖြစ်သည်ကို နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်ကိုယ်တိုင်ပြောကြားခဲ့ပြီး ဖြစ်ပါကြောင်း။

ယခုကျင်းပသည့် စကားဝိုင်းဆွေးနွေးပွဲသည် စတင်ခဲ့သည့် ခြေတစ်လှမ်း၏နောက်တွင် နောက်ထပ် ခြေလှမ်းများကို မိမိတို့မည်သို့ဆက်ပြီးလှမ်းကြမည်၊ ငြိမ်းချမ်းရေးနှင့် ဖက်ဒရယ်ခရီးကို မည်သို့သောခံယူချက်နှင့်လျှောက်လှမ်းကြမည် ဆိုသည်များအတွက် ကြိုတင်ပြင်ဆင်ကြသည့် ဆွေးနွေးပွဲပင် ဖြစ်ပါကြောင်း။

မိမိတို့အစိုးရအစုအဖွဲ့တွင် အစိုးရ၊ လွှတ်တော်နှင့် တပ်မတော်ဟူ၍ သုံးဖွဲ့ပါဝင်နေပါကြောင်း၊ အရေးကြီးသည့် မူဝါဒပိုင်းများတွင် ခေါင်းဆောင်များအပါအဝင် မိမိတို့ အချင်းချင်းကြိုတင်ဆွေးနွေးညှိနှိုင်းပြီး ဘုံရပ်တည်ချက် ရယူနိုင်ခဲ့သည့်တိုင် ညီလာခံဆွေးနွေးပွဲများ ရောက်သည့်အချိန်တွင် ကိုယ်စားလှယ်များ၏တစ်ဦးချင်း စဉ်းစားသုံးသပ်ဆွေးနွေးမှုများကြောင့် ဝိဝါဒကွဲလွဲမှုများ ဖြစ်ပေါ်လာခဲ့ခြင်းများရှိပါကြောင်း၊ အစိုးရဘက်ကို အရင်ညှိပါဦးဟု ထုတ်ဖော်ပြောကြားခဲ့ခြင်းများရှိပါကြောင်း၊ မိမိတို့အစုအဖွဲ့ သုံးဖွဲ့ကြားတွင် ပေါင်းစပ်ညှိနှိုင်းမှုများ အားဖြည့်ရန် လိုအပ်သည်မှာအမှန်ပင်ဖြစ်ပါကြောင်း၊ သို့ဖြစ်၍ လာမည့်ညီလာခံတတိယအစည်းအဝေးမတိုင်မီ မိမိတို့အချင်းချင်း ကျေကျေလည်လည် ဆွေးနွေးထားရန်၊ ယခုကတည်းက ဝိဝါဒကွဲပြားစရာများကို ကြိုတင်ငြင်းခုံဆွေးနွေးထားရန်လိုအပ်ပါကြောင်း၊ သို့ဖြစ်၍ ယခုစကားဝိုင်းဆွေးနွေးပွဲကို ကျင်းပရခြင်းဖြစ်ပါကြောင်း၊ မိမိတို့ညှိနှိုင်းရန်မှာ ပထမညီလာခံ၏ဖွဲ့စည်းတည်ဆောက်မှုအဆင့်ဆင့် Structure အပိုင်းရှိပါကြောင်း၊ ဒုတိယအနေဖြင့် နိုင်ငံရေးဆွေးနွေးမှုဆိုင်ရာမူဘောင် Framework အပိုင်းရှိပါကြောင်း၊ တတိယအနေဖြင့် ပြီးခဲ့သည့်ညီလာခံတွင် သဘောတူညီချက်မရခဲ့သည့်အခြေခံမူများ၊ နောက်လာမည့် ညီလာခံတွင် ပါဝင်သင့်သည့်အခြေခံမူများ အစရှိသည့် ဖက်ဒရယ်ဆိုင်ရာအခြေခံမူများ အပိုင်းရှိပါကြောင်း၊ ၎င်း(၃)ပိုင်းကို ကျေကျေလည်လည်ဖြစ်အောင် ဆွေးနွေးညှိနှိုင်းထားနိုင်မှသာ အစိုးရ၊ လွှတ်တော်၊ တပ်မတော် ပါဝင်သည့် အစိုးရအစုအဖွဲ့အနေဖြင့် ဘုံသဘောထား ရပ်တည်ချက်ဖြင့် ရပ်တည်နိုင်မည် ဖြစ်ပါကြောင်း။

နိဂုံးချုပ်အနေဖြင့် နိုင်ငံရေးဆွေးနွေးပွဲများတွင် တစ်စုတစ်ဖွဲ့တည်းက လိုချင်သည်များ ရာနှုန်းပြည့် အကုန်မရနိုင်ဘဲ အပေးအယူ၊ အလျှော့အတင်းများနှင့် ညှိနှိုင်းယူမှ အောင်မြင်နိုင်မည်ဆိုသည်ကို အလေးအနက်ပြောကြားလိုပါကြောင်း၊ မိမိတို့အချင်းချင်း ရရှိလာမည့် ဘုံသဘောထားများပင်လျှင် ညီလာခံရောက်လျှင် အလျှော့အတင်းနှင့် အပေးအယူလုပ်ရဦးမည်ဖြစ်ပါကြောင်း၊ သို့ဖြစ်၍ မိမိတို့အနေဖြင့် နိုင်ငံနှင့်ပြည်သူကို မျက်နှာမူသည့် နိုင်ငံရေးကို နှလုံးသွင်းကြပါရန် တိုက်တွန်းပြောကြားသည်။

ယင်းနောက် ငြိမ်းချမ်းရေးကော်မရှင် အတွင်းရေးမှူး ဦးခင်ဇော်ဦးက ငြိမ်းချမ်းရေးဖြစ်စဉ်သမိုင်းအကျဉ်း၊ ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ-(၂၁) ရာစုပင်လုံပထမအစည်းအဝေးနှင့် ဒုတိယအစည်းအဝေးများကျင်းပခဲ့မှု၊ တွေ့ကြုံခဲ့ရသည့် အားနည်းချက်၊ အားသာချက်များ၊ တတိယအစည်းအဝေးကျင်းပနိုင်ရေး အကောင်အထည်ဖော်ဆောင်ရွက်နေမှုအခြေအနေများကို ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ နိုင်ငံတော်အတိုင်ပင်ခံရုံးဝန်ကြီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးဇော်ဌေးက စကားဝိုင်းဆွေးနွေးပွဲကျင်းပမည့် အစီအစဉ်များ၊ ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ-(၂၁)ရာစုပင်လုံ ပထမအစည်းအဝေးနှင့် ဒုတိယအစည်းအဝေးများ ကျင်းပခဲ့မှုနှင့် တတိယအစည်းအဝေးကျင်းပနိုင်ရန်အတွက် ကဏ္ဍအလိုက် ကြိုတင်ပြင်ဆင်ဆောင်ရွက်ရန် လိုအပ်မှုအခြေအနေများကို ရှင်းလင်းတင်ပြပြီး ဖွင့်ပွဲအခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

ဖွင့်ပွဲအခမ်းအနားအပြီး ဖွဲ့စည်းတည်ဆောက်မှု ပြန်လည်သုံးသပ်ဆွေးနွေးခြင်း (Structure Review)ကို အဆိုပါအစည်းအဝေးခန်းမ၌ ဆက်လက်ကျင်းပရာ Structure Review (UPDJC, JICM, UPC) နှင့်စပ်လျဉ်း၍ လက်ရှိ Structure ၏ အားနည်းချက်၊ အားသာချက်များကိုလည်းကောင်း၊ အဖွဲ့ဝင်ဦးရေနှင့် ဆုံးဖြတ်ပိုင်ခွင့်ကိစ္စရပ်များကိုလည်းကောင်း၊ ဖော်ထုတ်တွေ့ရှိချက်များအရ Structure အကြံပြုချက်များကိုလည်းကောင်း ဆွေးနွေးကြသည်။

ထို့နောက် နိုင်ငံရေးကဏ္ဍ၊ စီးပွားရေးကဏ္ဍ၊ လူမှုရေးကဏ္ဍ၊ မြေယာ/သဘာဝပတ်ဝန်းကျင်ကဏ္ဍနှင့် လုံခြုံရေးကဏ္ဍဆွေးနွေးပွဲများကို အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့်ငြိမ်းချမ်းရေးဗဟိုဌာန (NRPC) ရှိ သတ်မှတ်နေရာများ၌ သီးခြားစီကျင်းပ၍ ဒုတိယအစည်းအဝေး ပြန်လည်သုံးသပ်ခြင်းနှင့်စပ်လျဉ်း၍ အဆိုပြုချက်များစုစည်းရာတွင် တွေ့ရှိရသည့် အခက်အခဲများကိုလည်းကောင်း၊ တင်ပြမည့် အဆိုပြုချက်များ ဖော်ထုတ်ရာတွင် တွေ့ရှိရသည့် အခက်အခဲများကိုလည်းကောင်း၊ ကဏ္ဍအလိုက် ဆွေးနွေးပွဲများတွင် သဘောတူညီမှုမရရှိခဲ့သော မူဝါဒအဆိုပြုချက်များအပေါ် ပြန်လည်သုံးသပ်ဆွေးနွေးခြင်းတို့ကိုလည်းကောင်း ဆွေးနွေးကြသည်။

ထို့ပြင် တတိယအစည်းအဝေးအတွက် ကြိုတင်ပြင်ဆင်ဆောင်ရွက်သင့်သည်များနှင့် စပ်လျဉ်း၍ အဆိုပြုလွှာများကဏ္ဍအလိုက် စုစည်းပြုစုခြင်းဆိုင်ရာများကိုလည်းကောင်း၊ အစည်းအဝေးသို့ တင်ပြသင့်သည့် အဆိုပြုချက်များ ထွက်ပေါ်လာရေးဆိုင်ရာ ကိစ္စရပ်များကိုလည်းကောင်း၊ တတိယအစည်းအဝေးအတွက် သုံးသပ်ခြင်းနှင့် စပ်လျဉ်း၍ လုပ်ငန်းကော်မတီများအလိုက် ပြင်ဆင်ဆောင်ရွက်ရန် ကိစ္စရပ်များကိုလည်းကောင်း ဆွေးနွေးကြသည်။

ညနေပိုင်းတွင် နိုင်ငံရေးကဏ္ဍ၊ စီးပွားရေးကဏ္ဍ၊ လူမှုရေးကဏ္ဍ၊ မြေယာ/သဘာဝပတ်ဝန်းကျင်ကဏ္ဍနှင့် လုံခြုံရေးကဏ္ဍအလိုက် ကျင်းပခဲ့သည့် ပထမနေ့ဆွေးနွေးပွဲရရှိမှုများကို ပြန်လည်သုံးသပ်ခြင်းဆွေးနွေးပွဲကို NRPC အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ-(၂၁) ရာစုပင်လုံဆိုင်ရာ ပြန်လည်သုံးသပ်ခြင်းနှင့် ကြိုတင်ပြင်ဆင်ခြင်း စကားဝိုင်းဆွေးနွေးပွဲကို ဩဂုတ် ၂၉ ရက်နှင့် ၃၀ ရက်တို့တွင် ဆက်လက်ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။ **(သတင်းစဉ်)**

## တရားမ အထွေထွေလျှောက်ထားမှု(စာချွန်တော်) ခြောက်မှု ရုံးထိုင်ကြားနာ

**နေပြည်တော် ဩဂုတ် ၂၈**

ပြည်ထောင်စုတရားလွှတ်တော်ချုပ် ပြည်ထောင်စုတရားသူကြီးချုပ် ဦးထွန်းထွန်းဦး၊ ပြည်ထောင်စုတရားလွှတ်တော်ချုပ် တရားသူကြီးများဖြစ်ကြသော ဦးမြသိမ်းနှင့် ဦးမြဟန်တို့ပါဝင်သည့် အပြီးသတ်ကြားနာဆုံးဖြတ်ရေးအဖွဲ့သည် ယနေ့နံနက် ၉ နာရီခွဲတွင် ပြည်ထောင်စုတရားလွှတ်တော်ချုပ်ရုံးခန်း အမှတ်(၁)၌ ရုံးထိုင်၍ တရားမအထွေထွေလျှောက်ထားမှု (စာချွန်တော်) ငါးမှုကို စီရင်ချက်ချမှတ်ခဲ့ပြီး တရားမအထွေထွေလျှောက်ထားမှု (စာချွန်တော်) (၆) မှုကို ရုံးထိုင်ကြားနာခဲ့ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

❐

## လေဖိအားနည်းရပ်ဝန်းဆက်လက်တည်ရှိ

ယနေ့ ညနေ ၆ နာရီခွဲအချိန် တိုင်းထွာချက်များအရ ဘင်္ဂလားပင်လယ်အော် အနောက်မြောက်ပိုင်းနှင့် ယင်းနှင့်ဆက်စပ်လျက်ရှိသော ဘင်္ဂလားပင်လယ်အော် အနောက်အလယ်ပိုင်းနှင့် အိန္ဒိယနိုင်ငံ ဩရိဿကမ်းခြေတို့တွင် ဖြစ်ပေါ်နေသော လေဖိအားနည်းရပ်ဝန်းသည် ဆက်လက်တည်ရှိနေကြောင်း မိုးလေဝသနှင့်ဇလဗေဒ ညွှန်ကြားမှုဦးစီးဌာနမှသိရသည်။ **(ကြေးမုံ)**

## အရင်းမပျောက်လည်ပတ်ရန်ပုံငွေများ ထုတ်ချေးနေမှုကွင်းဆင်းကြီးကြပ်

**သန်လျင် ဩဂုတ် ၂၈**

သန်လျင်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်တွင် မြစိမ်းရောင်ကျေးရွာစီမံကိန်း ဆောင်ရွက်ခွင့်ရရှိခဲ့သော ကံသာမြင့်ကျေးရွာနှင့် ဖားကူး(အနောက်)ကျေးရွာတို့၌ ကျေးရွာမြစိမ်းရောင် ရန်ပုံငွေကြီးကြပ်မှုကော်မတီဝင်များက အရင်းမပျောက်လည်ပတ်ရန်ပုံငွေများကို ကျေးရွာသူကျေးရွာသားများထံသို့ လုပ်ငန်းအမျိုးအစားများအလိုက် ပွင့်လင်းမြင်သာစွာဖြင့် ထုတ်ချေးနေမှုကို ဩဂုတ် ၂၃ ရက်နှင့် ၂၅ ရက်တို့တွင် သွားရောက်ကွင်းဆင်းကြီးကြပ် ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**(ကြေးမုံ)**

❐

# ထိပ်တိုက်ရင်ဆိုင်တွေ့မှုကို အမြန်ဆုံးအဆုံးသတ်ရန် အိန္ဒိယနှင့် တရုတ်နိုင်ငံတို့ သဘောတူညီ



**နယူးဒေလီ ဩဂုတ် ၂၈**
ပိုင်နက်နယ်မြေ အငြင်းပွားမှုရှိနေသည့် နယ်မြေဒေသအတွင်း အသီးသီးဖြန့်ကြက်ထားသော နှစ်ဖက်တပ်ဖွဲ့များအကြား ထိပ်တိုက်ရင်ဆိုင်တွေ့မှုကို အမြန်ဆုံး အဆုံးသတ်ရန် အိန္ဒိယနှင့်တရုတ်နိုင်ငံတို့ သဘောတူညီလိုက်ပြီဖြစ်ကြောင်း အိန္ဒိယနိုင်ငံခြားရေးဝန်ကြီးဌာနက ဩဂုတ် ၂၈ ရက်တွင် ထုတ်ပြန်ကြေညာသည်။

နှစ်နိုင်ငံနယ်စပ်ဒေသ၌ နှစ်လကျော်ကြာမျှ စစ်ရေးအရ တင်းမာမှု ဖြစ်ပေါ်ခဲ့ပြီးနောက် နှစ်ဖက်တပ်ဖွဲ့များ ရှေ့မတိုးသာ နောက်မဆုတ်သာ အခြေအနေတွင် ထိပ်တိုက်ရင်ဆိုင်တွေ့ခဲ့ကြမှုကိုအဆုံးသတ်ရန် သဘောတူညီခဲ့ကြသည်။ BRICS အဖွဲ့ဝင် နိုင်ငံများဖြစ်ကြသော ဘရာဇီး၊ ရုရှား၊ အိန္ဒိယ၊ တရုတ်နှင့် တောင်အာဖရိကနိုင်ငံများ၏ထိပ်သီးညီလာခံကို လာမည့်လတွင် တရုတ်နိုင်ငံ၌ ကျင်းပရန်စီစဉ်ထားချိန်တွင် ဒေသဆိုင်ရာတင်းမာမှုကို ဖြေလျှော့နိုင်ခြင်းဖြစ်သည်။

ဒေါ့ခလမ်ကုန်းမြင့်ဒေသရှိ နှစ်ဖက်တပ်ဖွဲ့ များအကြား ထိပ်တိုက်တွေ့မှုမရှိတော့ဟု ကြေညာချက်တွင် ဖော်ပြထားသော်လည်း နှစ်ဖက်တပ်ဖွဲ့များ ဆုတ်ခွာရမည့်စည်းမျဉ်းများနှင့် ပတ်သက်၍ အသေးစိတ်မသိရသေးပေ။

အိန္ဒိယက ယင်း၏ မဟာမိတ်ဘူတန်နှင့် တရုတ်နိုင်ငံတို့၏ နယ်စပ်ဒေသများအနီးရှိ ဒေါ့ခလမ်ကုန်းမြင့်ဒေသ၌ အိန္ဒိယနှင့် တရုတ်တပ်ဖွဲ့များကို ဖြန့်ကြက်ခဲ့ကြသည်။ ယခုအခါတွင်မူ သံတမန်ရေးအရ ညှိနှိုင်းဆွေးနွေးမှုများ ပြုလုပ်ခဲ့ပြီးနောက် တင်းမာမှု အဆုံးသတ်စေရေး လုပ်ဆောင်ကြရန် သဘောတူညီခဲ့ကြကြောင်း အိန္ဒိယနိုင်ငံခြားရေးဝန်ကြီးဌာန၏ ကြေညာချက်တွင် ဖော်ပြသည်။

**ရိုက်တာ။**

## ဂုရုကြီးတစ်ဦးအား ပြစ်ဒဏ်ချမှတ်လုနီးတွင် လုံခြုံရေးတပ်ဖွဲ့များကို အမြင့်ဆုံးတပ်လှန့်ထားရ

**နယူးဒေလီ ဩဂုတ် ၂၈**
အိန္ဒိယနိုင်ငံ၌ ဂုရုကြီးတစ်ဦးသည် အမျိုးသမီးနှစ်ဦးကို အဓမ္မပြုကျင့်မှု စွဲချက်ဖြင့် အမှုရင်ဆိုင်နေရပြီး တရားရုံးတော်က ပြစ်ဒဏ်စီရင်ချက် ချမှတ်ရန်ရှိနေစဉ် နိုင်ငံမြောက်ပိုင်းရှိ ပြည်နယ်များတွင် လုံခြုံရေးတပ်ဖွဲ့များကို အမြင့်ဆုံးတပ်လှန့်ထားကြောင်း ဒေသဆိုင်ရာသတင်းဌာနများက ဩဂုတ် ၂၈ ရက်တွင် သတင်းထုတ်ပြန်သည်။

ဂါမိရမ်ရာဟင်းဆင်းအမည်ရှိ ဂုရုကြီးသည် သူ၏ နောက်လိုက်နောက်ပါ အမျိုးသမီးနှစ်ဦးကို လိင်ပိုင်းဆိုင်ရာအရ စော်ကားခဲ့သည်ဟု ပြစ်မှုထင်ရှားတွေ့ရှိရကြောင်း တရားရုံးတော်က ဩဂုတ် ၂၅ ရက်တွင် ဆုံးဖြတ်ခဲ့သည်။ တရားရုံးတော်၏ ဆုံးဖြတ်ချက်ကို မကျေနပ်ကြသည့် ဂုရုကြီး၏ နောက်လိုက်နောက်ပါ လူထောင်ပေါင်းများစွာသည် ဟာယာနာပြည်နယ်ရှိ ပန်ကူလာနှင့် ဆာဆာမြို့ နှစ်မြို့တွင် ဆူပူသောင်းကျန်းခဲ့ကြပြီး အဓိကရုဏ်းများဖြစ်ပွားခဲ့ရာ လူပေါင်း ၃၈ ဦးအထိ သေဆုံးခဲ့ကြရသည်။

မိမိကိုယ်မိမိ ဂုရုကြီးအဖြစ် ဂုဏ်တင်ထားသူ ဆင်းသည် အသက် (၅၀) အရွယ်ရှိပြီး အမြင့်ဆုံးပြစ်ဒဏ်အဖြစ် ထောင်ဒဏ်တစ်သက်တစ်ကျွန်း ချမှတ်ခံရဖွယ်ရှိနေစဉ် သူ၏နောက်လိုက်နောက်ပါများက ဆူပူအုံကြွမှုများ ပြုလုပ်ခဲ့ကြသဖြင့် အိန္ဒိယမြောက်ပိုင်းဟာယာနာနှင့် ပန်ဂျပ်ပြည်နယ်တို့ရှိ နယ်မြေဒေသအများအပြားတွင် အာဏာပိုင်များက နေဝင်မီးငြိမ်းအမိန့်ထုတ်ပြန်ခဲ့ရပြီး မြို့တော်နယူးဒေလီမှာပင် လုံခြုံရေးကို တပ်လှန့်ထားခဲ့ရသည်။

ပြစ်ဒဏ်စီရင်ချက်ကို ကြားနာရန် ဂုရုကြီးအား တရားရုံးတော်သို့ ဆင့်ခေါ်ခြင်းမရှိဘဲ တရားသူကြီးတစ်ဦးက ဂုရုကြီးအား ထိန်းသိမ်းထားသည့် ရိုတက်အကျဉ်းထောင်သို့ သွားရောက်ကာ ၎င်း၏ ရှေ့မှောက်တွင် စီရင်ချက်ချမှတ်မည်ဖြစ်သည်။ **ရိုက်တာ။**

## အမေရိကန်လုပ် ကိုယ်ပျောက်တိုက်လေယာဉ်များ အစ္စရေးဝယ်ယူရန် သဘောတူညီချက် လက်မှတ်ထိုး

**ဂျေရုဆလင် ဩဂုတ် ၂၈**
အစ္စရေးနိုင်ငံသည် အမေရိကန်လုပ် ကိုယ်ပျောက်ဂျက်တိုက်လေယာဉ် ၁၇ စင်း ထပ်မံဝယ်ယူရေးအတွက် သဘောတူညီချက်တစ်ရပ်ကို လက်မှတ်ရေးထိုးလိုက်ကြောင်း ကာကွယ်ရေးဝန်ကြီးဌာန၏ ထုတ်ပြန်ကြေညာချက်ကို ကိုးကားလျက် ဒေသဆိုင်ရာသတင်းဌာနများက သတင်းထုတ်ပြန်သည်။

အက်ဖ်-၃၅ အမျိုးအစား ကိုယ်ပျောက် ဂျက်တိုက်လေယာဉ် အစင်း ၅၀ အထိ ဝယ်ယူရေးသဘောတူညီချက်၏ တစ်စိတ်တစ်ဒေသအဖြစ် စတဲအက်ဖ်-၃၅ တိုက်လေယာဉ် ၁၇ စင်းကို ဝယ်ယူရန် နှစ်နိုင်ငံ တာဝန်ရှိသူများ လက်မှတ်ရေးထိုးခဲ့ကြခြင်းဖြစ်သည်။

အမေရိကန်လုပ် ဂျက်တိုက်လေယာဉ်များ ဝယ်ယူရန် အစ္စရေးဝန်ကြီးအဖွဲ့က ၂၀၁၆ ခုနှစ် နိုဝင်ဘာလတွင် ဆုံးဖြတ်ချက် ချမှတ်ခဲ့ပြီးနောက် လွန်ခဲ့သည့် ရက်သတ္တပတ်ကုန်တွင် အမေရိကန်ပြည်ထောင်စု၌ သဘောတူညီချက်ကို လက်မှတ်ရေးထိုးခဲ့ကြကြောင်း အစ္စရေး ကာကွယ်ရေးဝန်ကြီးဌာနက ဩဂုတ် ၂၇ ရက်တွင် ထုတ်ပြန်သော ကြေညာချက်တွင် ဖော်ပြသည်။ **ဆင်ဟွာ။**



# အီရတ်အစိုးရတပ်ဖွဲ့များက ရှစ်ရက်ကြာထိုးစစ်ဆင်နွှဲခဲ့ပြီးနောက် တယ်လ်အဖာမြို့ကို အပြည့်အဝ လွတ်မြောက်နိုင်ခဲ့

**ဘဂ္ဂဒက် ဩဂုတ် ၂၈**
အီရတ်နိုင်ငံ တယ်လ်အဖာမြို့နှင့် အနီးဝန်းကျင်ဒေသတို့မှ အစ္စလာမ္မစ်နိုင်ငံတော်ထူထောင်ရေးအဖွဲ့(အိုင်အက်စ်)တို့ကို အစိုးရတပ်ဖွဲ့များက ရှစ်ရက်ကြာထိုးစစ်ဆင် တိုက်ခိုက်ခဲ့ပြီးနောက် အဆိုပါမြို့ကို အပြည့်အဝ ပြန်လည်လွတ်မြောက်စေနိုင်ခဲ့ပြီဖြစ်ကြောင်း အီရတ် တပ်မတော်က ဩဂုတ် ၂၇ ရက်တွင် ပြောကြားသည်။

အီရတ်တပ်မတော်မှ အမှတ်(၉)သံချပ်ကာတပ်မနှင့် ဟာဝှက်ရှာမီ အရန်တပ်ဖွဲ့များက တယ်လ်အဖာမြို့ အရှေ့မြောက်ဘက်တွင် ကပ်လျက်တည်ရှိသော အယ်လ်ရာမာကျေးရွာနှင့် စက်မှုလုပ်ငန်းလုပ်ကိုင်ရာ အယ်လ်အက်ရှ်ကာရီ အရပ်တို့ကို ပြန်လည်သိမ်းယူနိုင်ခဲ့ကြောင်း ပူးတွဲစစ်ဆင်ရေး လုပ်ငန်းများဌာနချုပ်(ဂျေအိုစီ)မှ ဗိုလ်ချုပ်အဗ္ဗဒယ်မီယာရာယာလာ၏ သတင်းထုတ်ပြန်ချက်တွင် ဖော်ပြသည်။

မိုဆူးမြို့၏ အနောက်ဘက် ကီလိုမီတာ ၇၀ အကွာရှိ တယ်လ်အဖာမြို့၏ နောက်ဆုံးကျန်ရှိနေသော အရပ်ဒေသများကို အစိုးရတပ်ဖွဲ့များက ပြန်လည်သိမ်းယူနိုင်ခဲ့ပြီးနောက် အဆိုပါမြို့ကို အပြည့်အဝ ပြန်လည်လွတ်မြောက်စေနိုင်ခဲ့ပြီဖြစ်ကြောင်း ကြေညာချက်တွင် ဖော်ပြသည်။

အီရတ်အစိုးရတပ်ဖွဲ့များနှင့် သံချပ်ကာယာဉ်များက တယ်လ်အဖာမြို့တွင်းရှိ အိုင်အက်စ်စစ်သွေးကြွများကို ချေမှုန်းကာ ၎င်းတို့ သိမ်းယူထားခဲ့သည့် နယ်မြေများကို ပြန်လည်သိမ်းပိုက်နိုင်ခဲ့သည်။

**-- ကျယ်ဝန်း --**

တယ်လ်အဖာမြို့၏ အကျယ်အဝန်းမှာ ၃၂၀၆ စတုရန်းကီလိုမီတာရှိပြီး တယ်လ်အဖာမြို့ကြီးနှင့် မြို့ငယ်သုံးခုတို့ ဆက်စပ်ပါဝင်သည်။ ယင်းသုံးမြို့အနက် တစ်မြို့မှာ ကာ့ဒ်လုံခြုံရေးတပ်ဖွဲ့များ၏ ထိန်းချုပ်မှုအောက်တွင် ရှိနေပြီး မြို့တစ်မြို့မှာ မကြာသေးမီရက်များအတွင်းက အိုင်အက်စ်လက်အောက်မှ လွတ်မြောက်ခဲ့ကြောင်း၊ ကျန်တစ်မြို့မှာမူ အိုင်အက်စ်စစ်သွေးကြွများလက်ဝယ်တွင် ရှိနေဆဲဖြစ်ကြောင်း သတင်းတွင် ဖော်ပြသည်။

တယ်လ်အဖာမြို့ ဒေသတစ်ဝန်းတွင် ကျေးရွာပေါင်း ၄၇ ရွာ တည်ရှိသည်။ တယ်လ်အဖာဒေသတွင် အဓိကလူများစုအဖြစ် ဆွန်နီနှင့် ရှီးယိုက် တာကိုမန်မျိုးနွယ်တို့ နေထိုင်ကြပြီး လူနည်းစုမျိုးနွယ်များအဖြစ် ကာ့ဒ်နှင့် အခြားမျိုးနွယ်စုများလည်းရှိသည်။

အီရတ်ဝန်ကြီးချုပ်လည်းဖြစ် လက်နက်ကိုင်တပ်ဖွဲ့များ၏ စစ်ဦးစီးချုပ်လည်းဖြစ်သူ ဟိုင်ဒါအယ်လ်ဘာဒီက ဩဂုတ် ၂၀ ရက်တွင် တယ်လ်အဖာနှင့် အနီးဝန်းကျင်ရှိ ဒေသများမှ အိုင်အက်စ်တို့ကို ထိုးစစ်ဆင်ပြီး ယင်းမြို့အားပြန်လည်သိမ်းယူပြီး ထိန်းချုပ်သွားမည်ဟု ကြေညာချက်ထုတ်ပြန်ခဲ့သည်။ **ဆင်ဟွာ။**



# သတ္တုသယံဇာတများအား စနစ်တကျ တူးဖော်ထုတ်လုပ်ထိန်းသိမ်းစောင့်ရှောက်ပေးပါရန် နိုင်ငံတော်အစိုးရအား တိုက်တွန်းကြောင်းအဆို သဘောတူ

**နေပြည်တော် ဩဂုတ် ၂၈**

စေတုတ္တရာ မဲဆန္ဒနယ်မှ ဦးကျော်အောင်လွင်၏ **"နိုင်ငံတော်နှင့် နိုင်ငံသားများပိုင်ဆိုင်သည့် ပေါကြွယ်ဝလှသော ကျောက်မျက်ရတနာများနှင့် တွင်းထွက် သတ္တုသယံဇာတများအား အနာဂတ်နိုင်ငံတော်နှင့် နောင်လာနောက်သားများ အရှည်သဖြင့် သုံးဆောင်ခံစားနိုင်ရေးအတွက် စနစ်တကျ တူးဖော်ထုတ်လုပ်ထိန်းသိမ်းစောင့်ရှောက်ပေးပါရန် နိုင်ငံတော်အစိုးရအား တိုက်တွန်းကြောင်း"** အဆိုကို လွှတ်တော်က သဘောတူကြောင်း ဆုံးဖြတ်ခဲ့သည်။

ယနေ့ ကျင်းပသည့် ပြည်သူ့လွှတ်တော် ပဉ္စမပုံမှန်အစည်းအဝေး (၅၁) ရက်မြောက်နေ့တွင် ယင်းအဆိုအား လွှတ်တော်က အတည်ပြုခဲ့ခြင်းဖြစ်သည်။

အဆိုနှင့်စပ်လျဉ်း၍ တပ်မတော်သားလွှတ်တော်ကိုယ်စားလှယ် ဗိုလ်မှူးမြတ်ကိုက ဥပဒေနှင့်မညီသည့် တရားမဝင် တူးဖော်မှုများ၊ ပြဋ္ဌာန်းထားသည့် တည်ဆဲဥပဒေများ၏ အားနည်းချက်များ၊ တရားဥပဒေစိုးမိုးမှု အားနည်းချက်များ၊ ကုမ္ပဏီများ၏ စည်းမျဉ်းစည်းကမ်းများအပေါ် လိုက်နာမှုအားနည်းချက်များ၊ ပူးပေါင်းကွင်းဆင်းစစ်ဆေးရေးအဖွဲ့များ၏ စစ်ဆေးကြပ်မတ်မှုအားနည်းချက်များကြောင့် တူးဖော်ရရှိလာသော သယံဇာတများသည် နည်းမျိုးစုံဖြင့် မှောင်ခိုဈေးကွက်များသို့ ရောက်ရှိသွားပြီး နိုင်ငံတော်အနေဖြင့် အခွန်ဘဏ္ဍာ အပြည့်အဝမရရှိဘဲ နစ်နာဆုံးရှုံးမှုများရှိပါကြောင်း။

ကုမ္ပဏီများနှင့် လုပ်ငန်းလုပ်ကိုင်ခွင့်စာချုပ်များချုပ်ဆိုရာတွင် လုပ်ကွက်အမျိုးအစားအလိုက် ဧရိယာအကျယ်အဝန်း သတ်မှတ်ချက်များ ထည့်သွင်းချုပ်ဆိုထားသော်လည်း မြေအောက်သို့ တူးဖော်ရမည့် အနက်အတိုင်းအတာ သတ်မှတ်ခြင်း မရှိသဖြင့် လုပ်ကွက်များတွင် တွင်းနက်ကြီးများဖြစ်ပေါ်လျက်ရှိပြီး သဘာဝပတ်ဝန်းကျင်ထိခိုက်မှုများစွာ ဖြစ်ပေါ်လျက်ရှိနေသောကြောင့် တွင်းအနက်အတိုင်းအတာကို သတ်မှတ်သင့်ပါကြောင်း။

သယံဇာတများသည် ပြန်လည်ဖြည့်တင်းနိုင်စွမ်းမရှိသည့် သုံးကုန်တွင်းထွက်များဖြစ်၍ လက်ရှိတူးဖော်မှုများမှရရှိသော အကျိုးအမြတ်များကို နောင်လာနောက်သားများ ရေရှည်အကျိုးခံစားခွင့်ရရှိစေမည့် ထိုက်သင့်သော ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများ အကောင်အထည်ဖော် လုပ်ဆောင်ပေးခြင်းများကိုလည်း စီမံဆောင်ရွက်ရမည်ဖြစ်ပါကြောင်း၊ ကျောက်မျက်ရတနာများနှင့် တွင်းထွက်သယံဇာတများသည် တရားဥပဒေစိုးမိုးမှုအားနည်းသော နေရာဒေသများတွင် ထွက်ရှိနေခြင်းကြောင့် ထိန်းချုပ်မှုကင်းမဲ့စွာ တူးဖော်လျက်ရှိနေသည်ကို ဝန်ကြီးဌာနအနေဖြင့် တိုင်းဒေသကြီး/ပြည်နယ်အစိုးရတို့က ထိထိရောက်ရောက် ကြပ်မတ်ဆောင်ရွက်ရန် လိုအပ်ပါကြောင်း၊ တရားဝင်တူးဖော်လုပ်ကိုင်နေသည့် လုပ်ကွက်များနှင့်လည်း ဥပဒေ၊ နည်းဥပဒေ၊ စာချုပ်ပါ စည်းကမ်းချက်များအတိုင်း တိတိကျကျ လိုက်နာဆောင်ရွက်ရေး တာဝန်ရှိသူများက စစ်ဆေးကြပ်မတ်ပြီး စည်းကမ်းဖောက်ဖျက်ပါက ထိရောက်စွာ အရေးယူဆောင်ရွက်သွားရန်နှင့် ဒေသခံပြည်သူများက ပူးပေါင်းဆောင်ရွက်သွားရန် လိုအပ်ပါကြောင်း ဆွေးနွေးသည်။

မင်းတုန်းမဲဆန္ဒနယ်မှ ဒေါ်ခင်သန်းနုက ပေါကြွယ်လှသည့် သယံဇာတများကို စနစ်တကျ ထုတ်လုပ်နိုင်ရန်၊ ကောင်းမွန်သည့် ဈေးကွက်ရရှိရန်၊ တိကျသည့် အခွန်ကောက်ခံနိုင်ရန်၊ ကျောက်မျက်ပညာအဆင့် တိုးတက်စေရန်နှင့် သားစဉ်မြေးဆက်အတွက် ထိန်းထားနိုင်ရန်စသည့် ရည်ရွယ်ချက်ကောင်းများကို တိကျခိုင်မာသည့်ဥပဒေဖြင့် ထိန်းကျောင်းရမည်ဖြစ်ပါကြောင်း၊ အနာဂတ်နိုင်ငံတော်နှင့် နောင်လာနောက်သားများ အရှည်သဖြင့် ခံစားနိုင်ရေးအတွက် လက်တွေ့ကျပြီး တိကျမှန်ကန်စွာဖြင့် ဟာကွက်မရှိသည့်ဥပဒေကို လက်တွေ့လုပ်ကိုင်နေသူ ဒေသခံများနှင့် ဆွေးနွေးတိုင်ပင်ပြီး အချိန်ယူရေးဆွဲသင့်ပါကြောင်း၊ ကျောက်မျက်ရတနာဥပဒေ၌ လက်တွေ့ကျပြီး လုပ်ငန်းရှင်များ စနစ်တကျ တူးဖော်ခြင်း၊ ပြန်လည်ထိန်းသိမ်းခြင်းကို ပြုလုပ်နိုင်ရန် စည်းမျဉ်းဥပဒေများပါရှိရန် လိုအပ်ပါကြောင်း၊ ကျောက်မျက်ရတနာနှင့် တွင်းထွက်သယံဇာတများကို သားစဉ်မြေးဆက် သုံးစွဲနိုင်ရန်အတွက် သယံဇာတ တူးဖော်သည့် စက်ယန္တရားကိုကန့်သတ်ရန် ဥပဒေတွင် တိတိကျကျ ပြဋ္ဌာန်းရန် လိုအပ်ပါကြောင်း ဆွေးနွေးသည်။


ပြည်ထောင်စုဝန်ကြီး
ဦးအုန်းဝင်း


စေတုတ္တရာမဲဆန္ဒနယ်မှ
ဦးကျော်အောင်လွင်

အလားတူ အရာတော်မဲဆန္ဒနယ်မှ ဒေါက်တာဦးခင်မောင်သင်း၊ ပြင်ဦးလွင်မဲဆန္ဒနယ်မှ ဒေါက်တာဦးအောင်ခင်၊ ဆားလင်းကြီးမဲဆန္ဒနယ်မှ ဦးဝင်းသိန်းဇော်၊ မိုင်းရှူး မဲဆန္ဒနယ်မှ ဦးစိုင်းထွန်းအေး၊ ခန္တီးမဲဆန္ဒနယ်မှ ဦးအောင်သန်းစိန်၊ မိုးညှင်းမဲဆန္ဒနယ်မှ ဒေါ်စန်းစန်းအိ၊ မိုးကောင်းမဲဆန္ဒနယ်မှ ဦးဝင်းနိုင်၊ မံစီမဲဆန္ဒနယ်မှ ဦးချင်းဖေလင်း၊ ဗန်းမော်မဲဆန္ဒနယ်မှ ဦးအောင်သိန်း၊ အင်ဂျန်းယန်မဲဆန္ဒနယ်မှ ဦးလမာနော်အောင်၊ ကန်ပက်လက်မဲဆန္ဒနယ်မှ ဦးစံခင်၊ ရွှေကူမဲဆန္ဒနယ်မှ ဦးဇာနည်မင်း၊ မိုးကုတ်မဲဆန္ဒနယ်မှ ဦးအောင်နိုင်(ခ) ဦးနိုင်ကျော်နှင့် မိုးမောက်မဲဆန္ဒနယ်မှ ဦးဝင်းအောင်တို့က ဆွေးနွေးကြသည်။

ဆွေးနွေးချက်များနှင့်စပ်လျဉ်း၍ သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအုန်းဝင်းက ဝန်ကြီးဌာနအနေဖြင့် ကျောက်မျက်ရတနာနှင့် သတ္တုတွင်းထွက်သယံဇာတများ အနာဂတ်နိုင်ငံတော်နှင့် နောင်လာနောက်သားများ အရှည်သဖြင့် အသုံးပြုနိုင်ရန် လိုအပ်သည့်အချိန်မှသာ ထုတ်လုပ်သုံးစွဲရန် နိုင်ငံတော်၏ အရန်သတ္တုသိုက် ပမာဏများထားရှိပြီး စနစ်တကျ ထိန်းသိမ်းဆောင်ရွက်လျက်ရှိပါကြောင်း၊ သို့ဖြစ်ပါ၍ ယခုအဆိုကို အတည်ပြုပေးသင့်ပါကြောင်း ပြန်လည်ရှင်းလင်းသည်။

ထို့ပြင် အစည်းအဝေးတွင် ဘီးလင်းမဲဆန္ဒနယ်မှ ဦးတင်ကိုကိုဦး၏ **ကုမ္ပဏီသို့ ငှားရမ်းထားသော ဘီးလင်းသကြားစက်ကို လည်ပတ်ရန် မည်ကဲ့သို့ စီမံဆောင်ရွက်နေသည်နှင့် ကြံစိုက်တောင်သူများ၏ ကြံများကိုမည်ကဲ့သို့ ဝယ်ယူပြီး အာမခံချက်မည်မျှပေးနိုင်မည်ဆိုသည့် မေးခွန်းနှင့်စပ်လျဉ်း၍** စက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်ချိုက စက်မှုဝန်ကြီးဌာနအနေဖြင့် ဘီးလင်းသကြားစက်နှင့် နောင်ရိုးကြံစိုက်ကွင်းမြေ ၁၃၂၅ ဒသမ ၀၆ ဧကအား Super One Dragon ကုမ္ပဏီသို့ တစ်နှစ်လျှင် ငှားရမ်းခငွေ ကျပ်သန်း ၂၅ သန်းဖြင့် ၂၀၁၅ ခုနှစ် နိုဝင်ဘာ ၁ ရက်မှစတင်ပြီး ငှားရမ်းဆောင်ရွက်ခဲ့ပါကြောင်း၊ ၂၀၁၅-၂၀၁၆ ခုနှစ် ကြံစိုက်ရာသီတွင် တောင်သူများက ၇၅ ဧကနှင့် နောင်ရိုးကြံစိုက်ကွင်းမှ ဧက ၂၀ ကို စိုက်ပျိုးနိုင်ခဲ့ပါကြောင်း။

၂၀၁၆-၂၀၁၇ ခုနှစ်တွင် ဘီးလင်းမြို့နယ်နှင့် ကျိုက်ထိုမြို့နယ်တို့မှ ကြံစိုက်ပျိုးသည့်ကျေးရွာ ၁၅ ရွာရှိ ကြံစိုက်ခင်းသစ်များ အပါအဝင် ဧက ၃၅၀ နှင့် စက်ရုံပိုင် နောင်ရိုးပိုင် ကြံစိုက်ကွင်းမှ ဧက ၁၅၀ ကို စိုက်ပျိုးထားရှိပါကြောင်း၊ ကုမ္ပဏီအနေဖြင့် ၂၀၁၆-၂၀၁၇ ခုနှစ် ကြံစိုက်ပျိုးရာသီအတွက် ကြံစိုက်ကျေးရွာ ၁၅ ရွာမှ တောင်သူ ၁၃၈ ဦးသို့ တစ်ဧကလျှင် ငွေကျပ် ၂၃၉၀၀၀ နှုန်းဖြင့် စာချုပ်ချုပ်ပြီး ကြိုတင်စိုက်ထုတ်ပေးခဲ့ရာ ထွန်ယက်လုပ်ငန်းအတွက် ငွေကျပ် ၉ ဒသမ ၇၂ သန်း၊ ဓာတ်မြေဩဇာအတွက် ငွေကျပ် ၅ ဒသမ ၆၁၀ သန်း၊ မျိုးကြံအတွက် ငွေကျပ် ၃၇ ဒသမ ၉၅၂ သန်း စိုက်ထုတ်ပေးခဲ့ပြီး ဖြစ်ပါကြောင်း။

ဝန်ကြီးဌာနပိုင် သကြားစက်အား ငှားရမ်းဆောင်ရွက်လျက်ရှိသည့် ကုမ္ပဏီအနေဖြင့် ကြံစိုက်တောင်သူများ အဆင်ပြေစေရန်အတွက် ၂၀၁၇-၂၀၁၈ ခုနှစ်တွင် တစ်ရက်တန် ၃၀၀ ကျ သကြားစက်ငယ်ကို လည်ပတ်သွားမည်ဖြစ်ပြီး ကြံစိုက်ဧက တိုးမြှင့်နိုင်ရေးအတွက် တစ်ရက်တန် ၁၅၀၀ ကျ သကြားစက်ကို လည်ပတ်နိုင်ရန် ပညာရှင်များဖြင့် ပြင်ဆင်ရန် ဆွေးနွေးလျက်ရှိပါကြောင်း ရှင်းလင်းဖြေကြားသည်။

ထို့ပြင် ရေဖြူမဲဆန္ဒနယ်မှ ဦးသက်နိုင်ဦး၏ **ထားဝယ်အထူးစီးပွားရေးဇုန်ကနဦးစီမံကိန်းလုပ်ငန်းများ မည်သည့်အချိန်တွင် စတင်မည်နည်း၊ စတင်မည့်ကနဦးစီမံကိန်းတွင် မည်သည့်လုပ်ငန်းများပါဝင်ပြီး မည်ကဲ့သို့ အကောင်အထည်ဖော်ဆောင်ရွက်မည်ကို သိလိုခြင်းမေးခွန်းနှင့်စပ်လျဉ်း၍** စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအောင်ထူးက ရှင်းလင်းဖြေကြားပြီး အုတ်တွင်းမဲဆန္ဒနယ်မှ ဒေါ်ချိုချို၏ **ပြည်တွင်း အသေးစား၊ အလတ်စားလုပ်ငန်း (SME)များ ယိုင်နဲ့ရပ်ဆိုင်းနှောင့်နှေးခြင်းများ မဖြစ်ပေါ်စေရန်နှင့် ပိုမိုဖွံ့ဖြိုးတိုးတက်ခိုင်မာစေရန်အတွက် လိုအပ်ချက်အရပ်ရပ်ကို ပံ့ပိုးကူညီပေးရန် အစီအစဉ် ရှိ၊ မရှိ မေးခွန်းနှင့်စပ်လျဉ်း၍** စက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်ချိုက ပြန်လည်ရှင်းလင်းဖြေကြားသည်။

**မျိုးမြင့်၊ မွေးကြူဇင် (သတင်းစဉ်)**

# နိုင်ငံခြားငွေ ဝယ်ယူရောင်းချလဲလှယ်ပေးသည့် ငွေလဲကောင်တာများကို နိုင်ငံတစ်ဝန်းလုံးတွင် ၁၃၄၅ ခု ဖွင့်လှစ်ခွင့်ပြုထားပြီးဖြစ်

**နေပြည်တော် ဩဂုတ် ၂၈**

မြန်မာနိုင်ငံတော်ဗဟိုဘဏ်သည် မိမိနိုင်ငံ၏ ငွေကြေးတန်ဖိုး မြင့်မားလာစေရေးနှင့် ပြည်တွင်း၌ အမေရိကန်ဒေါ်လာကို ကျယ်ပြန့်စွာ သုံးစွဲခြင်းကြောင့် ဖြစ်ပေါ်လာနိုင်သည့် Dollarization မဖြစ်စေရေးကို အဓိကရည်ရွယ်၍ နိုင်ငံခြားငွေဝယ်ယူရောင်းချ လဲလှယ်ပေးသည့် ငွေလဲကောင်တာများကို တိုင်းဒေသကြီးနှင့် ပြည်နယ်များအားလုံးတွင် ဖွင့်လှစ်ခွင့်ပြုခဲ့ရာ ဇူလိုင်လ ၇ ရက်အထိ နိုင်ငံတစ်ဝန်းလုံးတွင် ငွေလဲကောင်တာ ၁၃၄၅ ခု ဖွင့်လှစ်ခွင့်ပြုထားပြီးဖြစ်ကြောင်း မြန်မာနိုင်ငံတော်ဗဟိုဘဏ် ဒုတိယဥက္ကဋ္ဌ ဦးဘိုဘိုငယ်က ပြောကြားသည်။

ယနေ့ကျင်းပသည့် ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ပဉ္စမပုံမှန်အစည်းအဝေး (၅၀)ရက်မြောက်နေ့တွင် ကရင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၆)မှ ဒေါ်နန်းနီနီအေး၏ **မြန်မာ့ငွေကြေးအားကောင်းလာစေရန် နယ်စပ်မြို့များဖြစ်ကြသည့် မူဆယ်၊ တာချီလိတ်၊ မြဝတီ၊ ကော့သောင်း၊ တမူး စသည့် နယ်စပ်မြို့များတွင် တစ်ဖက်နိုင်ငံသုံး ငွေကြေးအစား မြန်မာကျပ်ငွေ သုံးစွဲရေး ဗဟိုဘဏ်မှ မည်ကဲ့သို့ စီမံဆောင်ရွက်နေသည်ကို သိရှိလိုခြင်း** မေးခွန်းနှင့်စပ်လျဉ်း၍ ဒုတိယဥက္ကဋ္ဌ ဦးဘိုဘိုငယ်က အထက်ပါအတိုင်း ပြန်လည်ရှင်းလင်းဖြေကြားခဲ့ခြင်းဖြစ်သည်။

ဆက်လက်၍ ဒုတိယဥက္ကဋ္ဌက ကရင်ပြည်နယ်နှင့် ရှမ်းပြည်နယ်တို့တွင် ထိုင်းနိုင်ငံနှင့် နယ်မြေဆက်စပ်လျက်ရှိသော ဒေသများ၌ ပို့ကုန်/သွင်းကုန်လုပ်ငန်းများ တိုးတက်ဖွံ့ဖြိုးလာစေရေးအတွက် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနက အမိန့်အမှတ် (၆/၂၀၀၀)အရ ပို့ကုန်/သွင်းကုန်လုပ်ငန်းများကို မြန်မာကျပ်ငွေ၊ အမေရိကန်ဒေါ်လာနှင့် ထိုင်းဘတ်ငွေများဖြင့် ဆောင်ရွက်ခွင့်ပြုခဲ့ပြီး မြန်မာ့စီးပွားရေးဘဏ်သည်လည်း မြန်မာ-ထိုင်းနယ်စပ်ဒေသရှိ ဘဏ်ခွဲများ၌ ပို့ကုန်/သွင်းကုန်လုပ်ငန်းများ ငွေပေးချေမှုအဆင်ပြေစေရန်အတွက် မြန်မာကျပ်ငွေ၊ ထိုင်းဘတ်ငွေနှင့် အမေရိကန်ဒေါ်လာ ငွေစာရင်းများကို ဖွင့်လှစ်ခွင့်ပြုပေးလျက်ရှိပါကြောင်း။

ထိုင်းနိုင်ငံနှင့် နယ်မြေဆက်စပ်လျက်ရှိသော ဒေသများတွင်သာမက ပြည်တွင်းရှိ အခြားဒေသများတွင်လည်း ထိုင်းဘတ်ငွေသုံးစွဲမှုလျော့ကျစေရေးအတွက် ထိုင်းနိုင်ငံသုံးဘတ်ငွေကို နိုင်ငံခြားငွေဝယ်ယူရောင်းချလဲလှယ်ပေးသည့် ငွေလဲကောင်တာများတွင် ကျပ်ငွေဖြင့်လဲလှယ်ပြီး သုံးစွဲနိုင်ရန် ခွင့်ပြုထားပြီးဖြစ်၍ ဘတ်ငွေအား ပြည်တွင်း၌ သုံးစွဲပါက အရေးယူဆောင်ရွက်သည့် အမိန့်များ ထုတ်ပြန်၍ ပြည်တွင်း၌ ဘတ်ငွေသုံးစွဲပါက အရေးယူဆောင်ရွက်သွားရမည်ဖြစ်ပါကြောင်း၊ အိန္ဒိယနိုင်ငံနှင့် တရုတ်နိုင်ငံ နယ်စပ်ဒေသများရှိ ငွေလဲကောင်တာများတွင် ယွမ်မင်ဘီနှင့် ရူပီးတို့အား ငွေလဲကောင်တာများတွင် တရားဝင်ဝယ်ယူရောင်းချလဲလှယ်ခွင့်ပြုနိုင်ရေး ပြင်ဆင်ဆောင်ရွက်လျက်ရှိပါကြောင်း။

မြန်မာနိုင်ငံတော်ဗဟိုဘဏ်သည် မိမိနိုင်ငံ၏ ငွေကြေးတန်ဖိုးမြင့်မားလာစေရေးနှင့် မြန်မာကျပ်ငွေဖြင့်သာ ပေးချေရေးကိစ္စအပေါ် အရေးယူဆောင်ရွက်မည့် အစီအစဉ်များချမှတ်၍ ပြည်သူလူထုသို့ ကြိုတင်အသိပေးခြင်း၊ သက်ဆိုင်ရာဝန်ကြီးဌာနများမှ မိမိနှင့်ဆက်စပ်လျက်ရှိသော လုပ်ငန်းများအား အရေးယူဆောင်ရွက်ခြင်း၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရအဖွဲ့တို့က မိမိတို့ဒေသအတွင်း အရေးယူဆောင်ရွက်ခြင်းစသည့် ပူးပေါင်းဆောင်ရွက်ခြင်းတို့အား လုပ်ဆောင်နိုင်ရန် စီမံထားရှိပါကြောင်း ဖြေကြားသည်။

ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၂)မှ ဦးတက်ထွန်းအောင်၏ **ရခိုင်ပြည်နယ် မြောက်ဦးခရိုင် မင်းပြားမြို့နယ် ကုလားမတောင်ကျေးရွာအုပ်စု ဇိုင်ချောင်းကျေးရွာအနီးတွင် တည်ရှိသော ဇိုင်ချောင်း ချောင်းကို တစ်ဖက်ပိတ်ဆည် တည်ဆောက်ပေးရန် အစီအစဉ် ရှိ၊ မရှိ** မေးခွန်းနှင့်စပ်လျဉ်း၍ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးလှကျော်က ဇိုင်ချောင်း ချောင်းသည် မင်းပြားမြို့နယ် ဇိုင်ချောင်းကျေးရွာ၏ အရှေ့မြောက်ဘက်တစ်မိုင်ခန့်အကွာတွင် တည်ရှိပြီး ရခိုင်ရိုးမမှ မြစ်ဖျားခံ၍ စီးဆင်းလျက်ရှိရာ လေးမြို့မြစ်၏ လက်တက်တစ်ခုဖြစ်သော ပန်းမြောင်းကြီးချောင်းထဲသို့ စီးဝင်လျက်ရှိပြီး မိုးရာသီတွင် ရေစီးအားများသော ချောင်းတစ်ခုဖြစ်ပါကြောင်း၊ ဒေသ၏ ရေမြေရာသီဥတုအခြေအနေအရ ရေချိုအရင်းအမြစ်ရှားပါးသောကြောင့် မိုးရေကိုသာ အဓိကအားထားနေရပြီး နွေရာသီတွင် စိုက်ပျိုးရေ၊ သောက်သုံးရေ ရှားပါးသည့်အခက်အခဲနှင့် တွေ့ကြုံလျက်ရှိပါကြောင်း။


မဲဆန္ဒနယ်အမှတ်(၆)မှ
ဒေါ်နန်းနီနီအေး


ဗဟိုဘဏ်ဒုတိယဥက္ကဋ္ဌ
ဦးဘိုဘိုငယ်

၂၀၁၅ ခုနှစ် မိုးရာသီတွင် ကိုမန်ဆိုင်ကလုန်းမုန်တိုင်း၏ အရှိန်ကြောင့် လေးမြို့မြစ်မှ ရေကြီးရေလျှံ၍ မင်းပြားမြို့နှင့် ကျေးရွာများ ရေကြီးရေလျှံမှုဖြစ်ပေါ်ခဲ့ကြောင်း၊ မြို့နယ်အတွင်းရှိ ကျေးရွာအများအပြားသည်လည်း မဟာဓာတ်အားလိုင်းမှ လျှပ်စစ်ဓာတ်အားရရှိရန် အလှမ်းမမီသော အခြေအနေတွင် ရှိပါကြောင်း၊ ထို့ကြောင့် ဇိုင်ချောင်းရေလှောင်တမံတည်ဆောက်နိုင်ပါက မင်းပြားမြို့နယ်အတွင်းရှိ ကျေးရွာများ စိုက်ပျိုးရေ၊ သောက်သုံးရေ ဖူလုံစွာရရှိပြီး လေးမြို့မြစ် ရေကြီးရေလျှံမှုမှ လျော့ပါးသက်သာစေမည့်အပြင် ရေအားလျှပ်စစ်လည်း

**စာမျက်နှာ ၆ ကော်လံ ၁ သို့**

# နှစ်နိုင်ငံလွှတ်တော်ချင်း ချစ်ကြည်ရေးမြှင့်တင်ပြီး ချစ်ကြည်ရေးပိုမိုခိုင်မြဲစေရေးနှင့် ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာကိစ္စရပ်များ ဆွေးနွေး



**နေပြည်တော် ဩဂုတ် ၂၈**

အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ မန်းဝင်းခိုင်သန်းသည် ဂျပန်-မြန်မာလွှတ်တော်ချင်း ချစ်ကြည်ရင်းနှီးရေးအသင်း အထွေထွေအတွင်းရေးမှူး၊ ဂျပန်အောက်လွှတ်တော် အမတ် H.E. Mr. Kozo YAMAMOTO နှင့် အဖွဲ့အား ယနေ့မွန်းလွဲ ၂ နာရီတွင် နေပြည်တော်ရှိ အမျိုးသားလွှတ်တော် ဧည့်ခန်းမဆောင်၌ လက်ခံတွေ့ဆုံသည်။

**ဆွေးနွေး**

တွေ့ဆုံစဉ် လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ ကိစ္စရပ်များ၊ နှစ်နိုင်ငံလွှတ်တော်ချင်း ချစ်ကြည်ရေးမြှင့်တင်ပြီး နှစ်နိုင်ငံချစ်ကြည်ရေး ပိုမိုခိုင်မြဲစေရေးနှင့် ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာကိစ္စရပ်များကို ဆွေးနွေးခဲ့ကြသည်။

တွေ့ဆုံပွဲသို့ အမျိုးသားလွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးအေးသာအောင်၊ အမျိုးသားလွှတ်တော် မြန်မာ-ဂျပန် လွှတ်တော်ချင်း ချစ်ကြည်ရင်းနှီးရေးအသင်း အဖွဲ့ဝင်များနှင့် အမျိုးသားလွှတ်တော်ရုံးမှ တာဝန်ရှိသူများ တက်ရောက်ကြသည်။ **(သတင်းစဉ်)**

❐ **စာမျက်နှာ ၅ မှ**

အထိုက်အလျောက် ထုတ်လုပ်နိုင်မည်ဖြစ်ပါကြောင်း၊ သို့ဖြစ်ပါ၍ လတ်တလော ဆောင်ရွက်ပေးနိုင်ခြင်းမရှိသော်လည်း စူးစမ်းလေ့လာမှု ဆောင်ရွက်ပြီးနောက် ရေလှောင်တမံတည်ဆောက်ရန် ဖြစ်မြောက်နိုင်စွမ်းရှိပြီး ကုန်ကျစရိတ်နှင့် အကျိုးအမြတ် တွက်ခြေကိုက်မှုနှင့် အမှန်တကယ်အကျိုးဖြစ်ထွန်းမှုရှိပါက ဒီဇိုင်းပုံစံပြုစုကာ ခန့်မှန်းကုန်ကျငွေတွက်ချက်ပြီး လိုအပ်ရန်ပုံငွေကို တင်ပြတောင်းခံ၍ ရန်ပုံငွေရရှိမှုအပေါ် အခြေခံပြီး ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း ဖြေကြားသည်။

ထို့နောက် ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၅)မှ ဦးဘမျိုးသိန်းနှင့် မဲဆန္ဒနယ်အမှတ်(၂)မှ ဦးဌေးဦးတို့၏ မေးခွန်းတို့နှင့်စပ်လျဉ်း၍ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကျော်မျိုးနှင့် မြန်မာနိုင်ငံတော်ဗဟိုဘဏ် ဒုတိယဥက္ကဋ္ဌ ဦးဘိုဘိုငယ်တို့က ပြန်လည်ရှင်းလင်းဖြေကြားကြသည်။

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ရေလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးကော်မတီ အတွင်းရေးမှူး ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၁)မှ ဒေါက်တာဝင်းမြင့်၏ **မြန်မာနိုင်ငံ၏ ငါးနှင့်ရေလုပ်ငန်း ရေရှည်ဖွံ့ဖြိုးတိုးတက်ရေး၊ ငါးနှင့်ရေသယံဇာတများ ထိန်းသိမ်းကာကွယ်ရေး၊ ပြည်တွင်းစားသုံးမှုဖူလုံပြီး နိုင်ငံခြားဝင်ငွေ တိုးတက်ရရှိရေး၊ အလုပ်အကိုင်အခွင့်အလမ်းများ ပိုမိုရရှိရေး၊ ကျေးလက်စီးပွားဖွံ့ဖြိုးပြီး ဆင်းရဲမှုလျှော့ချရေး၊ ငါးလုပ်ငန်းဆိုင်ရာ သုတေသနများ၊ ပညာပေးလုပ်ငန်းများနှင့် လူသားအရင်းအမြစ်များ ဖွံ့ဖြိုးတိုးတက်ရေးတို့အတွက် ပြီးပြည့်စုံသော ငါးလုပ်ငန်းဆိုင်ရာ တက္ကသိုလ်ကြီးတစ်ခု(Fishery University)ဖွင့်လှစ်ပေးပါရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်း** အဆိုကို လွှတ်တော်ကိုယ်စားလှယ်များက ဆွေးနွေးကြသည်။

ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၅)မှ ဦးမောင်မောင်အုန်းက ယခုအဆိုတွင် အုပ်စုနှစ်ခုတွေ့ရပါကြောင်း၊ ရေရှည်လုပ်ရမည့် အလုပ်ဖြစ်သည့်အတွက် အချိန်နှင့်ပညာရှင်များ လိုအပ်ပါကြောင်း၊ သုတေသနအတွက် တီထွင်ဖန်တီးမှုလည်း လိုအပ်ပါကြောင်း၊ တက္ကသိုလ်ဖြစ်သည့်အတွက် အချိန်လေးငါးနှစ်ယူရမည်ဖြစ်ပါကြောင်း၊ ငါးမွေးမြူခြင်း၏ ရလဒ်ကောင်းကို ပြည်သူများရရှိပြီးမှသာ ပြီးပြည့်စုံသည့် တက္ကသိုလ်ကြီးဖွင့်လှစ်သင့်သည်ဟု အကြံပြုလိုပါကြောင်း။

ငါးလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရန်အတွက် လိုအပ်ချက်မှာ ဥပဒေဆိုင်ရာပင်ဖြစ်ပါကြောင်း၊ တည်ဆဲဥပဒေများနှင့်အညီ ငါးမွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူများ လုပ်ပိုင်ခွင့်များရရှိအောင် လုပ်ဆောင်ပေးရန်လိုအပ်ပါကြောင်း၊ လယ်ယာမြေဥပဒေ၊ မြေလွတ်၊ မြေရိုင်းဥပဒေများနှင့်အညီ လွယ်ကူစွာ ဆောင်ရွက်နိုင်ရန်အတွက် လုပ်ငန်းဆိုင်ရာအဟန့်အတားကန့်သတ်ချက်ကို ဖြေလျှော့ပေးရန်လိုအပ်ပါကြောင်း၊ ငါးတက္ကသိုလ်မဖွင့်မီ နိုင်ငံခြားပညာတော်သင်များစေလွှတ်ခြင်း၊ ကမ်းရိုးတန်းများတွင်ရှိသော ဒေသကြီးများရှိ တက္ကသိုလ်၊ ကောလိပ်များတွင် ငါးပညာနှင့်ပတ်သက်သည်များကို သင်ကြားရန်လိုအပ်ပါကြောင်း ဆွေးနွေးသည်။

ယင်းအဆိုနှင့်စပ်လျဉ်း၍ တနင်္သာရီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၂)မှ ဦးခင်မျိုးဝင်း၊ စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၇)မှ ဦးခင်မောင်ဝင်းနှင့် ကချင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၁)မှ ဒေါက်တာခွန်ဝင်းသောင်းတို့က ဆက်လက်ဆွေးနွေးကြသည်။

ထို့နောက် အဆိုနှင့်စပ်လျဉ်း၍ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးလှကျော်က ပြန်လည်ရှင်းလင်း ဆွေးနွေးသည်။

ယင်းနောက် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက အဆိုနှင့်စပ်လျဉ်း၍ လွှတ်တော်၏အဆုံးအဖြတ်ကို စက်ခလုတ်အသုံးပြု၍ရယူရာ ထောက်ခံမဲ ၁၃၉ မဲ၊ ကန့်ကွက်မဲ ၃၇ မဲ၊ ကြားနေမဲ ၄ မဲဖြင့် ထောက်ခံမဲများသည့်အတွက် ဒေါက်တာဝင်းမြင့်၏အဆိုကို အတည်ပြုကြောင်း ကြေညာသည်။

ယနေ့အစည်းအဝေးတွင် ပြည်သူတို့၏ တိုင်ကြားစာဆိုင်ရာကော်မတီတွင် အဖွဲ့ဝင်နေရာ အစားထိုးပြင်ဆင်ဖွဲ့စည်းခြင်းကို အမျိုးသားလွှတ်တော်သို့ တင်ပြခြင်းနှင့် အတည်ပြုချက်ရယူခြင်းတို့ကို ဆောင်ရွက်ကြသည်။

**အောင်ရဲသွင်၊ အေးအေးသန့်(သတင်းစဉ်)**

❐



# ၂၀၁၇ ခုနှစ်၊ အပြည်ပြည်ဆိုင်ရာဒီမိုကရေစီနေ့အခမ်းအနားကျင်းပရေး ဦးစီးကော်မတီနှင့် လုပ်ငန်းကော်မတီများ လုပ်ငန်းညှိနှိုင်းအစည်းအဝေး ကျင်းပ

**နေပြည်တော် ဩဂုတ် ၂၈**

၂၀၁၇ ခုနှစ် အပြည်ပြည်ဆိုင်ရာဒီမိုကရေစီနေ့ (International Day of Democracy 2017) အခမ်းအနားကျင်းပရေးအတွက် ဦးစီးကော်မတီနှင့် လုပ်ငန်းကော်မတီများ၏ ဒုတိယအကြိမ် လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့ ညနေ ၃ နာရီက နေပြည်တော်ရှိ ပြည်ထောင်စုလွှတ်တော် ပြည်သူ့ငွေစာရင်းပူးပေါင်းကော်မတီအစည်းအဝေးခန်းမ၌ကျင်းပရာ ကျင်းပရေးဦးစီးကော်မတီနာယကများဖြစ်ကြသည့် ပြည်ထောင်စုလွှတ်တော် ဒုတိယနာယက ဦးအေးသာအောင်၊ ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးတီခွန်မြတ်၊ ဦးစီးကော်မတီဥက္ကဋ္ဌ ဒေါက်တာသန်းဝင်းနှင့် ကျင်းပရေးဦးစီးကော်မတီအဖွဲ့ဝင်များ၊ လုပ်ငန်းကော်မတီအဖွဲ့ဝင်များ၊ လွှတ်တော်ရုံးများမှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

အခမ်းအနားတွင် ပြည်ထောင်စုလွှတ်တော် ဒုတိယနာယက ဦးအေးသာအောင်က စက်တင်ဘာ ၁၅ ရက်တွင် ကျရောက်မည့် အပြည်ပြည်ဆိုင်ရာဒီမိုကရေစီနေ့အခမ်းအနားကို ပြည်ထောင်စုလွှတ်တော်အနေဖြင့် ၂၀၁၁ ခုနှစ်မှစ၍ နှစ်စဉ်ကျင်းပခဲ့ပြီး ယခုနှစ်တွင်လည်း ဥပဒေပြုရေး၊ အုပ်ချုပ်ရေးနှင့် တရားစီရင်ရေးဆိုင်ရာ ပြည်ထောင်စုအဆင့်အဖွဲ့အစည်းများ၊ နိုင်ငံရေးပါတီများ၊ အစိုးရမဟုတ်သော ပြည်တွင်းပြည်ပအဖွဲ့များနှင့် သံတမန်များအား ဖိတ်ကြားရန်စီစဉ်ထားရှိမှု၊ အခမ်းအနားအောင်မြင်စွာ ကျင်းပနိုင်ရေးအတွက် လုပ်ငန်းကော်မတီများအလိုက် ကြိုတင်ဆောင်ရွက်ထားရှိမှုများကို အားရကျေနပ်ကြောင်း၊ ပြည်သူ့လွှတ်တော်ဒုတိယဥက္ကဋ္ဌ ဦးတီခွန်မြတ်ကလည်း အခမ်းအနားကို အပြည်ပြည်ဆိုင်ရာပါလီမန်များသမဂ္ဂ (IPU)မှ သတ်မှတ်ထားသည့် "ဒီမိုကရေစီရှင်သန်ဖို့ ပူးပေါင်းကာကွယ်စို့"(In Defense of Democracy) ဆောင်ပုဒ်နှင့်အညီ လွှတ်တော်ဝင်း သဘင်ဆောင်၌ ကျင်းပမည်ဖြစ်ကြောင်း ပြောကြားသည်။

ဆက်လက်၍ လုပ်ငန်းကော်မတီများဖြစ်သည့် ဖိတ်ကြားရေးနှင့် ကြိုဆိုနေရာချထားရေးလုပ်ငန်းကော်မတီ၊ စာတမ်း၊ မှတ်တမ်းနှင့် ပြန်ကြားရေးလုပ်ငန်းကော်မတီ၊ အခမ်းအနားပြင်ဆင်ရေး၊ ဖျော်ဖြေရေးနှင့်ဧည့်ခံကျွေးမွေးရေးလုပ်ငန်းကော်မတီ၊ လွှတ်တော်ရေးရာ ဉာဏ်စမ်းပဟေဠိပြိုင်ပွဲကျင်းပရေးလုပ်ငန်းကော်မတီနှင့် လုံခြုံရေးလုပ်ငန်းကော်မတီတို့က ဆောင်ရွက်ထားရှိမှုနှင့် ဆက်လက်ဆောင်ရွက်မည့် အစီအမံများကို တင်ပြဆွေးနွေးကြသည်။ **(သတင်းစဉ်)**

# အမျိုးသားစာပေဆုရ စာရေးဆရာကြီးလင်းယုန်သစ်လွင် နှစ်(၁၀၀)ပြည့် အထိမ်းအမှတ်အခမ်းအနား ကျင်းပ

**ရန်ကုန် ဩဂုတ် ၂၈**

အမျိုးသားစာပေဆုရ စာရေးဆရာကြီး လင်းယုန်သစ်လွင် နှစ်(၁၀၀)ပြည့် အထိမ်းအမှတ်အခမ်းအနားကို ဩဂုတ် ၂၇ ရက် နံနက် ၉ နာရီက ဧရာဝတီတိုင်းဒေသကြီး ညောင်တုန်းမြို့ ကျွန်းထိပ်ပိုင်း အခြေခံပညာမူလတန်းကျောင်းခန်းမ၌ ကျင်းပသည်။

အဆိုပါ အခမ်းအနားတွင် လင်းယုန်သစ်လွင် စာပေထိန်းသိမ်းရေးကော်မတီ ဒုတိယဥက္ကဋ္ဌ ဆရာမောင်ငြိမ်းသူ (ကြို့ပင်ကောက်)က အမှတ်တရစကား ပြောကြားပြီး အတွင်းရေးမှူး ဆရာဦးအေးချို (မဟာဝိဇ္ဇာ)က ရာပြည့်အမှတ်တရ မုဒိတာစကား ပြောကြားသည်။

ထို့နောက် ဆရာကြီးလင်းယုန်သစ်လွင်အတွက် ဂုဏ်ပြုကဗျာကို ဆရာမောင်မိုးလှိုင် (သစ္စာမြေ)က ရွတ်ဆိုပူဇော်ပြီး လင်းယုန်သစ်လွင် စာပေထိန်းသိမ်းရေး ကော်မတီ အဖွဲ့ဝင် ဆရာနန္ဒာမိုးကြယ်က ရာပြည့် စာအုပ်ထုတ်ဝေခြင်း အမှတ်တရ စကားပြောကြားသည်။

ထို့နောက် ကျွန်းထိပ်ပိုင်း အခြေခံပညာမူလတန်းကျောင်း ကျောင်းအုပ်ဆရာမကြီး ဒေါ်သီတာက မုဒိတာစကားပြောကြားပြီး တွဲဖက်အတွင်းရေးမှူး ကာတွန်းကြည်ဝင်းက ရာပြည့်ပွဲ ကျင်းပရခြင်းနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားသည်။

အခမ်းအနားသို့ တက်ရောက်ကြသော စာရေးဆရာများအား နေ့လယ်စာဖြင့်လည်းကောင်း၊ တေးသံသာများဖြင့်လည်းကောင်း ဧည့်ခံခဲ့ကြောင်း သိရသည်။

**(မောင်လွမ်းရည်)**

❐

# မော်လမြိုင်မြို့နယ် မြစိမ်းရောင်ရန်ပုံငွေ ကြီးကြပ်မှုကော်မတီဝင်များအား သင်တန်းပို့ချ

**မော်လမြိုင် ဩဂုတ် ၂၈**

မွန်ပြည်နယ် မော်လမြိုင်မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကျေးလက်နေပြည်သူများ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် အခြားအသက်မွေးဝမ်းကျောင်းလုပ်ငန်းများကို အတိုးနှုန်းသက်သာစွာဖြင့် ဆောင်ရွက်ပြီးနောက် ရရှိလာသောအတိုးများမှ မိမိကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများဖြစ်သည့် လမ်း၊ တံတား၊ ရေပေးရေး၊ မီးလင်းရေး၊ ပညာရေး၊ ကျန်းမာရေးစသော လုပ်ငန်းများတွင် အကောင်အထည်ဖော် ဆောင်ရွက်နိုင်စေရန် ရည်ရွယ်၍ မြစိမ်းရောင်ကျေးရွာစီမံကိန်း ရန်ပုံငွေအဖြစ် ကျေးရွာတစ်ရွာလျှင် သိန်း ၃၀၀ ဖြင့် ကျေးရွာ ၁၀ ရွာ၌ အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည်။

၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ် စီမံကိန်းလုပ်ငန်းများ စနစ်တကျ အကောင်အထည်ဖော်နိုင်ရန်အတွက် သံကပိုင်ကျေးရွာနှင့် ကော့ခမယ်ကျေးရွာ မြစိမ်းရောင်ကျေးရွာစီမံကိန်းကော်မတီဝင်များ၏ စွမ်းဆောင်ရည်မြင့်မားစေရန် မြစိမ်းရောင်ငွေစာရင်း ထိန်းသိမ်းနည်းသင်တန်းကို မော်လမြိုင်မြို့နယ် ကျေးလက်ဦးစီးဌာန ရုံးဝန်ထမ်းများက သင်တန်းပို့ချခဲ့ကြောင်း သိရသည်။

**(ကြေးမုံ)**

စာအုပ်စာပေ လူ့မိတ်ဆွေ

# နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုနှင့် စတော့ဈေးကွက်ရင်းနှီးမြှုပ်နှံမှု

## မောင်မျိုးချစ်(စီးပွားရေးတက္ကသိုလ်)

စီးပွားရေးလုပ်ငန်းတစ်ရပ်ကို တည်ထောင်ရာတွင် ငွေအရင်းအနှီးလိုအပ်သည်မှာ အမှန်ပင်ဖြစ်လေသည်။ နိုင်ငံ၏စီးပွားရေးကို တည်ဆောက်ရာတွင်လည်းကောင်း၊ မြှင့်တင်ရာတွင်လည်းကောင်း ငွေအရင်းအနှီး လိုအပ်သည်ဖြစ်သည်။ နိုင်ငံတစ်ခုလုံး၏ စီးပွားရေးနှင့်စပ်ဆိုင်သည်ဖြစ်၍ မိမိ၏ပြည်တွင်းမှ ကိုယ်ပိုင်အရင်းအနှီးလိုအပ်သလို နိုင်ငံခြားမှ ရင်းနှီးမြှုပ်နှံမှု ငွေပင်ငွေရင်းများ လိုအပ်သည်ဖြစ်ပါသည်။ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုနှင့်အတူ နည်းပညာတို့လည်း လိုအပ်သည်ဖြစ်ပါသည်။

ပြည်ပငွေပင်ငွေရင်းများသည် အများသိပြီးဖြစ်သည့် နိုင်ငံတကာမှ ရင်းနှီးမြှုပ်နှံမှုများဖြစ်ပါသည်။ နိုင်ငံတကာမှ ရင်းနှီးမြှုပ်နှံမှုများကို နိုင်ငံခြားတိုက်ရိုက်ရင်းနှီးမြှုပ်နှံမှု (FDI) အဖြစ် သိရှိထားကြပြီးဖြစ်ပါသည်။ နိုင်ငံခြားတိုက်ရိုက်ရင်းနှီးမြှုပ်နှံမှုများ စီးဝင်ရောက်ရှိလာသည့်အခါ ရင်းနှီးမြှုပ်နှံသည့် စီးပွားရေးကဏ္ဍအလိုက် နည်းပညာများလည်း ရရှိတတ်ပါသည်။

နိုင်ငံခြားတိုက်ရိုက်ရင်းနှီးမြှုပ်နှံမှုများသည် စီးပွားရေးလုပ်ငန်းများဖြစ်သည့် လမ်းပန်းအခြေခံဆောက်လုပ်ရေးလုပ်ငန်းများ၊ ကုန်ထုတ်လုပ်မှုလုပ်ငန်းများ၊ ငွေကြေးဝန်ဆောင်မှုလုပ်ငန်းများ၊ ရေနံနှင့် ဓာတ်သတ္တုရှာဖွေရေးလုပ်ငန်းများစသည်တို့တွင် ရင်းနှီးမြှုပ်နှံကြသည်ဖြစ်၍ ရင်းနှီးမြှုပ်နှံမှုကို လက်ခံရရှိသည့် နိုင်ငံအနေဖြင့် အကျိုးကျေးဇူးရရှိပေသည်။ ထို့ကြောင့် နိုင်ငံအများသည် မိမိတို့နိုင်ငံအတွင်းသို့ FDI များ စီးဝင်လာစေရန် ကြိုးပမ်းဆောင်ရွက်ကြသည်ကို တွေ့ရသည်။

နိုင်ငံခြားတိုက်ရိုက်ရင်းနှီးမြှုပ်နှံမှုများသည် နှစ်ရှည်ရင်းနှီးမြှုပ်နှံမှုများဖြစ်ပြီး အခြေခံအဆောက်အအုံများ ဆောက်လုပ်ပြီး ရင်းနှီးမြှုပ်နှံရသဖြင့် ရုတ်တရက်ပြန်လည်စီးထွက်သွားခြင်း မပြုနိုင်ပေ။ သို့သော် ပြည်ပနိုင်ငံခြားငွေပင်ငွေရင်းပင်ဖြစ်သော်လည်း ရုတ်တရက်ပြန်လည်စီးထွက်သွားနိုင်သည့် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုလည်း ရှိပါသည်။ နိုင်ငံတစ်နိုင်ငံအတွင်း၌ ပြည်ပနိုင်ငံများမှ လာရောက်ရင်းနှီးမြှုပ်နှံမှုသည် စက်ရုံအဆောက်အအုံ၊ သယ်ယူပို့ဆောင်ရေးယာဉ်၊ ဆက်သွယ်မှုနည်းပညာ၊ လူ့စွမ်းအားအတတ်ပညာ၊ နည်းပညာများဖြင့် နိုင်ငံခြားတိုက်ရိုက်ရင်းနှီးမြှုပ်နှံမှု FDI အပြင် ငွေကြေးသက်သက်ဖြင့် ရင်းနှီးမြှုပ်နှံမှုလည်း ရှိပေသည်။

**ပြည်တွင်းငွေဈေးတက်၍ ပြည်ပပို့ကုန်များသည် နိုင်ငံခြားတိုင်းပြည်များ၏ ပို့ကုန်များနှင့် ယှဉ်ပြိုင်ရောင်းချရာတွင် ယှဉ်ပြိုင်နိုင်မှုအားနည်းသွားနိုင်ပေသည်။ တစ်ချိန်တည်းမှာပင် များပြားသည့် နိုင်ငံခြားငွေများလဲလှယ်မှုကို ဖြည့်စွမ်းပေးနိုင်ရန် ပြည်တွင်းငွေများကို ပိုမိုထုတ်ဝေလာပါက ငွေကြေးဖောင်းပွမှုကို ဖြစ်လာစေနိုင်**

ငွေကြေးသက်သက်ဖြင့် ရင်းနှီးမြှုပ်နှံမှုကို စတော့အိတ်ချိန်းပါဝင်သည့် အရင်းအနှီးဈေးကွက် (Capital market) တွင် တွေ့မြင်နိုင်ပေသည်။ နိုင်ငံ၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုလုပ်ငန်းအသီးသီး၌ ပါဝင်လုပ်ကိုင်နေသည့် အဖွဲ့အစည်းများ၊ ကုမ္ပဏီများ၏ စတော့ရှယ်ယာများတွင် အကျိုးအမြတ်ရရှိသည့် စတော့ရှယ်ယာများ၌ နိုင်ငံခြားမှ ရင်းနှီးမြှုပ်နှံသူများအနေဖြင့် ဝယ်ယူရင်းနှီးမြှုပ်နှံနိုင်ပေသည်။

ထိုကဲ့သို့သော စတော့ရှယ်ယာများကို စတော့ဈေးကွက်တွင် ရင်းနှီးမြှုပ်နှံသူတစ်ယောက်အနေဖြင့် ဝင်ရောက်ရင်းနှီးမြှုပ်နှံနိုင်ပါသည်။ ထိုကဲ့သို့သော ရင်းနှီးမြှုပ်နှံမှုမျိုးကို (Portfolio Investment)ဟု ခေါ်ဆိုပါသည်။ ရင်းနှီးမြှုပ်နှံသူတစ်ဦးတစ်ယောက်အနေဖြင့်လည်းကောင်း ရင်းနှီးမြှုပ်နှံသူတစ်ဦးတစ်ယောက်အတွက် တာဝန်ယူဆောင်ရွက်ပေးသည့် ကျွမ်းကျင်သူတစ်ဦးတစ်ယောက် သို့မဟုတ် ရင်းနှီးမြှုပ်နှံမှုကုမ္ပဏီတစ်ခုအနေဖြင့် လည်းကောင်း စီမံခန့်ခွဲကာ စတော့ရှယ်ယာများကို အကျိုးအမြတ်ရရှိစေရန် ဝယ်ယူရောင်းချပေးခြင်းကို စတော့ရှယ်ယာစီမံခန့်ခွဲမှု Portfolio Management အဖြစ် သိရှိကြပါသည်။

အမြတ်အစွန်းရရန်သေချာသည့် စတော့ရှယ်ယာများနှင့် မြတ်လည်းမြတ်နိုင်၊ ရှုံးလည်း ရှုံးနိုင်သည့် စွန့်စားရပြီး အမြတ်အစွန်းပိုမိုများပြားသည့် စတော့ရှယ်ယာများကို ပူးတွဲရင်းနှီးမြှုပ်နှံမှုမှာ Portfolio Theory ဖြစ်ပါသည်။

ပြည်တွင်းအရင်းအနှီးဈေးကွက်တွင် ပြည်ပမှ လာရောက်ရင်းနှီးမြှုပ်နှံထားငွေများသည် ဈေးကွက်တည်ငြိမ်နေသည့်အချိန်တွင် အကျိုးအမြတ်ကောင်းမွန်သဖြင့် ပြည်တွင်း၌ပင် ရှိနေပေသည်။ ဈေးကွက်မတည်ငြိမ်ဘဲ စီးပွားရေးကျဆင်းမှုများဖြင့် ကြုံတွေ့ရန်ရှိလာပါက ဝယ်ယူရင်းနှီးထားသည့် စတော့ရှယ်ယာရောင်းချပြီး အကျိုးအမြတ်ရှိမည့် ပြည်ပအခြားဈေးကွက်များသို့ ပြန်လည်စီးထွက်သွားနိုင်ပေသည်။

နိုင်ငံခြားတိုက်ရိုက်ရင်းနှီးမြှုပ်နှံမှုနှင့် အရင်းအနှီးဈေးကွက် (Capital Market)တွင် ရင်းနှီးမြှုပ်နှံမှုတို့သည် နိုင်ငံတကာရင်းနှီးမြှုပ်နှံမှု ဈေးကွက်တွင် ယှဉ်တွဲလျက်ရှိသည်ကို တွေ့ရပါသည်။ ရင်းနှီးမြှုပ်နှံမှုတိုးတက်နေချိန်တွင်လည်း စတော့ရှယ်ယာ၊ အရင်းအနှီးဈေးကွက်သည်လည်း ကျယ်ပြန့်ကြီးမားလာနေသည်ကိုလည်း တွေ့ရပါသည်။

နိုင်ငံခြားတိုက်ရိုက်ရင်းနှီးမြှုပ်နှံမှုများကို ဆွဲဆောင်နိုင်မှု အရေးကြီးပုံကို ဖွံ့ဖြိုးဆဲနိုင်ငံများ၏ အစိုးရများသည် ကောင်းစွာသိရှိကြပြီးဖြစ်ပါသည်။ ဖွံ့ဖြိုးဆဲနိုင်ငံများတွင် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုမှာ အဓိကနှင့် အများဆုံးသော ရင်းနှီးမြှုပ်နှံမှုများပင်ဖြစ်ပေသည်။

တစ်နိုင်ငံနှင့်တစ်နိုင်ငံ နယ်ခြားဖြတ်ကျော်၍ လုပ်ငန်းများဝယ်ယူခွင့်ပြုခြင်း၊ ပူးပေါင်းခြင်းများနှင့် နိုင်ငံပိုင်ပြုလုပ်ထားသည့် စီးပွားရေးလုပ်ငန်းများအား ပုဂ္ဂလိကကဏ္ဍပိုင်သို့ လွှဲပြောင်းပေးသဖြင့် နိုင်ငံခြားကုမ္ပဏီများ၊ အဖွဲ့အစည်းများက ဝယ်ယူခြင်းကြောင့် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုများ များပြားစွာ တိုးတက်လာနိုင်လေသည်။

နိုင်ငံခြားတိုက်ရိုက်ရင်းနှီးမြှုပ်နှံမှုများသည် စတော့ရှယ်ယာဈေးကွက်ရင်းနှီးမြှုပ်နှံမှုနှင့် ဘဏ်လုပ်ငန်းချေးငွေတို့ထက် ပိုမိုတည်ငြိမ်လေသည်။ ဤကဲ့သို့သော အဖြစ်အပျက်မျိုးကို အာရှငွေရေးကြေးရေးအကျပ်အတည်းတွင် တွေ့မြင်ရလေသည်။ လုပ်ငန်းဆိုင်ရာအရပ်ရပ်တွင် ရင်းနှီးမြှုပ်နှံထားသည့် နိုင်ငံခြားရင်းနှီးမြှုပ်နှံငွေများ၏ လုပ်ငန်းများသည် အခက်အခဲအရပ်ရပ်ကို စောင့်ဆိုင်းကျော်ဖြတ်ခဲ့ပြီး စတော့ရှယ်ယာရင်းနှီးမြှုပ်နှံမှုနှင့် ကာလတိုဘဏ်ချေးငွေတို့မှာမူ ပြန်လည်စီးထွက်သွားသည်။

တိုက်ရိုက်ရင်းနှီးမြှုပ်နှံမှုဖြစ်စေ၊ စတော့ရှယ်ယာဈေးကွက်ရင်းနှီးမြှုပ်နှံမှုဖြစ်စေ နိုင်ငံတွင်းသို့ဝင်လာသည့် ရင်းနှီးမြှုပ်နှံမှုများပင်ဖြစ်လေသည်။ ထိုရင်းနှီးမြှုပ်နှံမှုများသည် တစ်နည်းမဟုတ်တစ်နည်း နိုင်ငံ၏ဖွံ့ဖြိုးတိုးတက်မှုကို အကျိုးပြုပေသည်။ ထို့ကြောင့်လည်း ပြည်ပရင်းနှီးမြှုပ်နှံမှုများကို ဝမ်းပန်းတသာကြိုဆိုမှု ပြုကြပေသည်။

သို့သော်လည်း တစ်ဖက်တွင်မူ အများအပြားစီးဝင်လာသည့် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုများသည် နိုင်ငံ၏စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုကို ဖြစ်ထွန်းစေသကဲ့သို့ပင် ဆိုးကျိုးများကိုလည်း ဖြစ်ပေါ်စေတတ်သည်။ ထက်လှသည့်နှစ်ဖက်သွားဓားကဲ့သို့ ကောင်းကျိုးကိုဖြစ်စေသလို ဆိုးကျိုးကိုလည်း ဖြစ်ပေါ်နိုင်ပေသည်။


များပြားသည့် နိုင်ငံခြားငွေများသည် ပြည်တွင်းငွေများနှင့် လဲလှယ်ရာတွင် ပြည်တွင်းငွေကို တန်ဖိုးတက်လာစေနိုင်ပါသည်။ များပြားသည့် နိုင်ငံခြားငွေများသည် နည်းပါးသည့် ပြည်တွင်းငွေများကို ဈေးတက်စေရန် တွန်းပို့စေနိုင်ပါသည်။ ပြည်တွင်းငွေဈေးတက်၍ ပြည်ပပို့ကုန်များသည် နိုင်ငံခြားတိုင်းပြည်များ၏ ပို့ကုန်များနှင့် ယှဉ်ပြိုင်ရောင်းချရာတွင် ယှဉ်ပြိုင်နိုင်မှု အားနည်းသွားနိုင်ပေသည်။ တစ်ချိန်တည်းမှာပင် များပြားသည့် နိုင်ငံခြားငွေများလဲလှယ်မှုကို ဖြည့်စွမ်းပေးနိုင်ရန် ပြည်တွင်းငွေများကို ပိုမိုထုတ်ဝေလာပါက ငွေကြေးဖောင်းပွမှုကို ဖြစ်လာစေနိုင်ပါသည်။

နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုမှာ မရှိမဖြစ်လိုအပ်သဖြင့် ကြိုဆိုကြရသည်ဖြစ်ရာ ၎င်းတို့နှင့် ပူးတွဲလာသည့်ဆိုးကျိုးများကို လျှော့ပါးစေရန် အန္တရာယ် လျှော့ချခြင်းနည်း (Sterilization)လည်း ကျင့်သုံးကြရသည်။ ယင်းနည်းလမ်းမှာ ပြည်တွင်းသုံးငွေကြေးပမာဏကို ယာယီပင်ဖြစ်စေ လျှော့ချကြရသည်။

ထို့ပြင် မိမိတိုင်းပြည်မှ ပြည်ပနိုင်ငံများသို့ သွားရောက်ရင်းနှီးမြှုပ်နှံမှုများပြုခြင်း သို့မဟုတ် နိုင်ငံခြားသားများကို ပြည်တွင်းငွေကြေးဈေးကွက်မှ နိုင်ငံခြားငွေများကို ချေးယူခွင့်ပြုခြင်းတို့ကို ခွင့်ပြုကြရသည်။ နောက်နည်းလမ်းတစ်ခုမှာ ကာလတိုချေးငွေများဖြစ်သည့် ငွေတိုက်ဘီလ်များကို ရောင်းချပေးခြင်းဖြင့် ပြည်တွင်း ငွေကြေးပမာဏကို လျှော့ချကြရသည်။

နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုများ၏ လိုအပ်ချက်၊ အကျိုးပြုချက်၊ ပူးတွဲလာသည့်ဆိုးကျိုးများနှင့် ယင်းဆိုးကျိုးများကို လျှော့ပါးသက်သာစေရန် ကြိုးပမ်းဆောင်ရွက်ချက်များဖြစ်ပါသည်။ ။

# ချစ်ခြင်းမေတ္တာနှင့် ငြိမ်းချမ်းခြင်းအတွက် ပုပ်ရဟန်းမင်းကြီး ဖရန်စစ် မြန်မာနိုင်ငံသို့ လာရောက်မည်




**ရန်ကုန် ဩဂုတ် ၂၈**

ပုပ်ရဟန်းမင်းကြီး ဖရန်စစ်သည် ၂၀၁၇ ခုနှစ် နိုဝင်ဘာ ၂၇ ရက်တွင် မြန်မာနိုင်ငံသို့ လာရောက်မည်ဖြစ် ကြောင်း ယနေ့ ရန်ကုန်မြို့ ပြည်လမ်းရှိ မြန်မာနိုင်ငံ ကက်သလစ် ဆရာတော်ကြီးများအဖွဲ့ချုပ်က ပြုလုပ်သော သတင်းစာရှင်းလင်းပွဲမှ သိရသည်။

သက်ဆိုင်ရာနိုင်ငံများ၏ နိုင်ငံ ခေါင်းဆောင်များနှင့် ဆရာတော်ကြီး များ၏ ဖိတ်ကြားချက်ကို ကြိုဆိုလက်ခံကာ ပုပ်ရဟန်းမင်းကြီးသည် မြန်မာ နိုင်ငံတွင် နိုဝင်ဘာ ၂၇ ရက်မှ ၃၀ ရက်ထိ လေးရက်တာ လာရောက်မည်ဖြစ်ပြီး ရန်ကုန်နှင့်နေပြည်တော်သို့ သွားရောက်မည်ဟု သိရသည်။

"မြန်မာနိုင်ငံဟာ ကမ္ဘာ့ဇာတ်ခုံပေါ် မှာ ဒီရက်တွေမှာ ထင်ထင်ရှားရှား ပေါ်လာမယ်။ ဆက်ပြီးတော့လည်း မြန်မာနိုင်ငံရဲ့ အနေအထားဟာ ကမ္ဘာပေါ်မှာ ပိုပြီးတော့ ထည်ထည် ဝါဝါဖြစ်လာမယ်။ ပုပ်ရဟန်းမင်းကြီး လာရောက်ခြင်းအားဖြင့် မြန်မာနိုင်ငံမှာ ချစ်ခြင်းမေတ္တာနဲ့ ငြိမ်းချမ်းရေး တိုးပွားလာစေမယ်။ မြန်မာနိုင်ငံဟာ သွားလို့လာလို့ ကောင်းတဲ့နေရာတစ်ခုပါလို့ ကမ္ဘာကိုသတင်းစကားပေးလိုတယ်။ မြန်မာနိုင်ငံအပေါ် သံယောဇဉ်ရှိတာမို့ တိုးတက်စေလိုတဲ့ဆန္ဒနဲ့ လာရောက်ခြင်းဖြစ်ပါတယ်"ဟု Fr. Mariano Soe Naing က ပြောသည်။



ပုပ်ရဟန်းမင်းကြီးသည် သူ၏နှိမ့်ချခြင်း၊ ကမ္ဘာပေါ်ရှိ ဆင်းရဲသားများနှင့် အပယ်ခံများဘက်မှ ရပ်တည်ပြောဆိုခြင်း၊ နိုင်ငံတကာသံတမန်ဆက်ဆံရေးများနှင့် သဘာဝပတ်ဝန်းကျင်အရေး များတွင် တက်ကြွစွာပါဝင်လုပ်ဆောင်ခြင်းများကြောင့် ကမ္ဘာမှအသိအမှတ်ပြုခံထားရသူဖြစ်သည်။

ထို့ပြင် လူသားများထံ မေတ္တာ၊ ကရုဏာတရားများ သက်ရောက်ရန် ကြိုးစားအားထုတ်နေမှုကြောင့်လည်း ကျော်ကြားသူဖြစ်သည်။ မြန်မာနိုင်ငံ သို့ရောက်ရှိချိန်တွင် အစိုးရခေါင်းဆောင်များနှင့်သာမက ဘာသာရေး ခေါင်းဆောင်များ၊ လုပ်သားပြည်သူ များ၊ လူငယ်များနှင့်လည်း တွေ့ဆုံနိုင်ရန် မျှော်လင့်ပါကြောင်း ကက်သလစ်ဆရာတော်ကြီးများအဖွဲ့ချုပ်၏ ထုတ်ပြန်ကြေညာချက်တွင် ဖော်ပြထားသည်။

ပုပ်ရဟန်းမင်းကြီးသည် နိုဝင်ဘာ ၃၀ ရက်မှ ဒီဇင်ဘာ ၂ ရက်ထိ ဘင်္ဂလားဒေ့ရှ်နိုင်ငံ ဒါကာမြို့သို့လည်း ဆက်လက်သွားရောက်မည်ဖြစ်ကြောင်း သိရသည်။ **(ခင်ဇာလီ)**

**☆ ပြည်ပရင်းနှီးမြှုပ်နှံမှုမှ**

တိုင်းဒေသကြီးဝန်ကြီးများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ မြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်ဥက္ကဋ္ဌ၊ ဗဟိုအလုပ်အမှုဆောင်များနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ ဒုတိယသမ္မတက အမှာစကားပြောကြားရာတွင် ပုဂ္ဂလိကကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် စီးပွားရေးလုပ်ငန်းရှင်များနှင့် လစဉ်ပုံမှန် တွေ့ဆုံဆွေးနွေးပွဲများကို ၂၀၁၆ ခုနှစ် ဒီဇင်ဘာ ၁ ရက်မှစတင်၍ ကဏ္ဍအလိုက် တွေ့ဆုံဆွေးနွေးခဲ့ရာ ယခုအကြိမ်သည် နဝမအကြိမ်မြောက်ဖြစ်ပါကြောင်း၊ ပြီးခဲ့သည့် အဋ္ဌမအကြိမ်အထိ စီးပွားရေးလုပ်ငန်းရှင်များ၏ အခက်အခဲများနှင့် အကြံပြုတင်ပြချက်များအပေါ် သက်ဆိုင်ရာဝန်ကြီးဌာနများ၊ တိုင်းဒေသကြီး/ပြည်နယ်အစိုးရအဖွဲ့များနှင့် လုပ်ငန်းကော်မတီများက ပြန်လည်ဖြေရှင်းပြန်ကြားခဲ့ရာ အားလုံးပြန်ကြားဆောင်ရွက်ပေးခဲ့ပြီးဖြစ်ပါကြောင်း၊ အချို့အချက်များမှာ ဝန်ကြီးဌာန နှစ်ခု၊ သုံးခုနှင့် ဆက်စပ်နေသဖြင့် အမြန်ဆုံးပြီးပြတ်အောင် ပူးပေါင်းညှိနှိုင်းဆောင်ရွက်ပေးလျက်ရှိပါကြောင်း။

ပုဂ္ဂလိကကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးကော်မတီ၏ အစည်းအဝေးများကို နှစ်လ တစ်ကြိမ် ကျင်းပခဲ့ရာ လေးကြိမ် ကျင်းပပြီးဖြစ်ပါကြောင်း၊ မဏ္ဍိုင်(၅)ရပ်ကို တာဝန်ယူထားကြသည့် သက်ဆိုင်ရာလုပ်ငန်းကော်မတီများ၏ အစည်းအဝေးများကိုလည်း တစ်လတစ်ကြိမ် ကျင်းပခဲ့ရာ (၃၈)ကြိမ်ကျင်းပခဲ့ပြီးဖြစ်ပါကြောင်း။

နိုင်ငံတော်က စီးပွားရေးဖွံ့ဖြိုးတိုးတက်ရန် ဘက်စုံကြိုးပမ်းလျက်ရှိရာ လက်ရှိဘဏ္ဍာနှစ်အတွင်း ပြည်ပရင်းနှီးမြှုပ်နှံမှုအနေဖြင့် အမေရိကန်ဒေါ်လာ သန်း ၃၅၀၀ အထိရှိပြီး ယခင်နှစ် ကာလတူအချိန်တွင် အမေရိကန်ဒေါ်လာ သန်း ၄၀၀ ခန့်သာရှိသောကြောင့် ယခင်နှစ်ထက် များစွာတိုးတက်လာသည် ကိုတွေ့ရမည်ဖြစ်ပါကြောင်း၊ မြန်မာနိုင်ငံသားရင်းနှီးမြှုပ်နှံမှုအနေဖြင့် ယခုနှစ်တွင် ငွေကျပ် ၁၂၇၅ ဘီလီယံ နီးပါးရှိပြီး ယခင်နှစ် ကာလတူတွင် ငွေကျပ် ၁၀၉ ဘီလီယံသာရှိသဖြင့် နှိုင်းယှဉ်ပါက များစွာတိုးတက်မှုရှိနေသည်ကို တွေ့ရမည်ဖြစ်ပါကြောင်း။

တိုင်းဒေသကြီး/ပြည်နယ်အလိုက် ရင်းနှီးမြှုပ်နှံမှုတွင် ရန်ကုန်တိုင်းဒေသကြီး၌ ၈၀ ရာခိုင်နှုန်း၊ ပဲခူးတိုင်းဒေသကြီး၌ ၁၁ ရာခိုင်နှုန်းရှိသဖြင့် ရန်ကုန်နှင့် အနီးတစ်ဝိုက်ဒေသများတွင်သာ ရင်းနှီးမြှုပ်နှံမှုများ ဝင်ရောက်လာသည်ကို တွေ့ရပါကြောင်း၊ ရင်းနှီးမြှုပ်နှံမှုများသည် တိုင်းဒေသကြီး/ပြည်နယ်များအလိုက် အချိုးညီညီ မျှမျှတတဝင်ရောက်နိုင်ရန်အတွက် အဘက်ဘက်မှ ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားရန် လိုအပ်ပါကြောင်း။

တိုင်းဒေသကြီး/ပြည်နယ်များတွင် ရင်းနှီးမြှုပ်နှံမှုကော်မတီများကိုလည်း ဖွဲ့စည်းတာဝန်ပေးထားပြီးဖြစ်ရာ ယင်းကော်မတီများအနေဖြင့် ရင်းနှီးမြှုပ်နှံမှုတန်ဖိုး အမေရိကန်ဒေါ်လာ ငါးသန်း သို့မဟုတ် မြန်မာကျပ်ငွေသန်း ၆၀၀၀ အောက်လုပ်ငန်းများကို အတည်ပြုမိန့်ထုတ်ပေးနိုင်ရန်အတွက် လုပ်ဆောင်နေပြီဖြစ်ပါကြောင်း။

ယခုကာလတွင် အိန္ဒိယသမ္မတနိုင်ငံမှ ပဲတီစိမ်း၊ မတ်ပဲနှင့် ပဲစင်းငုံများတင်သွင်းမှုကို အရေအတွက်ကန့်သတ်လိုက်သဖြင့် ပဲလုပ်ငန်းရှင်များ၏ အခက်အခဲများကို ဖြေရှင်းနိုင်ရန်အတွက် နှစ်နိုင်ငံညှိနှိုင်းဆောင်ရွက်လျက်ရှိပါကြောင်း။

ယနေ့အစည်းအဝေးတွင်လည်း ပုဂ္ဂလိကလုပ်ငန်းရှင်များနေဖြင့် တွေ့ကြုံနေရသည့် အခက်အခဲများနှင့် အကြံပြုချက်များကို ပွင့်လင်းမြင်သာစွာ ဆွေးနွေးကြရန် တိုက်တွန်းလိုပါကြောင်း ပြောကြားသည်။

ထို့နောက် စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်ဝင်း၊ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်းနှင့် မြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ် ဥက္ကဋ္ဌ ဦးဇော်မင်းဝင်းတို့က ပုဂ္ဂလိကကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးအတွက် ကဏ္ဍအလိုက် လုပ်ငန်းဆောင်ရွက်နေမှုအခြေအနေများကို ရှင်းလင်းပြောကြားကြသည်။

ဆက်လက်၍ SMEs Development Strategy "Issues & Solutions" ဖိုရမ်၊ မြန်မာနိုင်ငံ ငါးလုပ်ငန်းအဖွဲ့ချုပ်၊ မြန်မာစီးပွားရေးဖိုရမ် မြေယာလုပ်ငန်းအဖွဲ့၊ မြန်မာနိုင်ငံ ကြိမ်နှင့်ဝါးလုပ်ငန်းရှင်များအသင်း၊ ဧရာဝတီတိုင်းဒေသကြီး ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်း၊ ရခိုင်ပြည်နယ် ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်း၊ မောင်တောနယ်စပ်ကုန်သွယ်ရေးကုန်သည်များအသင်း၊ မြန်မာနိုင်ငံ ပဲမျိုးစုံနှင့် နှမ်းကုန်သည်များအသင်း၊ မြန်မာနိုင်ငံ ကွန်ပျူတာလုပ်ငန်းရှင်များအသင်းနှင့် တရားဝင်အသိအမှတ်ပြုမော်တော်ယာဉ် ဖြန့်ဖြူးရောင်းချရေးအသင်းတို့မှ တာဝန်ရှိသူများက သက်ဆိုင်ရာလုပ်ငန်းကဏ္ဍများအလိုက် ၎င်းတို့တွေ့ကြုံနေရသည့် အခက်အခဲများ၊ လုပ်ငန်းများ ပိုမိုလွယ်ကူချောမွေ့အဆင်ပြေစေရေးအတွက် ဆွေးနွေးတင်ပြကြရာ ဒုတိယသမ္မတ၊ ပြည်ထောင်စုဝန်ကြီး၊ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက ပေါင်းစပ်ညှိနှိုင်းဖြေရှင်းပေးသည်။

ယင်းနောက် ဒုတိယသမ္မတ ဦးမြင့်ဆွေက နိဂုံးချုပ်အမှာစကားပြောကြားပြီး တွေ့ဆုံဆွေးနွေးပွဲကို ရုပ်သိမ်းလိုက်သည်။

**(သတင်းစဉ်)**



# ထိုင်း-မြန်မာ အဆင့်မြင့်အရာရှိကြီးများအစည်းအဝေး တက်ရောက်ရန် တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ထိုင်းနိုင်ငံသို့ထွက်ခွာ

**နေပြည်တော် ဩဂုတ် ၂၈**

ထိုင်းနိုင်ငံ၌ကျင်းပမည့် ပဉ္စမအကြိမ်မြောက် ထိုင်း-မြန်မာ အဆင့်မြင့်အရာရှိကြီးများအစည်းအဝေး (5th Thailand-Myanmar High Level Committee Meeting) တက်ရောက်ရန် တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ဦးဆောင်သည့် မြန်မာ့တပ်မတော်ကိုယ်စားလှယ်အဖွဲ့သည် ယနေ့မွန်းလွဲပိုင်းတွင် နေပြည်တော်အပြည်ပြည်ဆိုင်ရာလေဆိပ်မှ ထိုင်းနိုင်ငံသို့ ထွက်ခွာသွားသည်။ **(အပေါ်ပုံ)**

တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဦးဆောင်သည့် မြန်မာ့တပ်မတော်ကိုယ်စားလှယ်အဖွဲ့တွင် အဖွဲ့ဝင်များအဖြစ် ဇနီး ဒေါ်ကြူကြူလှနှင့် ကာကွယ်ရေးဦးစီးချုပ်ရုံးမှ တပ်မတော်အရာရှိကြီးများ လိုက်ပါသွားကြသည်။

တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် အဖွဲ့ဝင်များသည် ထိုင်းနိုင်ငံ Khon Kaen လေဆိပ်သို့ရောက်ရှိရာ Khon Kaen ပြည်နယ်အုပ်ချုပ်ရေးမှူး Mr.Pongsak Preechawit နှင့်ဇနီး၊ ထိုင်းဘုရင့်တပ်မတော်ထောက်လှမ်းရေးမှူးချုပ် Lt.Gen.Thiwa Penket Gorn နှင့်ဇနီး၊ အမှတ်(၃)စစ်တိုင်းမှူး Lt.Gen. Vijak Siribunsop နှင့်ဇနီး၊ ထိုင်းဘုရင့်တပ်မတော်အရာရှိကြီးများ၊ ထိုင်းနိုင်ငံဆိုင်ရာ မြန်မာစစ်သံ(ကြည်း၊ရေ၊လေ) ဗိုလ်မှူးချုပ်ခင်ဇော်နှင့် တာဝန်ရှိသူများက လေဆိပ်တွင် ကြိုဆိုနှုတ်ဆက်ကြသည်။ ယင်းနောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်သည် ထိုင်းဘုရင့်တပ်မတော် ဂုဏ်ပြုတပ်ဖွဲ့၏အလေးပြုခြင်းကို ခံယူသည်။

အဆိုပါခရီးစဉ်အတွင်း တပ်မတော်ကာကွယ်ရေးဦးစီးချုပ်သည် နှစ်စဉ်ကျင်းပသည့် ထိုင်း-မြန်မာအဆင့်မြင့်အရာရှိကြီးများအစည်းအဝေးသို့ တက်ရောက်ခြင်း၊ ထိုင်းနိုင်ငံရှိ အစိုးရအဖွဲ့အကြီးအကဲများနှင့် တပ်မတော်ခေါင်းဆောင်များအား သီးခြားစီတွေ့ဆုံ၍ နှစ်နိုင်ငံဆက်ဆံရေးနှင့် ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာကိစ္စရပ်များကို ဆွေးနွေးခြင်းများ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီးစိုးထွဋ် ဦးဆောင်သော အဖွဲ့ဝင်များသည် ဩဂုတ် ၂၄ ရက်တွင် ထိုင်းနိုင်ငံသို့ ကြိုတင်ထွက်ခွာသွားကြပြီး လုပ်ငန်းညှိနှိုင်းအစည်းအဝေးများ ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# ရခိုင်ပြည်နယ် မောင်တောဒေသအတွင်း ဒေသခံတိုင်းရင်းသားများ၏ အရေးပေါ်လိုအပ်ချက်များ ဖြည့်ဆည်းဆောင်ရွက်ပေးလျက်ရှိ

**စစ်တွေ ဩဂုတ် ၂၈**

ရခိုင်ပြည်နယ် မောင်တောဒေသ၌ ရောက်ရှိနေသော လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေးနှင့် ရခိုင်ပြည်နယ်ဝန်ကြီးချုပ် ဦးညီပုတို့သည် ယနေ့နံနက်ပိုင်းတွင် ရဟတ်ယာဉ်ဖြင့် တောင်ဘဇာကျေးရွာရှိနယ်မြေခံတပ်ရင်းသို့ ရောက်ရှိကြပြီး ခေတ္တခိုလှုံလျက်ရှိသော ပြည်သူများနှင့် တွေ့ဆုံသည်။

တွေ့ဆုံစဉ် ဝန်ထမ်း ၂၅ ဦး စစ်တွေမြို့တွင် ခေတ္တပြန်လည်နေထိုင်နိုင်ရေးနှင့် စုရပ်တွင် ကျန်ခဲ့သော ပြည်သူများ၏ လုံခြုံရေးအခြေအနေများကို တာဝန်ရှိလုံခြုံရေးအဖွဲ့အစည်းများနှင့် ညှိနှိုင်းဆောင်ရွက်ပေးသည်။ ထို့နောက် လတ်တလောစားသုံးရန်အတွက် ခေါက်ဆွဲခြောက်၊ ခနောဆန်ပြုတ်ထုပ်၊ ငါးခြောက်နှင့် ကြက်ဥများကို ထောက်ပံ့ပေးခဲ့ကြသည်။

ဆက်လက်၍ ကြိမ်ချောင်းကျေးရွာသို့ ရောက်ရှိကြပြီး နယ်မြေစခန်းတွင် ခေတ္တနေထိုင်လျက်ရှိသော ပြည်သူများ၊ ဝန်ထမ်းများနှင့် တွေ့ဆုံရာ ဝန်ထမ်းများက စစ်တွေနှင့် ဇာတိဒေသများသို့ ပြန်လိုကြကြောင်း၊ မိသားစုနှင့် အဆက်အသွယ်လိုအပ်နေသော အိမ်ထောင်စုများအား ဆက်သွယ်ပေးရန် တင်ပြချက်များအပေါ် ညှိနှိုင်းကူညီဖြေရှင်းပေးသည်။ ထို့နောက် ကျေးရွာများ ညပိုင်း မီးထွန်းရန်အတွက် လိုအပ်သောစက်သုံးဆီနှင့် လတ်တလောစားသုံးရန်အတွက် ခေါက်ဆွဲခြောက်၊ ခနောဆန်ပြုတ်ထုပ်၊ ပေါင်မုန့်ခြောက်၊ ငါးခြောက်နှင့် ကြက်ဥများကို ထောက်ပံ့ပေးသည်။



ခေတ္တခိုလှုံလျက်ရှိသော ပြည်သူများအား ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေးနှင့် ရခိုင်ပြည်နယ်ဝန်ကြီးချုပ် ဦးညီပုတို့ လတ်တလောစားသောက်ရန် အစားအသောက်များ ထောက်ပံ့စဉ်။

ဆက်လက်၍ မောင်တောမြို့သို့ ရောက်ရှိကြပြီး သာသနာ့ဗိမာန်နှင့် အမှတ်(၃) အခြေခံပညာမူလတန်း(လွန်)ကျောင်းတို့တွင် ခေတ္တခိုလှုံလျက်ရှိသော ပြည်သူများနှင့် တွေ့ဆုံရာ မိမိတို့အစိုးရအနေဖြင့် နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်၏ ဦးဆောင်လမ်းညွှန်မှု၊ ပြည်ထောင်စုအစိုးရနှင့် ပြည်နယ်အစိုးရတို့၏ ပူးပေါင်းဆောင်ရွက်မှု၊ တပ်မတော်၏ ပံ့ပိုးကူညီမှုများဖြင့် အခက်အခဲအမျိုးမျိုးကြားမှ စားနပ်ရိက္ခာများ ဖြန့်ဝေထောက်ပံ့နိုင်ရန် လာရောက်ခြင်းဖြစ်ပါကြောင်း၊ အစိုးရသည် ရခိုင်တိုင်းရင်းသားအပါအဝင် ဒေသခံတိုင်းရင်းသားအားလုံးနှင့် တစ်သားတည်းရှိပါကြောင်း ပြောကြားကာ လတ်တလော စားသုံးရန်အတွက် စားနပ်ရိက္ခာများနှင့် လူမှုရေးအရထောက်ပံ့ရန် လိုအပ်သူများအား ငွေကြေးများ ထောက်ပံ့ပေးအပ်ခဲ့သည်။

ထို့နောက် မောင်တောပြည်သူ့ဆေးရုံသို့ ရောက်ရှိကြပြီး မောင်တောမြို့ အမှတ်(၄) ရပ်ကွက်တွင် အကြမ်းဖက်သမား၏ သေနတ်ဖြင့် ပစ်ခတ်မှုကြောင့် ဒဏ်ရာရရှိခဲ့သော ပြည်သူတစ်ဦးနှင့် အကြမ်းဖက်ဖြစ်စဉ်ကြောင့် ဒဏ်ရာရရှိကာ ဆေးရုံတက်ရောက်ကုသလျက်ရှိသည့် မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များနှင့် ပြည်သူများကို အားပေးစကားပြောကြားကာ ထောက်ပံ့ငွေများ ပေးအပ်သည်။

ထို့ပြင် ကြိမ်ချောင်း၊ တောင်ပြိုလက်ဝဲ၊ တောင်ဘဇာ စုရပ်များတွင် ပြည်သူများကျန်းမာရေးစောင့်ရှောက်မှုဆောင်ရွက်ပေးနေသော တပ်မတော်မှ ဆရာဝန်များ၊ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနမှ ကျန်းမာရေးမှူးများ၊ သူနာပြုများနှင့်တွေ့ဆုံပြီး လိုအပ်သောဆေးဝါးများ ထောက်ပံ့ပေးနိုင်ရေးနှင့် မောင်တောမြို့နယ် ကျောက်ပန္နူကျေးရွာတွင် လိုအပ်လျက်ရှိသော ဆေးဝါးများ ပံ့ပိုးပေးနိုင်ရေးကိုလည်း စီစဉ်ဆောင်ရွက်ပေးသည်။

ဆက်လက်၍ တောင်ပြိုလက်ဝဲမြို့သို့ ရောက်ရှိကြပြီး ဘုန်းတော်ကြီးကျောင်းတွင် ခေတ္တခိုလှုံနေသော ပြည်သူများ၊ ဝန်ထမ်းများနှင့် တွေ့ဆုံပြီး လိုအပ်ချက်များကို မေးမြန်းရာ ဝန်ထမ်းများအနေဖြင့် ဇာတိမြို့များသို့ ခေတ္တပြန်လိုကြောင်းတင်ပြကြရာ သက်ဆိုင်ရာဝန်ကြီးဌာနများနှင့် ညှိနှိုင်းဖြေရှင်းဆောင်ရွက်ပေးမည်ဖြစ်ကြောင်းနှင့် ယခုလည်း ပကတိအခြေအနေကို သိမြင်ရပြီးဖြစ်၍ အကောင်းဆုံးအခြေအနေသို့ ရောက်အောင် ပူးပေါင်းဆောင်ရွက်ပေးမည်ဖြစ်ကြောင်း ပြောကြားကာ လတ်တလောစားသုံးရန် ခေါက်ဆွဲခြောက်၊ ခနောဆန်ပြုတ်ထုပ်၊ ငါးခြောက်နှင့် ကြက်ဥများကို ထောက်ပံ့ပေးခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

✳ မောင်တောမှ

ဇင်ပိုင်ညာလမ်းဆုံတွင် ပေါက်ကွဲခဲ့ပြီး အစွန်းရောက်ဘင်္ဂါလီအကြမ်းဖက်သမားများသည် ည ၁၀ နာရီ မိနစ် ၂၀ တွင် ဇင်ပိုင်ညာရဲကင်းစခန်းအား စတင်ဝိုင်းထားခဲ့သည်။ ထို့နောက် စခန်း၏ တစ်မိုင်ခန့်အကွာ၌ လက်လုပ်မိုင်း တစ်လုံး ထပ်မံပေါက်ကွဲပြီးနောက် ဇင်ပိုင်ညာရဲစခန်းသို့ အစွန်းရောက်ဘင်္ဂါလီအကြမ်းဖက်သမား ၈၀ ခန့်မှ အနီးကပ်ချဉ်းကပ်တိုက်ခိုက်ခဲ့သဖြင့် လုံခြုံရေးတပ်ဖွဲ့ဝင်များမှ ပြန်လည်ခုခံရှင်းလင်းခဲ့ရာ အကြမ်းဖက်သမားများ ဇင်ပိုင်ညာကျေးရွာထဲသို့ ဆုတ်ခွာသွားပြီး ယင်းအချိန်တွင် အော်လီတူလာကျေးရွာအနီး၌ လက်လုပ်မိုင်း တစ်လုံး ထပ်မံပေါက်ကွဲခဲ့သည်။

အစွန်းရောက်ဘင်္ဂါလီအကြမ်းဖက်သမားများ၏ အကြမ်းဖက်လုပ်ရပ်ကြောင့် ယနေ့နံနက် ၁၀ နာရီ ၄၈ မိနစ်တွင် ဇင်ပိုင်ညာလမ်းဆုံ၌ လက်လုပ်မိုင်း လေးလုံး ဆက်တိုက်ပေါက်ကွဲခဲ့ပြီးနောက် ၁၀ မိနစ်ခန့်အကြာတွင် အဆိုပါလမ်းဆုံ၌ အကြမ်းဖက်သမားများ ထောင်ထားသည့် လက်လုပ်မိုင်း ခြောက်လုံး ဆက်တိုက်ပေါက်ကွဲခဲ့သည်။

နံနက် ၁၁ နာရီ ၁၃ မိနစ်တွင် ဇင်ပိုင်ညာလမ်းဆုံ၌ အစွန်းရောက်ဘင်္ဂါလီအကြမ်းဖက်သမားများ ထောင်ထားသည့် လက်လုပ်မိုင်းတစ်လုံး ထပ်မံပေါက်ကွဲခဲ့သည်။




**အစွန်းရောက် ဘင်္ဂါလီအကြမ်းဖက်သမားများထံမှ သိမ်းဆည်းရမိသည့် လက်နက်များကို တွေ့ရစဉ်။**

အလားတူ အစွန်းရောက်ဘင်္ဂါလီအကြမ်းဖက်သမားများ ထောင်ထားသည့် လက်လုပ်မိုင်းများသည် ရွာသစ်ကျေးရွာနှင့် ကျောက်လှေကားကျေးရွာများအတွင်း၌ တစ်လုံးစီ ဆက်တိုက်ပေါက်ကွဲခဲ့သည်။

ဘူးသီးတောင်မြို့နယ် ကျောင်းတောင်ရဲကင်းစခန်းအား တင်းမေကျေးရွာမှ အစွန်းရောက်ဘင်္ဂါလီအကြမ်းဖက်သမားအင်အား ၅၀၀ ခန့်က ဝိုင်းထားသဖြင့် လုံခြုံရေးတပ်ဖွဲ့ဝင်များမှ သွားရောက်ရှင်းလင်းရာ ပြန်လည်ဆုတ်ခွာသွားခဲ့သည်။

အစွန်းရောက်ဘင်္ဂါလီအကြမ်းဖက်သမားများသည် ဇီးပင်ချောင်းကင်းစခန်းအား ဩဂုတ် ၂၇ ရက် ညပိုင်းက မီးရှို့ဖျက်ဆီးခဲ့ရာ ယနေ့နံနက်ပိုင်းတွင် မီးငြိမ်းခဲ့သည်။

ယနေ့နံနက် ၁ နာရီကလည်း မောင်တောမြို့နယ် မြို့မကညင်တန်းရပ်ကွက်ရှိ အဒူလာ၏နေအိမ်မှစတင်၍ မီးလောင်ကျွမ်းခဲ့ရာ မီးသတ်တပ်ဖွဲ့ဝင်များနှင့် ဒေသခံပြည်သူများ ဝိုင်းဝန်းငြိမ်းသတ်ခဲ့သဖြင့် နာရီဝက်အတွင်း မီးငြိမ်းခဲ့သည်။

ထို့ပြင် ယနေ့နံနက်ပိုင်းတွင် သရေကုန်းဘောင်ရဲကင်းနှင့် ကိုက် ၅၀ ခန့်အကွာရှိ ဖွေရူဘာတာရွာအနီး၌ မိုင်းတစ်လုံး၊ ရွာအတွင်း၌ မိုင်းတစ်လုံး၊ ပြင်ဖြူနယ်မြေရုံးနှင့် ကိုက် ၅၀၀ ခန့်အကွာရှိ ရွာသစ်ကျေးရွာ၌ လက်လုပ်မိုင်း တစ်လုံး ပေါက်ကွဲခဲ့သည်။

လုံခြုံရေးတပ်ဖွဲ့ဝင်များသည် မောင်တောမြို့နယ် ခွဆုံကျေးရွာသို့ နယ်မြေစိုးမိုးရေး ဆောင်ရွက်ရန် သွားရောက်စဉ် ရွာအဝင်တံတားအရောက်၌ အစွန်းရောက်ဘင်္ဂါလီအကြမ်းဖက်သမားများက မိုင်းဆွဲပြီး ပစ်ခတ်တိုက်ခိုက်သဖြင့် အပြန်အလှန်ပစ်ခတ်တိုက်ခိုက်မှုဖြစ်ပွားခဲ့သည်။ ဆက်လက်၍ ကျေးရွာအတွင်း ရှင်းလင်းစဉ် အစွန်းရောက် ဘင်္ဂါလီအကြမ်းဖက်သမား ၃၀၀ ခန့်က စတင်ပစ်ခတ်တိုက်ခိုက်သဖြင့် အပြန်အလှန်ပစ်ခတ်မှု ဖြစ်ပွားခဲ့ပြီး အကြမ်းဖက်သမားများသည် နေအိမ်များအား မီးရှို့ဖျက်ဆီး၍ မေယုတောင်ကြောဘက်သို့ ဆုတ်ခွာထွက်ပြေးသွားခဲ့သည်။

ဆက်လက်၍ ရှင်းလင်းစဉ် ပွိုင့် ၂၂ သေနတ်တစ်လက်၊ ကျည် ၁၀ တောင့်နှင့် လက်လုပ်မိုင်း နှစ်လုံးတို့အား တွေ့ရှိသိမ်းဆည်းရမိခဲ့သည်။

လုံခြုံရေးတပ်ဖွဲ့ဝင်များသည် မောင်တောမြို့နယ် ကိုးတန်ကောက်ကျေးရွာ၌ နယ်မြေရှင်းလင်းစဉ် အစွန်းရောက်ဘင်္ဂါလီအကြမ်းဖက်သမားများမှ မိုင်းတစ်လုံး ပေါက်ခွဲပြီး ပစ်ခတ်တိုက်ခိုက်သဖြင့် လုံခြုံရေးတပ်ဖွဲ့ဝင်များမှ ပြန်လည်ပစ်ခတ်၍ ရှင်းလင်းခဲ့ရာ တူမီးသေနတ်နှစ်လက် သိမ်းဆည်းရမိခဲ့ပြီး ဆွဲမိုင်းများ ဆက်လက်ရှင်းလင်းလျက်ရှိသည်။

ဆက်လက်၍ လုံခြုံရေးတပ်ဖွဲ့ဝင်များသည် ကိုးတန်ကောက် မြစ်နားရွာအတွင်း နယ်မြေစိုးမိုးရေးဆောင်ရွက်စဉ် အစွန်းရောက်ဘင်္ဂါလီအကြမ်းဖက်သမားများက ဓားရှည်များဖြင့် ဝင်ရောက်ခုတ်သဖြင့် ပြန်လည်ခုခံရှင်းလင်းခဲ့ရသည်။

လုံခြုံရေးတပ်ဖွဲ့ဝင်များသည် သဝန်ချောင်းကျေးရွာအတွင်း နယ်မြေရှင်းလင်းစဉ် ခွဆုံကျေးရွာနှင့်သဝန်ချောင်းကျေးရွာအကြား ကွင်းပြင်၌ အလျားတစ်ပေ၊ ထုခြောက်လက်မခန့်ရှိ မြေကျင်းအတွင်းမှ TNT ယမ်းပျော့ကပ်ထားသည့် ဘက်ထရီအိုးပါ အဝေးထိန်းစနစ်ဖြင့် ပေါက်ခွဲသည့် မိုင်းတစ်လုံး တူးဖော်သိမ်းဆည်းရမိသည်။

ယနေ့နံနက် ၉ နာရီ ၂၅ မိနစ်ကလည်း အထက်ပြူးမ(နတလ)ရွာမှ နေအိမ် ၃၀ နှင့် ဝက်ကျိမ်း(မြို့ရွာ)မှ နေအိမ် ၃၀ တို့အား အစွန်းရောက်ဘင်္ဂါလီအကြမ်းဖက်သမားများမှ မီးရှို့ဖျက်ဆီးခဲ့သည်။ ထို့ပြင် ကျောက်လှေကားရွာလယ်လမ်းတွင် လက်လုပ်မိုင်းတစ်လုံး ပေါက်ကွဲခဲ့သည်။ နံနက် ၁၀ နာရီတွင် မောင်တောမြို့ မြို့မကညင်တန်းရပ်ကွက်ရှိ ဘင်္ဂါလီနေအိမ်တစ်လုံးအား အစွန်းရောက်ဘင်္ဂါလီအကြမ်းဖက်သမားများက မီးရှို့သဖြင့် လုံခြုံရေးတပ်ဖွဲ့ဝင်များနှင့် ရပ်ကွက်နေပြည်သူများက ဝိုင်းဝန်းမီးငြိမ်းသတ်ခဲ့ရသည်။

နံနက် ၁၀ နာခွဲက မြို့မကညင်တန်းရပ်ကွက်ရှိ ဘင်္ဂါလီနေအိမ်တစ်လုံးအား အစွန်းရောက်ဘင်္ဂါလီအကြမ်းဖက်သမားများက မီးရှို့သဖြင့် ထပ်မံမီးလောင်ကျွမ်းမှုဖြစ်ပွားခဲ့သည်။

နံနက် ၁၁ နာရီ ၁၀ မိနစ်တွင် ကျောက်လှေကားရွာလယ်လမ်း၌ အကြမ်းဖက်သမားများ ထောင်ထားသည့် လက်လုပ်မိုင်းတစ်လုံး ထပ်မံပေါက်ကွဲပြီး ဇင်ပိုင်ညာလမ်းဆုံးအနီးရှိ အိမ်တစ်လုံးအား အကြမ်းဖက်သမားတစ်ဦးက မီးရှို့ပြီး လက်လုပ်မိုင်း တစ်လုံးဖောက်ခွဲ၍ ထွက်ပြေးသွားခဲ့သည်။ လုံခြုံရေးတပ်ဖွဲ့ဝင်များသည် ရွှေဇားရဲကင်းရှေ့ရှိ လူနေအိမ်များအား ရှင်းလင်းရာ အနီ/အနက် ဝါယာကြိုးဖြင့် ဆက်သွယ်ထားပြီး တိပ်အနက်ပတ်ထားသော အထုပ် ခြောက်ထုပ် တွေ့ရှိခဲ့သည်။

ယနေ့နံနက် ၁၁ နာရီ မိနစ် ၂၀ တွင် နယ်မြေ(၄) အတွင်းရှိ စကားပင်ရင်းရွာနှင့် ကြက်ကျိမ်းရွာမှ ဘင်္ဂါလီများသည် ၎င်းတို့နေအိမ်များအား မီးရှို့၍ ထွက်ပြေးသွားခဲ့သည်။ တစ်ချိန်တည်းတွင် လုံခြုံရေးတပ်ဖွဲ့ဝင်များသည် မြစ်နားရွာအား နယ်မြေစိုးမိုးရေးလုပ်ငန်းဆောင်ရွက်စဉ် အစွန်းရောက်ဘင်္ဂါလီအကြမ်းဖက်သမားတစ်ဦးအား ဆွဲမိုင်းတစ်လုံးနှင့်အတူ တွေ့ရှိဖမ်းဆီးခဲ့သည်။

ထို့ပြင် နယ်မြေ(၅) သရက်အုပ်ကင်းစခန်းအနီးသို့ အစွန်းရောက်ဘင်္ဂါလီအကြမ်းဖက်သမား ၅၀၀ ကျော်ခန့်မှ ချဉ်းကပ်လာပြီး လက်နက်ငယ်များဖြင့် စတင်ပစ်ခတ်ခဲ့၍ လုံခြုံရေးတပ်ဖွဲ့ဝင်များက ပြန်လည်ခုခံပစ်ခတ်ရှင်းလင်းခဲ့ရသည်။

မွန်းလွဲ ၁၂ နာရီခွဲတွင် မောင်တောမြို့ပေါ် ရပ်ကွက် (၅) ကာလာဘာ(ဘင်္ဂါလီ)ကျေးရွာတွင် မီးလောင်ကျွမ်းခဲ့ပြီး ၎င်းနေရာမှ လက်လုပ်ဗုံး သုံးလုံး ပေါက်ကွဲခဲ့ပြီး မွန်းလွဲ ၁၂ နာရီ ၄၅ မိနစ်တွင် မောင်တောခရိုင် အုပ်ချုပ်ရေးမှူးရုံးနောက်ရှိ ဘင်္ဂါလီများနေထိုင်သည့် နေအိမ် ၁၉ လုံး မီးလောင်ကျွမ်းသဖြင့် လုံခြုံရေးတပ်ဖွဲ့ဝင်များနှင့် ပြည်သူများမှ ဝိုင်းဝန်းငြိမ်းသတ်နေစဉ် အစွန်းရောက်ဘင်္ဂါလီအကြမ်းဖက်သမားများမှ လက်နက်ငယ်များဖြင့် ပစ်ခတ်တိုက်ခိုက်သဖြင့် လုံခြုံရေးတပ်ဖွဲ့ဝင်များမှ ပြန်လည်ပစ်ခတ်တိုက်ခိုက်ခဲ့ရသည်။

မွန်းလွဲပိုင်းတွင် ကြက်ကျိမ်းရွာဘက်မှ အစွန်းရောက်ဘင်္ဂါလီအကြမ်းဖက်သမား ၅၀ ခန့်သည် ဝက်ကျိမ်းဘုရားတောင်ကြောဘက်သို့လည်းကောင်း၊ ပဒေးကားရွာဘက်မှ အစွန်းရောက်ဘင်္ဂါလီအကြမ်းဖက်သမား ၁၀၀ ခန့်သည် မင်းကြီးမြောက်ရွာဘက်သို့လည်းကောင်း ဝင်ရောက်သွားခဲ့သည်။

မောင်တောမြို့ မြို့မကညင်တန်းအုပ်စု ဒီပါရွာရပ်ကွက် မီးလောင်ပြင်နေရာ၌ မိုင်းသုံးလုံး၊ ဇင်ပိုင်ညာလမ်းဆုံတွင် မိုင်းငါးလုံး စုစုပေါင်း မိုင်း ရှစ်လုံး ဆက်တိုက်ပေါက်ကွဲခဲ့သည်။

မွန်းလွဲ ၁ နာရီတွင် နယ်မြေ(၉) ကျောက်ပန္ဒုကျေးရွာတွင် လုံခြုံရေးယူထားသော တပ်ဖွဲ့ဝင်များအား ကျောက်ပန္ဒုစေတီမှ အစွန်းရောက်ဘင်္ဂါလီအကြမ်းဖက်သမား ၁၀၀ ကျော်ခန့်က လက်နက်ငယ်များဖြင့် လာရောက်ပစ်ခတ်သဖြင့် ပြန်လည်ခုခံရှင်းလင်းခဲ့ရာ အကြမ်းဖက်သမားများကိုင်ဆောင်သည့် လုပ်သေနတ်တစ်လက်၊ ဓားရှည်သုံးချောင်းတို့အား သိမ်းဆည်းရမိခဲ့သည်။

ကျောက်လှေကားရွာ ပြင်ဖြူရဲစခန်းအနီးရှိ နေအိမ်နှစ်လုံးပေါ်မှနေ၍ အစွန်းရောက်ဘင်္ဂါလီအကြမ်းဖက်သမားများက ရဲစခန်းဝင်းအတွင်းသို့ လက်နက်ငယ်ဖြင့် ၁၂ ချက်ခန့် ပစ်ခတ်ပြီး လက်လုပ်မိုင်းသုံးလုံးဖြင့်လည်း ပစ်ခတ်တိုက်ခိုက်ခဲ့သည်။

အလားတူ ရွာသစ်ရွာဘက်မှ အစွန်းရောက်ဘင်္ဂါလီအကြမ်းဖက်သမားများက လက်နက်ငယ်ဖြင့် ပြင်ဖြူရဲစခန်းဘက်သို့ ခုနစ်ချက်ပစ်ခတ်ခဲ့သည်။

မွန်းလွဲ ၂ နာရီကျော်တွင် နယ်မြေ(၆)ရှိ ရွာသစ်ရွာထဲ၌ အကြမ်းဖက်သမားများ ထောင်ထားသည့် လက်လုပ်မိုင်းနှစ်လုံး ပေါက်ကွဲခဲ့ပြီး အကြမ်းဖက်သမားများက ပြင်ဖြူမြို့ နယ်မြေရုံးအား သေနတ်များဖြင့် ၁၂ ချက်ခန့် ပစ်ခတ်ခဲ့သည်။

ညနေ ၃ နာရီ ၁၅ မိနစ်တွင် နယ်မြေ(၁၁)အတွင်းရှိ ရသေ့တောင်မြို့နယ် ချွတ်ပြင်တိုင်းရင်းသားကျေးရွာသို့ အစွန်းရောက် ဘင်္ဂါလီအကြမ်းဖက်သမားတစ်ဦးမှ လက်လုပ်ဗုံးဖြင့် ပစ်ခတ်တိုက်ခိုက်ခဲ့ပြီး ချွတ်ပြင်ဘင်္ဂါလီရွာဘက်သို့ ပြန်လည်ထွက်ပြေးသွားခဲ့သည်။

ဆက်လက်၍ လုံခြုံရေးတပ်ဖွဲ့ဝင်များသည် ချွတ်ပြင်(ဘင်္ဂါလီ)ကျေးရွာအတွင်းသို့ ဝင်ရောက်ရှင်းလင်းရာ အစွန်းရောက်ဘင်္ဂါလီအကြမ်းဖက်သမား ၈၀ ခန့်မှ လက်လုပ်ဗုံး၊ သေနတ်၊ ဓား၊ လှံများဖြင့် ပစ်ခတ်တိုက်ခိုက်သဖြင့် အပြန်အလှန်ပစ်ခတ်မှုများ ဖြစ်ပွားခဲ့ပြီး ညနေ ၄ နာရီ မိနစ် ၄၀ တွင် အစွန်းရောက်ဘင်္ဂါလီအကြမ်းဖက်သမားများက ၎င်းတို့၏နေအိမ်များအား ပြန်လည်မီးရှို့ကာ အထက်နန်းရာကျေးရွာဘက်သို့ ထွက်ပြေးသွားခဲ့ပြီး အစွန်းရောက်ဘင်္ဂါလီအကြမ်းဖက်သမားများထံမှ လုပ်သေနတ် တစ်လက်၊ ဓား ၂၂ ချောင်း၊ လှံ နှစ်ချောင်းနှင့် ဂျင်ကလိများ သိမ်းဆည်းရမိခဲ့သည်။

ညနေ ၆ နာရီတွင် မောင်တောမြို့ ဝိမလတိုင်းရင်းသားရပ်ကွက်အား အစွန်းရောက်ဘင်္ဂါလီအကြမ်းဖက်သမားများမှ မောင်တောမြို့ ပျက်စီးရေးအတွက် အကြိမ်ကြိမ်မီးရှို့ခြင်း၊ ဖောက်ခွဲမှုများပြုလုပ်ခဲ့ပြီး လုံခြုံရေးတပ်ဖွဲ့များနှင့် မီးသတ်တပ်ဖွဲ့များသည် မြို့လုံခြုံရေးနှင့် မီးလောင်ဆုံးရှုံးမှုမဖြစ်စေရေး အလေးထားကာကွယ်ဆောင်ရွက်လျက်ရှိရာ အစွန်းရောက်ဘင်္ဂါလီအကြမ်းဖက်သမားများသည် မီးရှို့ရန် အခွင့်မသာ၍ မောင်တောမြို့မရပ်ကွက် ဇေတိကာရုံကျောင်းတိုက်ဝင်းအတွင်း ကွမ်းသီးကောက်နေသည့် မောင်သန်းလှိုင်(၁၆)နှစ်၊ (မြို)တိုင်းရင်းသားအား လုပ်သေနတ်ဖြင့် ပစ်ခတ်မှုကြောင့် ယာဘက်ပေါင်တွင် ခဲသီးပေါက်မှန်ဒဏ်ရာ ၁၀ ချက်ရရှိခဲ့သဖြင့် မောင်တောဆေးရုံတွင် ဆေးကုသမှုခံယူလျက်ရှိသည်။

သို့ဖြစ်၍ ဩဂုတ် ၂၇ ရက်မှ ၂၈ ရက်အထိ အစွန်းရောက် ဘင်္ဂါလီအကြမ်းဖက်သမားများ ထောင်ထားသည့် လက်လုပ်မိုင်း ၄၅ လုံး ပေါက်ကွဲခဲ့ပြီး ကျေးရွာခုနစ်ရွာ၊ ကင်းစခန်းတစ်ခုနှင့် မောင်တောမြို့ပေါ် ရပ်ကွက်နှစ်နေရာတို့အား ယင်းအကြမ်းဖက်သမားများက မီးရှို့ဖျက်ဆီးခဲ့ကြောင်း ထပ်မံရရှိသည့် သတင်းများအား နိုင်ငံတော်အတိုင်ပင်ခံရုံး သတင်းထုတ်ပြန်ရေးကော်မတီမှ ဆက်လက်ထုတ်ပြန်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**(သတင်းစဉ်)**

# အစွန်းရောက် ဘင်္ဂါလီအကြမ်းဖက်များ၏တိုက်ခိုက်မှုကြောင့် ဒိုင်းနက်တိုင်းရင်းသားငါးဦး သေဆုံးခဲ့သော်လည်း ၅၅ ဦးအား ကယ်ဆယ်နိုင်ခဲ့

**နေပြည်တော် ဩဂုတ် ၂၈**

အစွန်းရောက် ဘင်္ဂါလီအကြမ်းဖက်တိုက်ခိုက်မှုခံရသော မောင်တောမြို့နယ် နယ်မြေ (၂) ရန်ကာစေတီကျေးရွာနေ ဒိုင်းနက်တိုင်းရင်းသား ၂၂ ဦးအနက် ငါးဦးသေဆုံးခဲ့ပြီး ၁၇ ဦး ကယ်တင်နိုင်ခဲ့ကြောင်း၊ အကြမ်းဖက်သမားများ၏ အန္တရာယ်မှ တိမ်းရှောင်ပုန်းကွယ်နေခဲ့ရသော ဒိုင်းနက်တိုင်းရင်းသား ၃၈ ဦးကို လုံခြုံရေးတပ်ဖွဲ့ဝင်များက ဘေးကင်းလုံခြုံရာသို့ ကယ်ထုတ်ရွှေ့ပြောင်းပေးနိုင်ခဲ့ရာ စုစုပေါင်း ဒိုင်းနက်တိုင်းရင်းသား ၅၅ ဦးအား ကူညီကယ်ဆယ်နိုင်ခဲ့ကြောင်း နိုင်ငံတော်အတိုင်ပင်ခံရုံး သတင်းထုတ်ပြန်ရေးကော်မတီ၏ ယနေ့ည ၈ နာရီခွဲ ထုတ်ပြန်ချက်အရ သိရသည်။

ဖြစ်စဉ်မှာ ရန်ကာစေတီကျေးရွာမှ ဒိုင်းနက်တိုင်းရင်းသား ၂၂ ဦးသည် ဩဂုတ် ၂၆ ရက် မွန်းလွဲ ၂ နာရီခွဲတွင် အောင်ဇံတိုင်းရင်းသားကျေးရွာသို့ သွားရောက်နေထိုင်ရန် ထွက်ခွာလာစဉ် ကြောင်ဒိုးကျေးရွာ အဝင်တံတားအနီး၌ အစွန်းရောက် ဘင်္ဂါလီအကြမ်းဖက်သမား ၁၀၀ ခန့်က တုတ်၊ ဓားများဖြင့် ဝိုင်းဝန်းထိုးခုတ်သောကြောင့် ဦးမောင်ဘစိန် (၂၈)နှစ် ထွက်ပြေးလွတ်မြောက်ခဲ့မှု သတင်းအရ လုံခြုံရေးတပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ဩဂုတ် ၂၇ ရက်တွင် ရန်ကာစေတီရွာသို့ သွားရောက်ပြီး ၎င်းရွာ၌ ပုန်းကွယ်ကျန်ရှိနေသော ဦးကျော်သာအောင် (၆၀)နှစ်အပါအဝင် ဒိုင်းနက်လူမျိုး ၃၈ ဦးအား ကူညီကယ်ဆယ်၍ နယ်မြေရုံးသို့ ခေါ်ဆောင်ခဲ့သည်။

အစွန်းရောက် ဘင်္ဂါလီအကြမ်းဖက်သမားများ၏ တိုက်ခိုက်မှုမှ လွတ်မြောက်လာသည့် ဒိုင်းနက်တိုင်းရင်းသားရှစ်ဦးနှင့် တိုင်းရင်းသူရှစ်ဦး စုစုပေါင်း ၁၆ ဦးမှာ ယနေ့နံနက် ၅ နာရီတွင် နယ်မြေရုံးသို့ ရောက်ရှိလာခဲ့ရာ ၎င်းအနက် မဦးခင်ခင် (၂၇) နှစ် (ဘ) ဦးစံရွှေအောင်တွင် ပြတ်ရှဓားဒဏ်ရာများရရှိခဲ့ပြီး စိုးရိမ်ရသဖြင့် ဆေးရုံတက်ကုသမှုခံယူလျက်ရှိကြောင်း၊ စုံစမ်းမေးမြန်းချက်အရ ဦးစိန်ထွန်းမောင် (၂၈)နှစ်အပါအဝင် ငါးဦးမှာ အစွန်းရောက် ဘင်္ဂါလီအကြမ်းဖက်အဖွဲ့၏ ဝိုင်းဝန်းထိုးခုတ်မှုကြောင့် ဩဂုတ်၂၆ ရက်က အခင်းဖြစ်နေရာတွင် သေဆုံးခဲ့ကြောင်း သိရသည်။

**(သတင်းစဉ်)**

**❍ ဆီးဂိမ်းမှ**

ကြေးတံဆိပ်ရရှိရန်သာ ကြိုးစားရမည်ဖြစ်သည်။ မြန်မာ ယူ-၂၂ အသင်းနှင့် အင်ဒိုနီးရှား အသင်းသည် ဆီးဂိမ်းပြိုင်ပွဲတွင် သုံးကြိမ်ဆက်တိုက်တွေ့ဆုံခြင်းဖြစ်ပြီး ၂၀၁၃ ပြိုင်ပွဲတွင် မြန်မာအသင်းက တစ်ဂိုး-ဂိုးမရှိဖြင့် ရှုံးနိမ့်ခဲ့ကာ ၂၀၁၅ ပြိုင်ပွဲတွင် လေးဂိုး-နှစ်ဂိုးဖြင့် ပြန်လည်အနိုင်ရခဲ့သည်။ အင်ဒိုနီးရှားအသင်း၏ လက်ရှိခြေစွမ်းကြောင့် မြန်မာ ယူ-၂၂ အသင်းသည် တတိယကြေးတံဆိပ်ဆုအတွက် ခက်ခက်ခဲခဲကစားရဖွယ်ရှိနေပြီး အာရုံစူးစိုက်မှုအပြည့်ဖြင့် ကစားမှုသာ အနိုင်ရဖွယ်ရှိနေသည်။

မြန်မာ ယူ-၂၂ အသင်းသည် အုပ်စုပွဲများတွင် စင်ကာပူကို နှစ်ဂိုး-ဂိုးမရှိ၊ လာအိုကို သုံးဂိုး-တစ်ဂိုး၊ ဘရူနိုင်းကို ခြောက်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရခဲ့ပြီး နောက်ဆုံးပွဲတွင် မလေးရှားကို သုံးဂိုး-တစ်ဂိုးဖြင့် ရှုံးခဲ့သည်။ ဆီမီးဖိုင်နယ်တွင်လည်း မြန်မာအသင်းသည် ထိုင်းကို တစ်ဂိုး-ဂိုးမရှိဖြင့် ရှုံးနိမ့်ခဲ့သည်။ ယခုပွဲကို မြန်မာဘောလုံးပရိသတ်များအတွက် လက်မှတ်ခွဲတမ်း ၄၅၀၀ ရရှိထားကြောင်း သိရသည်။

**သတင်း-ရဲရင့်ရှိုင်း၊ ဓာတ်ပုံ-စိုးညွန့် (ခေတ္တ-မလေးရှား)**

# ဆေးဝါးသုံးအရက်ပြန်ထုတ်လုပ်မှုနှင့်ပတ်သက်၍ အသိပညာပေးဟောပြော

**နေပြည်တော် ဩဂုတ် ၂၈**
စက်မှုဝန်ကြီးဌာန မြန်မာ့ဆေးဝါးလုပ်ငန်းမှ ကြီးမှူးကျင်းပသော ဆေးဝါးသုံး အရက်ပြန်ထုတ်လုပ်မှုနှင့်ပတ်သက်၍ အသိပညာပေးဟောပြောပွဲကို ယနေ့နံနက်ပိုင်းက ရန်ကုန်မြို့ မရမ်းကုန်းမြို့နယ် (၇) မိုင် သလ္လာဝတီလမ်းရှိ SME ရုံး Incubation Centre ၌ ကျင်းပရာ မြန်မာ့ဆေးဝါးလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးကိုကိုအောင်၊ စက်မှုဝန်ကြီးဌာန မြန်မာ့ဆေးဝါးလုပ်ငန်းမှ တာဝန်ရှိသူများ၊ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာနမှ တာဝန်ရှိသူများ၊ ဆေးဝါးထုတ်လုပ်ရေးဆိုင်ရာ လုပ်ငန်းရှင်များ တက်ရောက်ကြသည်။

အခမ်းအနားတွင် မြန်မာ့ဆေးဝါးလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးကိုကိုအောင်က ဆေးဝါးသုံးအရက်ပြန်အား WHO ၏ GMP Guide Lines နှင့်အညီ စနစ်တကျ ထုတ်လုပ်ခြင်းကို သိရှိနားလည် ထုတ်လုပ်နိုင်ရန်အတွက် လိုအပ်သော အသိပညာများကို မြန်မာ့ဆေးဝါးလုပ်ငန်း၏ ဆေးဝါးစက်ရုံ(အင်းစိန်)BPI မှ ပညာရှင်များက အသိပညာပေးသွားမည်ဖြစ်ကြောင်း၊ အရက်ပြန်ထုတ်လုပ်သူ လုပ်ငန်းရှင်များအနေဖြင့် ယခုဟောပြောပို့ချမှုမှ ရရှိသည့် နည်းပညာပိုင်းဆိုင်ရာ အခြေခံလိုအပ်ချက်များကို ပြင်ဆင်ပြီးနောက် အမျိုးသားဆေးဝါးဥပဒေတွင် ဖော်ပြထားသည့်အတိုင်း အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာနသို့ အရက်ပြန်ထုတ်လုပ်ခွင့်လိုင်စင် လျှောက်ထားရန်ဖြစ်ကြောင်း ပြောကြားခဲ့သည်။

ဟောပြောပို့ချမှုကို ဩဂုတ် ၂၈ ရက်မှ ၃၀ ရက်အထိ သုံးရက်ကြာ ကျင်းပသွားမည်ဖြစ်ပြီး ကောင်းမွန်သော ထုတ်လုပ်မှုကျင့်စဉ် (GMP)၊ အရက်ပြန်ထုတ်လုပ်ပုံနည်းစဉ်အဆင့်ဆင့်၊ အသုံးပြုရမည့် ကုန်ကြမ်းနှင့် ထုပ်ပိုးပစ္စည်းဆိုင်ရာ စံချိန်စံညွှန်းများ၊ ဆေးဝါးသုံးအရက်ပြန်အတွက် စံချိန်စံညွှန်းအရည်အသွေးများနှင့် ဈေးကွက်အတွင်းတွေ့ရှိရသည့် အရက်ပြန်ထုတ်လုပ်မှုဆိုင်ရာအားနည်းချက်များ စသည့်ဘာသာရပ်ဆိုင်ရာများကို ဟောပြောပို့ချမည်ဖြစ်သည်။ **မင်းသစ်**(MNA)



# မြန်မာနိုင်ငံအတွင်း ကုန်သွယ်မှုမှ အလုပ်အကိုင်အပေါ် အကျိုးသက်ရောက်မှု အားကောင်းလာစေရေး စီမံကိန်းမူဝါဒဆိုင်ရာလုပ်ငန်းအဖွဲ့ အစည်းအဝေးကျင်းပ

**နေပြည်တော် ဩဂုတ် ၂၈**
အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန အလုပ်သမားညွှန်ကြားရေးဦးစီးဌာနနှင့် အပြည်ပြည်ဆိုင်ရာ အလုပ်သမားရေးရာအဖွဲ့ (ILO) တို့ ပူးပေါင်း၍ အကောင်အထည်ဖော်လျက်ရှိသော မြန်မာနိုင်ငံအတွင်း ကုန်သွယ်မှုမှ အလုပ်အကိုင်အပေါ် အကျိုးသက်ရောက်မှုအားကောင်းလာစေရေးစီမံကိန်း၏ မူဝါဒဆိုင်ရာလုပ်ငန်းအဖွဲ့ အစည်းအဝေးကို ယနေ့နံနက်ပိုင်းက နေပြည်တော်ရှိ သင်္ဂဟဟိုတယ်၌ ကျင်းပခဲ့သည်။

ရှေးဦးစွာ အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန၊ အလုပ်သမားရေးရာဆိုင်ရာ အမြဲတမ်းအတွင်းဝန်နှင့် ILO Liaison Office (Yangon)မှ Liaison Officer Mr. Rory Mungoven တို့က အဖွင့်အမှာစကားပြောကြားကြသည်။

အခမ်းအနားသို့ဖိတ်ကြားထားသော ဌာနဆိုင်ရာကိုယ်စားလှယ်များ၊ စီမံကိန်းမူဝါဒဆိုင်ရာလုပ်ငန်းအဖွဲ့ အဖွဲ့ဝင်များနှင့် အခြားဖိတ်ကြားထားသူများ စုစုပေါင်း ၃၀ ခန့် တက်ရောက်ခဲ့ကြသည်။

ထို့နောက် စီမံကိန်းမူဝါဒဆိုင်ရာ လုပ်ငန်းအဖွဲ့၏ ပထမအကြိမ် အစည်းအဝေးကို ဆက်လက်ကျင်းပရာ International Trade Center မှ Mr. Cristian Ugarte Romero က မြန်မာနိုင်ငံအတွင်း အလုပ်အကိုင်အတွက် အလားအလာရှိသော ပို့ကုန်ကဏ္ဍနှင့်စပ်လျဉ်း၍ ဆွေးနွေးပြောကြားပြီး လုပ်ငန်းအဖွဲ့ဥက္ကဋ္ဌ အလုပ်သမားညွှန်ကြားရေးဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးအောင်ဌေးဝင်းက သဘာပတိအဖြစ်ဦးဆောင်၍ မြန်မာနိုင်ငံအတွင်း အလုပ်အကိုင်အတွက် အလားအလာရှိသော ဦးစားပေးပို့ကုန်ဆိုင်ရာ လုပ်ငန်းကဏ္ဍကို ရွေးချယ်သတ်မှတ်ခဲ့ကြပြီး ရှေ့ဆက်လက်ဆောင်ရွက်မည့် လုပ်ငန်းစဉ်များနှင့်စပ်လျဉ်း၍ ဆွေးနွေးခဲ့ကြကြောင်း သိရသည်။

မြန်မာနိုင်ငံအတွင်း ကုန်သွယ်မှုမှ အလုပ်အကိုင်အပေါ် အကျိုးသက်ရောက်မှု အားကောင်းလာစေရေး စီမံကိန်း၏အဓိကရည်ရွယ်ချက်မှာ နိုင်ငံတော်၏စီးပွားရေးမူဝါဒများနှင့် အလုပ်အကိုင်မူဝါဒတို့ကို ချိတ်ဆက်၍ ကုန်သွယ်မှုမှ အရေအတွက်နှင့် အရည်အသွေးရှိသည့် အလုပ်အကိုင်များဖန်တီးနိုင်စေရေး၊ ကုန်သွယ်မှုနှင့် ကဏ္ဍဆိုင်ရာမူဝါဒအစီအစဉ်များ စိစစ်သုံးသပ်ချမှတ်နိုင်ရေးအတွက် နိုင်ငံ၏စွမ်းဆောင်ရည်အားကောင်းစေရန် ဆောင်ရွက်ခြင်းဖြစ်ပြီး စီမံကိန်းကို ၂၀၁၇-၂၀၁၉ ခုနှစ် နှစ်နှစ်တာကာလအတွင်း အကောင်အထည်ဖော်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။ **(သော်တာဝင်း)**



# မြစ်သားမြို့၌ လျှပ်စစ်အန္တရာယ်ကင်းရှင်းစေရေး အသိပညာပေးဟောပြော

**မြစ်သား ဩဂုတ် ၂၈**
အများပြည်သူ လျှပ်စစ်အန္တရာယ်ကင်းဝေးစေရေး အသိပညာပေးဟောပြောပွဲကို ဩဂုတ် ၂၃ ရက်က ပြုလုပ်ရာ မန္တလေးတိုင်းဒေသကြီး စက်မှုကြီးကြပ်ရေးနှင့် စစ်ဆေးရေးဦးစီးဌာန လျှပ်စစ်စစ်ဆေးရေးဌာနမှ ဒုတိယညွှန်ကြားရေးမှူး ဦးဖြိုးဝင်းက အများပြည်သူ လျှပ်စစ်အန္တရာယ် ကင်းဝေးစေရန် ခေတ်တိုင်၊ ဆိုင်းကြိုး၊ ထရန်စဖော်မာထားရှိသော ခြံဝင်းများတွင် ဆော့ကစားခြင်း၊ ကျွဲ၊ နွားများ ချည်နှောင်ခြင်းများ မပြုလုပ်ရန်နှင့် မြို့နယ်လျှပ်စစ်အင်ဂျင်နီယာ ဦးတင်မျိုးဝင်းက ခေတ်ကြိုးများ ပြတ်ကျခြင်း၊ လျော့ကျခြင်း၊ သစ်ပင်များကျိုးခြင်း ထိခြင်းများဖြစ်ပေါ်လျှင် နီးစပ်ရာ လျှပ်စစ်ရုံးသို့ အမြန်ဆက်သွယ်ပေးရန် တို့ကိုဆွေးနွေးကာ လက်ကမ်းစာစောင်များဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။

**ရဲဝင်းထွန်း(မြစ်သား)**

# ကရင်ပြည်နယ်၌ ပြည်တွင်း ပြည်ပခရီးသွားဧည့်သည်များအား ဝန်ဆောင်မှုပေးနိုင်ရေး ဒေသဆိုင်ရာဧည့်လမ်းညွှန်(အခြေခံ)သင်တန်းဖွင့်

**ဘားအံ ဩဂုတ် ၂၈**
ကရင်ပြည်နယ်အတွင်း ကမ္ဘာလှည့်ခရီးသွားဧည့်သည်များ ဝင်ရောက်လာမှုတွင် ဝန်ဆောင်မှုလုပ်ငန်းများ ပိုမိုပေးနိုင်စေရေးနှင့် ဒေသအတွင်း ခရီးသွားဧည့်သည်များ ပိုမိုဝင်ရောက်စေရန်၊ ထို့မှတစ်ဆင့် အာဆီယံအသိုက်အဝန်းတွင် အလုပ်အကိုင် အခွင့်အလမ်းများ တစ်ပြေးညီရရှိစေရန်အတွက် ရည်ရွယ်ကာ ဟိုတယ်နှင့် ခရီးသွားလာရေး ဝန်ကြီးဌာနနှင့် ကရင်ပြည်နယ်အစိုးရအဖွဲ့တို့ပူးပေါင်း၍ ဒေသဆိုင်ရာ ဧည့်လမ်းညွှန်(အခြေခံ)သင်တန်းအမှတ်စဉ်(၃၄)ကို ယနေ့နံနက် ၁၀ နာရီက ဘားအံမြို့ သီရိဘားအံဟိုတယ်၌ ဖွင့်လှစ်သင်ကြားပေးခဲ့ကြောင်း သိရသည်။

သင်တန်းဖွင့်ပွဲတွင် ကရင်ပြည်နယ် စီမံကိန်း၊ ဘဏ္ဍာရေးနှင့် စည်ပင်သာယာရေးဝန်ကြီး ဦးသန်းနိုင်က အမှာစကားပြောကြားရာ ကရင်ပြည်နယ်တွင် ပြည်တွင်း ပြည်ပ ခရီးသွားဧည့်သည်များ နှစ်စဉ်တိုးတက်လည်ပတ်လျက်ရှိပြီး ယခုနှစ် ဩဂုတ်လအထိ ပြည်တွင်းခရီးသည် ၃၇၀၄၇၀ နှင့် နိုင်ငံခြားသားခရီးသည် ၁၄၁၄၈၁ ဦး လာရောက်လည်ပတ်ခဲ့ပြီး ယခင်နှစ်ထက် ၈၆ ရာခိုင်နှုန်းကျော် ခုနစ်လအတွင်း ဝင်ရောက်လာသည်ကိုတွေ့ရကြောင်း၊ နိုင်ငံခြားသားဧည့်သည်များ လုံလောက်စွာ တည်းခိုနိုင်ရေးအတွက် အဆင့်မြင့်ဟိုတယ်များကို ထပ်မံတည်ဆောက်ခွင့်ပေးထားကြောင်းနှင့် မြဝတီနယ်စပ်ဂိတ်မှ ထိုင်းနိုင်ငံသားများကို နယ်စပ်ဖြတ်သန်းခွင့် လက်မှတ် (Border Pass)ဖြင့် ဘားအံမြို့တော်အထိ နှစ်ညအိပ်သုံးရက် လည်ပတ်ခွင့်ကိုလည်း ပြည်နယ်အစိုးရမှ စီစဉ်ဆောင်ရွက်ထားကြောင်း၊ ထို့ကြောင့် ပြည်တွင်း ပြည်ပ ဧည့်သည်များအား ဝန်ဆောင်မှုပေးနိုင်ရန်အတွက် ယခုကဲ့သို့ သင်တန်းများ ဖွင့်လှစ်ရခြင်းဖြစ်ကြောင်း ပြောကြားသည်။

ဘားအံမြို့၏ သဘာဝလိုဏ်ဂူများ၊ ရှေးဟောင်းစေတီပုထိုးများနှင့် တောတောင် ရေမြေသဘာဝအလှများကြောင့် နိုင်ငံခြားခရီးသွားဧည့်သည်များအား ဝန်ဆောင်မှုပေးနိုင်ရေး သင်တန်းသို့ ကရင်ပြည်နယ်အတွင်းရှိ သင်တန်းသား ၃၁ ဦး၊ သင်တန်းသူ ၁၅ ဦး စုစုပေါင်း ၄၆ ဦး တက်ရောက်လျက်ရှိပြီး ဩဂုတ် ၂၈ ရက်မှ စက်တင်ဘာ ၂၂ ရက်အထိ ဟိုတယ်နှင့် ခရီးသွားညွှန်ကြားမှုဦးစီးဌာနမှ ပညာရှင်သင်တန်းနည်းပြများက အလှည့်ကျဧည့်လမ်းညွှန် ဝန်ဆောင်မှုလုပ်ငန်းနှင့်ပတ်သက်သည့် အချက်များကို သင်ကြားပို့ချပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**နေမျိုးလွင်(ပြန်/ဆက်)**



# ရွှေဘိုမြို့ရှိ ကောလိပ်အဟောင်းကို အခြေခံပညာအထက်တန်းကျောင်းအဖြစ် တိုးချဲ့ဖွင့်လှစ်

**ရွှေဘို ဩဂုတ် ၂၈**
စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုမြို့ အမှတ်(၆)ရပ်ကွက်ရှိ ၁၄ ဒသမ ၅၆ ဧကရှိ ယခင်ဒေသကောလိပ်မှာ ၁၉၉၉ ခုနှစ် ဇူလိုင် ၇ ရက်တွင် ဒီဂရီကောလိပ်အဆင့်အထိ ဖွင့်လှစ်သင်ကြားခဲ့ပြီး ၂၀၁၁ ခုနှစ် ဇွန် ၁၃ ရက်တွင် တက္ကသိုလ်အဆင့်ရောက်သောအခါ လက်ရှိနေရာမှ ပြောင်းရွှေ့သွားပြီး အသုံးမပြုသည်မှာ ခြောက်နှစ်ကြာမြင့်ပြီဖြစ်သဖြင့် ၂၀၁၇-၂၀၁၈ ပညာသင်နှစ်တွင် အမှတ်(၄) အခြေခံပညာအထက်တန်းကျောင်းအဖြစ် တိုးချဲ့ဖွင့်လှစ်နိုင်ပြီဖြစ်ကြောင်း သိရသည်။

အဆိုပါကျောင်းဖွင့်လှစ်နိုင်ရေးအတွက် ခရိုင်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဦးမောင်ထူး၏ဦးဆောင်မှုဖြင့် မြို့နယ်အုပ်ချုပ်ရေးမှူး၊ ပညာရေးဌာန၊ တပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ စည်ပင်သာယာမှ စက်ယန္တရားများ၊ မြို့မိ မြို့ဖများနှင့် ဌာနဆိုင်ရာများ ပူးပေါင်းပြီး စာသင်ကျောင်းအမြန်ဖွင့်လှစ်နိုင်ရေးအတွက် ချုံနွယ်များ ရှင်းလင်းခြင်း၊ ရေနုတ်မြောင်းများပြန်လည်တူးဖော်ခြင်း၊ မြေများပြန်လည်ပြုပြင်ခြင်း၊ သန့်စင်ခန်းများ ပြန်လည်ရှင်းလင်းခြင်းတို့ကို ဆောင်ရွက်လျက်ရှိသည်။

၂၀၁၇-၂၀၁၈ ပညာသင်နှစ်တွင် အမှတ်(၄) အခြေခံပညာအထက်တန်းကျောင်းကို စက်တင်ဘာ ၁၁ ရက်တွင် စာသင်ခန်း ခုနစ်ခန်းဖြင့် ပဉ္စမတန်းမှ နဝမတန်းအထိ ကျောင်းသား ကျောင်းသူ စုစုပေါင်း ၁၉၀ ကျော်ဖြင့် ဖွင့်လှစ်နိုင်ရန် လျာထားကြောင်း၊ နှစ်ထပ်ကျောင်းဆောင်သစ် ဆောက်လုပ်ရန်လည်း ကျထားပြီဖြစ်ကြောင်း၊ ကျောင်းဝင်းအတွင်းရှိ အန္တရာယ်ရှိအဆောင်ခြောက်ဆောင်ကို ဖျက်သိမ်းရန်ကျထားပြီး လေလံတင်ရောင်းချသွားမည်ဖြစ်ကြောင်း ခရိုင်ပညာရေးမှူးရုံးမှ လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်မြင့်မြင့်တင်က ပြောသည်။

**(ခင်ဦးစိုးဝေ)**

# ၂၀၁၇-၂၀၁၈ ပညာသင်နှစ်တွင် မူလတန်း၊ အလယ်တန်း၊ အထက်တန်းတို့တွင် ကျောင်းသား ကျောင်းသူ ၉၁၈၇၁၈၂ ဦး ပညာသင်ကြားလျက်ရှိ

**နေပြည်တော် ဩဂုတ် ၂၈**

ပညာရေးဝန်ကြီးဌာန ပညာသင်ယူမှုအခွင့်အလမ်းနှင့် အရည်အသွေးမြှင့်တင်ရေး စီမံကိန်းလုပ်ငန်းများဆိုင်ရာ ညှိနှိုင်းအစည်းအဝေးကို ယမန်နေ့ နံနက် ၉ နာရီ ၁၅ မိနစ်တွင် ပညာရေးဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အစည်းအဝေးတွင် ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိမ်းကြီးက ပညာရေးသည် ယခင်က နှစ်ပေါင်းများစွာ ခေတ်နောက်ကျကျန်နေခဲ့သည့်အတွက်ပညာသင်ယူမှု အရည်အသွေးမြှင့်တင်နိုင်ရန် ဦးတည်ကြိုးစားအကောင်အထည်ဖော် ဆောင်ရွက်နေကြောင်း၊ ၂၀၁၇-၂၀၁၈ ပညာသင်နှစ်တွင် ကျောင်းအဆင့်မြှင့်တင်ရေးဆောင်ရွက်ရာ ကျောင်းပေါင်း ၅၀၉၉ ကျောင်း အဆင့်တိုးမြှင့်ဖွင့်လှစ်ပေးခဲ့ကြောင်း၊ ကျောင်းအဆင့် တိုးမြှင့်ပေးသည့်အတွက် ပညာသင်ယူမှုအခွင့်အလမ်းများ ပိုမိုရရှိခဲ့ကြောင်း၊ ထို့ကြောင့် ၂၀၀၇-၂၀၀၈ ပညာသင်နှစ်တွင် မူလတန်း၊ အလယ်တန်း၊ အထက်တန်းကျောင်းသား ကျောင်းသူ စုစုပေါင်း ၇၇၇၆၂၀၄ ဦးရှိ၍ ၂၀၁၁-၂၀၁၂ ပညာသင်နှစ်တွင် မူလတန်း၊ အလယ်တန်း၊ အထက်တန်း ကျောင်းသား ကျောင်းသူ စုစုပေါင်း ၇၉၉၃၉၅၅ ဦးရှိပြီး ၂၀၁၇-၂၀၁၈ ပညာသင်နှစ်တွင် မူလတန်း၊ အလယ်တန်း၊ အထက်တန်း ကျောင်းသား ကျောင်းသူ စုစုပေါင်း ၉၁၈၇၁၈၂ ဦးအထိ တိုးတက်များပြားလာကြောင်း။

ကျောင်းနေအရွယ်ကလေးတိုင်း ကျောင်းနေရေးနှင့် ကျောင်းထွက်သူ ပပျောက်ရေးအတွက် ကြိုးပမ်းအကောင်အထည်ဖော်လျက်ရှိကြောင်း၊ လိုအပ်ချက်များဖြစ်သော ဆရာ၊ စာသင်ခန်း၊ စာသင်ခုံများ၊ သင်ထောက်ကူပစ္စည်းများ၊ စာကြည့်တိုက်၊ အိုင်စီတီနှင့် အခြားလိုအပ်ချက်များ ဖြည့်ဆည်းပေးရန် လိုအပ်ကြောင်း၊ ဆရာ ကျောင်းသား အချိုးမျှတရန် လိုအပ်ကြောင်း၊ ပညာရေးအသုံးစရိတ်များကိုလည်း ထိထိရောက်ရောက် အကျိုးရှိရှိ သုံးစွဲရန် အရေးကြီးကြောင်း၊ မူလတန်း၊ အလယ်တန်း ပြီးမြောက်ပါက ဝါသနာနှင့် အရည်အချင်းအရ သက်မွေးကျွမ်းကျင်မှုသင်တန်းများ၊ အထက်တန်းပညာနှင့် အဆင့်မြင့်ပညာ ဆက်လက်သင်ယူနိုင်ရန် အရေးကြီးကြောင်း၊ ကျောင်းသား ကျောင်းသူတိုင်းကို လူသားကောင်းများ၊ ပူးပေါင်းဆောင်ရွက်တတ်သူများ၊ တာဝန်ယူ တာဝန်ခံတတ်သူများနှင့် တီထွင်ကြံဆတတ်သူများ ဖြစ်အောင်ဆောင်ရွက်ရန် ဝိုင်းဝန်း ပူးပေါင်းကြိုးပမ်းအကောင်အထည်ဖော်နိုင်ရေးအတွက် လိုအပ်ချက်၊ အခက်အခဲ၊ စိန်ခေါ်မှုများကို ဖြည့်ဆည်းဖြေရှင်းနိုင်ရေးအတွက် စီမံကိန်းလုပ်ငန်းများကို ညှိနှိုင်းဆွေးနွေးရန် ပြောကြားသည်။

ဆက်လက်၍ အခြေခံပညာဦးစီးဌာန၊ နည်းပညာ၊ သက်မွေးပညာနှင့် လေ့ကျင့်ရေးဦးစီးဌာန၊ အဆင့်မြင့်ပညာဦးစီးဌာနတို့မှ တာဝန်ရှိသူများက တိုင်းဒေသကြီးနှင့် ပြည်နယ်အလိုက် ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ် သင်ယူမှုအခွင့်အလမ်းနှင့် အရည်အသွေးမြှင့်တင်ရေးစီမံကိန်းလုပ်ငန်းလျာထားချက်ကို ဆွေးနွေးတင်ပြရာ သက်ဆိုင်ရာ တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးမှ လူမှုရေးဝန်ကြီးများက အကြံပြုဆွေးနွေးကြကြောင်း သိရသည်။ **(သတင်းစဉ်)**

# လူထုစုပေါင်းစက်ဘီးစီးနင်းပွဲ အင်အား ၂၀၀ ကျော် ပါဝင်ဆင်နွှဲ

**ရန်ကုန် ဩဂုတ် ၂၈**

တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေး (၁၅)ကြိမ်မြောက် ရန်ကုန်တောင်ပိုင်းခရိုင် လူထုစုပေါင်း စက်ဘီးစီးနင်းပွဲကို ဩဂုတ် ၂၇ ရက် နံနက် ၆ နာရီက သန်လျင်မြို့ စတားစီးတီးအရှေ့မှ စတင်ကာ သန်လျင်မြို့တွင်းသို့ လှည့်လည်၍ စုပေါင်းစက်ဘီးစီးနင်းခဲ့ကြောင်း သိရသည်။



လူထုစုပေါင်း စက်ဘီးစီးနင်းပွဲကို ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန အားကစားနှင့် ကာယပညာဦးစီးဌာနနှင့် မြန်မာနိုင်ငံစက်ဘီးအဖွဲ့ချုပ်တို့ ပူးပေါင်းမှုဖြင့် အင်အား ၂၀၀ ကျော်က သန်လျင်မြို့ မြို့ဟောင်း အနောက်ရပ်ကွက်၊ ကျိုက်ခေါက်ဘုရားလမ်း၊ ဗိုလ်ချုပ်နေဝင်းလမ်း၊ မြို့မလမ်း၊ လမ်းမတော်လမ်း၊ ပဲခူးစုလမ်း၊ ကျိုက်ခေါက်ဘုရားလမ်းမ၊ ကျိုက်ခေါက်ဘုရားလက်ယာတစ်ပတ် လှည့်လည်ကာ မြို့ဟောင်းအနောက်ရပ်ကွက်၊ ကျိုက်ခေါက်ဘုရားလမ်း၊ ဒေါင်းမင်းပန်းခြံသို့ နံနက် ၇ နာရီတွင် ပြန်လည်ရောက်ရှိကြောင်း သိရသည်။

လူထုစုပေါင်း စက်ဘီးစီးနင်းပွဲကို ရန်ကုန်တိုင်းဒေသကြီး ခရိုင် လေးခရိုင်အတွင်းရှိ အားကစားနှင့် ကာယပညာဦးစီးဌာနနှင့် မြန်မာနိုင်ငံစက်ဘီးအဖွဲ့ချုပ်တို့ ပူးပေါင်း၍ တစ်လလျှင် တစ်ခရိုင် လူထုစုပေါင်းစက်ဘီးစီးနင်းခြင်းဖြစ်ကြောင်း သိရသည်။ **သက်ခိုင် (သန်လျင်)**

# ကတ္တရာခင်းခြင်းနှင့် ရေပြွန်တံတားတည်ဆောက်ခြင်းလုပ်ငန်းများ စစ်ဆေး

**သရက် ဩဂုတ် ၂၈**

မကွေးတိုင်းဒေသကြီး စီမံကိန်း၊ ဘဏ္ဍာရေးနှင့် စည်ပင်သာယာရေး ဝန်ကြီး ဦးဇော်မင်း၊ မကွေးတိုင်းဒေသကြီး စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးထင်အောင်တို့သည် ဩဂုတ် ၂၆ ရက်က သရက်မြို့ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ရုံး၌ မြို့နယ်စည်ပင်သာယာရေးကော်မတီဝင်များ၊ ရုံးဝန်ထမ်းများနှင့် တွေ့ဆုံခဲ့သည်။



မကွေးတိုင်းဒေသကြီး စီမံကိန်း၊ ဘဏ္ဍာရေးနှင့် စည်ပင်သာယာရေး ဝန်ကြီး၊ မကွေးတိုင်းဒေသကြီး စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူးတို့က မြို့နယ်စည်ပင်သာယာရေးလုပ်ငန်းများ၊ မြို့သန့်ရှင်းသာယာလှပရေး၊ ရေပေးရေး၊ တည်ဆောက်ရေးလုပ်ငန်းများနှင့်ပတ်သက်၍ ပွင့်လင်းမြင်သာမှုရှိစွာ ဆောင်ရွက်ရန်နှင့် ဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် ဝန်ထမ်းများအနေဖြင့် တာဝန်ကျေရုံသာမဟုတ်ဘဲ စေတနာထား၍ ဆောင်ရွက်စေလိုကြောင်း မှာကြားခဲ့သည်။

ထို့နောက် မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးသိန်းနိုင်က မြို့နယ်စည်ပင်သာယာရေးအဖွဲ့၏ လုပ်ငန်းဆောင်ရွက်မှုများကို တင်ပြသည်။ ယင်းနောက် မကွေးတိုင်းဒေသကြီး စီမံကိန်း၊ ဘဏ္ဍာရေးနှင့် စည်ပင်သာယာရေးဝန်ကြီးနှင့်အဖွဲ့သည် မြို့နယ်စည်ပင်သာယာရေးအဖွဲ့မှ ၂၀၁၇-၂၀၁၈ ခုနှစ် ပထမသုံးလပတ် ဆောင်ရွက်ထားရှိသည့် မဟာဗန္ဓုလလမ်း ကတ္တရာခင်းခြင်းနှင့် ရေပြွန်တံတားတည်ဆောက်ခြင်းလုပ်ငန်းများ၊ မြို့ရေပေးရေး ရေစုကန်တို့ကို စစ်ဆေးကြည့်ရှုခဲ့ကြောင်း သိရသည်။

**ဇော်ထက်(သရက်)**

# လူထုဗဟိုပြုစီမံကိန်း သုံးသပ်ဆွေးနွေး

**လွိုင်ကော် ဩဂုတ် ၂၈**

ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနနှင့် ကမ္ဘာ့ဘဏ်တို့ပူးပေါင်းဆောင်ရွက်သည့် လူထုဗဟိုပြုစီမံကိန်း လွိုင်ကော်မြို့ ရှားတောမြို့၏ မြို့နယ်အဆင့် သက်ဆိုင်သူပေါင်းစုံပါဝင်သော သုံးသပ်ဆွေးနွေးပွဲကို ဩဂုတ်လ တတိယပတ်က ကယားပြည်နယ် လွိုင်ကော်မြို့ မြို့နယ်ခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် ပြည်နယ်စိုက်ပျိုး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီး ဦးဘော့စ်ကိုက ကယားပြည်နယ်အတွင်းရှိ မြို့နယ် ခုနစ်မြို့နယ်တွင် လူထုဗဟိုပြုစီမံကိန်း လုပ်ငန်းခွဲပေါင်း ၃၄၁ ခုကို ဆောင်ရွက်ခဲ့ရာ ၉၉ ရာခိုင်နှုန်း ပြီးစီးပြီဖြစ်ကြောင်း ပြောကြားသည်။

ဆက်လက်၍ ကယားပြည်နယ် လူထုဗဟိုပြုစီမံကိန်းရုံးခွဲ စီမံကိန်းတာဝန်ခံ ဦးဟန်မြင့်ထွန်းက လူထုဗဟိုပြုစီမံကိန်းအကြောင်း ရှင်းလင်းတင်ပြပြီး လွိုင်ကော်မြို့ ရှားတောမြို့နယ် လူထုဗဟိုပြုစီမံကိန်း စီမံကိန်းတာဝန်ခံ ဦးတင်ကိုလတ်က ပထမနှစ်လုပ်ငန်းစဉ်အကြောင်း ရှင်းလင်းတင်ပြ၍ စီမံကိန်းလုပ်ငန်းစဉ်များနှင့်ပတ်သက်ပြီး ပွင့်လင်းစွာဆွေးနွေးခြင်း (အမေး/အဖြေကဏ္ဍ)ကို ဆောင်ရွက်ကြသည်။

ယင်းနောက် လွိုင်ကော်မြို့ ရှားတောမြို့နယ် လူထုဗဟိုပြုစီမံကိန်း နည်းပညာအကြံပေးခေါင်းဆောင် ဒေါ်နော်ဂျူးလစ်က လုပ်ငန်းဆောင်ရွက်မှုအကောင်းဆုံးဆုများ ရွေးချယ်ရခြင်း ရည်ရွယ်ချက်ကိုရှင်းလင်းတင်ပြပြီး ကျေးရွာအုပ်စုအဆင့်၊ ကျေးရွာအဆင့် ပထမ၊ ဒုတိယ၊ တတိယဆုများ ချီးမြှင့်ခဲ့ကြောင်း သိရသည်။

**ကိုစိုင်း(လွိုင်ကော်)**

# ဓမ္မစကူးလ်သင်တန်းကျောင်းဖွင့်လှစ်

**ရမ်းဗြဲ ဩဂုတ် ၂၈**

ရခိုင်ပြည်နယ် ရမ်းဗြဲမြို့တွင် ဒက္ခိဏာရာမပရိယတ္တိစာသင်တိုက် (ရမ်းဗြဲတောင်ကျောင်း)၌ ယနေ့ နံနက်ပိုင်းက ဓမ္မစကူးလ်သင်တန်း ဖွင့်လှစ်သင်ကြားပေးလျက်ရှိသည်။

စာသင်ချိန်မှာ နံနက် ၁၁ နာရီမှ ညနေ ၄ နာရီအထိဖြစ်ပြီး ဝါတွင်းကာလ တစ်ပတ်လျှင် အဖိတ်နေ့တစ်ရက်ဖြစ်ကာ ဝါပကာလတွင် ကျောင်းပိတ်ရက်(စနေနေ့)တစ်ရက် သင်ကြားပေးမည်ဖြစ်ကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**



# မြန်မာအမျိုးသမီးများနှင့် ယဉ်ကျေးမှုရာ စာတမ်းဖတ်ပွဲကျင်းပ

**ရန်ကုန် ဩဂုတ် ၂၈**

ရန်ကုန်အနောက်ပိုင်းခရိုင် အမျိုးသမီးရေးရာအဖွဲ့၏ "မြန်မာအမျိုးသမီးများနှင့် ယဉ်ကျေးမှုရာ" စာတမ်းဖတ်ပွဲကို ဩဂုတ် ၂၆ ရက် နံနက် ၁၀ နာရီက ကမာရွတ်မြို့နယ် အမှတ်(၅) အခြေခံပညာအထက်တန်းကျောင်း သပြေခန်းမ၌ကျင်းပရာ ရန်ကုန်အနောက်ပိုင်းခရိုင် အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်ယဉ်ယဉ်ခိုင်က အဖွင့်အမှာစကားပြောကြားသည်။**(အပေါ်ပုံ)** ထို့နောက် ကမာရွတ်မြို့နယ် အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်ခိုင်ခိုင်လှက "မြန်မာအမျိုးသမီးများနှင့် ယဉ်ကျေးမှုရာ"စာတမ်းကို ဖတ်ကြားဆွေးနွေးသည်။

အဆိုပါစာတမ်းဖတ်ပွဲသို့ အနောက်ပိုင်းခရိုင်အတွင်းရှိ မြို့နယ်အမျိုးသမီးရေးရာဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များ၊ ကမာရွတ်မြို့နယ် အမျိုးသမီးရေးရာဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ ကျောင်းအုပ်ဆရာမကြီး ဒေါက်တာနွယ်နီလွင်နှင့် ဆရာမများ၊ ကျောင်းသူများ စုစုပေါင်းအင်အား ၄၀၀ ကျော် တက်ရောက်ကြောင်း သိရသည်။ **(ခင်မောင်သော်)**

# တောင်သူများအား လယ်ယာမြေဥပဒေ၊ နည်းဥပဒေများ အသိပညာပေး

**လယ်ဝေး ဩဂုတ် ၂၈**

နေပြည်တော်ကောင်စီနယ်မြေ လယ်ဝေးမြို့နယ်အတွင်းရှိ ကျေးရွာအုပ်စု ၆၀ ရှိ တောင်သူများကို ၂၀၁၂ ခုနှစ် လယ်ယာမြေဥပဒေ၊ နည်းဥပဒေများ အသိပညာပေး ရှင်းလင်းခြင်းလုပ်ငန်းကို လယ်ဝေးမြို့နယ် လယ်ယာမြေ စီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာနမှ ဆောင်ရွက်လျက်ရှိရာ ဩဂုတ် ၂၂ ရက်က အင်ပင်၊ သရက်ကုန်း၊ ပျံချီကျေးရွာ အုပ်စုများ၌လည်းကောင်း၊ ဩဂုတ်လနောက်ဆုံးပတ်က ရေအိုးစဉ်၊ မြွေရိုးကျောင်းစု၊ ရှမ်းစု၊ တလုပ်ပင်ကျေးရွာအုပ်စုနှင့် ကြို့ကုန်းကျေးရွာအုပ်စုများ၌ ဆောင်ရွက်ခဲ့သည်။

ယင်းသို့ဆောင်ရွက်ရာတွင် ဒက္ခိဏခရိုင် လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးမှူး ဦးတင်ထွန်းနှင့် လယ်ဝေးမြို့နယ် ဦးစီးမှူး ဦးမွန်းနောင်ဇင်တို့က ၂၀၁၂ ခုနှစ် လယ်ယာမြေဥပဒေ၊ နည်းဥပဒေများပါပြဋ္ဌာန်းချက်များ၊ အမိန့်ကြော်ငြာစာ၊ ညွှန်ကြားချက်များ၊ လုပ်ထုံးလုပ်နည်းများကို တောင်သူလယ်သမားများအား အသိပညာပေးရှင်းလင်းပြီး တက်ရောက်လာသည့်တောင်သူများက ပြန်လည်ဆွေးနွေးခဲ့ကြသည်။ **မြို့နယ်(ပြန်/ဆက်)**

# သောက်သုံးရေရရှိရေး စက်ရေတွင်းတူးဖော်

**မိုးမောက် ဩဂုတ် ၂၈**

ကချင်ပြည်နယ် မိုးမောက်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနသည် ကျေးလက်နေပြည်သူများ သန့်ရှင်းသောသောက်သုံးရေရရှိရေးအတွက် ၂၀၁၇ -၂၀၁၈ ဘဏ္ဍာနှစ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးရန်ပုံငွေကျပ် ၁၀ ဒသမ ၈ သန်းဖြင့် ခုံဆင့်သစ်ကျေးရွာ စက်ရေတွင်းတူးဖော်ခြင်းလုပ်ငန်း ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

အဆိုပါလုပ်ငန်းများ အချိန်မီပြီးစီးရေးအတွက် မြို့နယ်ဦးစီးမှူး ဦးတင်ဇော်လင်းနှင့်အဖွဲ့က ကြီးကြပ်ဆောင်ရွက်လျက်ပြီး လုပ်ငန်းပြီးစီးပါက နှင်းအီကျေးရွာအနေဖြင့် သောက်သုံးရေဖူလုံစွာ ရရှိမည်ဖြစ်ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

# ကျေးလက်ရေပေးရေးလုပ်ငန်းများ ကွင်းဆင်းစစ်ဆေး

**ရွှေဘို ဩဂုတ် ၂၈**

ရွှေဘိုမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ကျေးလက်ရေပေးရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိရာ ယနေ့ နံနက်ပိုင်းက မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးမှူး ဦးဝင်းမြတ်သိန်း၊ ဦးစီးအရာရှိ (နည်းပညာ) ဒေါ်ငြိမ်းငြိမ်းအေးနှင့်ဝန်ထမ်းများက သက်ဆိုင်ရာကျေးရွာကော်မတီများသည် ကော့ကျေးရွာ၊ ဆင်းကွတ်ကျေးရွာ၊ ထနောင်းကုန်းကျေးရွာ၊ အုန်းပေါက်ကျေးရွာ၊ ကုန်းသာကျေးရွာ၊ ကြက်တက်ကျေးရွာနှင့် ကြောင်ပန်းကန်ကျေးရွာတို့ရှိ ရေပေးရေးလုပ်ငန်းများ ပြင်ဆင်ထိန်းသိမ်းထားရှိဆောင်ရွက်နိုင်ရေး ကွင်းဆင်းစစ်ဆေးခဲ့သည်။ **(ခင်ဦးစိုးဝေ)**

# တရားမဝင်ကုန်စည်များ တားဆီးထိန်းချုပ်ရေး ဆောင်ရွက်လျက်ရှိ

**နေပြည်တော် ဩဂုတ် ၂၈**

တရားမဝင်ကုန်စည်များ တားဆီးထိန်းချုပ်ရေးအတွက် ရေပူနှင့် မရမ်းချောင် အမြဲတမ်းစစ်ဆေးရေးစခန်းတို့ကို ဌာနဆိုင်ရာ ပူးပေါင်းအဖွဲ့များဖြင့် ဖွဲ့စည်း စစ်ဆေးဆောင်ရွက်လျက်ရှိရာ ဩဂုတ် ၂၇ ရက်တွင် မန္တလေး-မူဆယ် ပြည်ထောင်စု လမ်းမကြီးတစ်လျှောက် ကုန်သွယ်မှုယာဉ် ပို့ကုန် ၃၆၂ စီး၊ သွင်းကုန် ၃၇၄ စီး၊ ရန်ကုန်-မြဝတီလမ်းမကြီးတစ်လျှောက် ကုန်သွယ်မှုယာဉ် ပို့ကုန် ၄၅ စီး၊ သွင်းကုန် ၁၇၈ စီး ကုန်စည်များ သယ်ယူပို့ဆောင်လျက်ရှိသည်။

အဆိုပါ စစ်ဆေးရေးစခန်းများက တင်သွင်း/တင်ပို့သော ကုန်ပစ္စည်းများကို စစ်ဆေးမှုပြုလုပ်ဆောင်ရွက်လျက်ရှိရာ ဩဂုတ် ၂၇ ရက်တွင် ရေပူအမြဲတမ်း စစ်ဆေးရေးစခန်းက တားဆီးမှု နှစ်မှု (ခန့်မှန်းတန်ဖိုးငွေကျပ် ၃ ဒသမ ၉၂၈သန်းခန့်)၊ မရမ်းချောင်အမြဲတမ်းစစ်ဆေးရေးစခန်းက တားဆီးမှု ၁၀မှု (ခန့်မှန်းတန်ဖိုး ငွေကျပ် ၂၀ ဒသမ ၂၁၀ သန်းခန့်) စုစုပေါင်းတားဆီးမှု ၁၂မှု (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၄ ဒသမ ၁၃၈ သန်းခန့်)ကို သိမ်းဆည်းရမိခဲ့ကြောင်း သိရသည်။

ထူးခြားသိမ်းဆည်းမှုအနေဖြင့် ဩဂုတ် ၂၇ ရက်တွင်ရန်ကုန်သို့ သွားရောက်မည့် ခရီးသည်တင်ယာဉ်တစ်စီးနှင့် ဟုမ္မလင်း-စွပ္ပနူး ရှောင်ကွင်း လမ်း၌ သုံးဘီးဆိုင်ကယ်တစ်စီးတို့ကို မရမ်းချောင်အမြဲတမ်း စစ်ဆေးရေးစခန်း ပူးပေါင်းစစ်ဆေးရေးအဖွဲ့က သတင်းအရ သွားရောက်စစ်ဆေးခဲ့ရာ တရားမဝင်



ကန့်သတ်ကုန်ပစ္စည်းဖြစ်သည့် PSI ထိပ်ဖူး (1700)U၊ PSI Receiver (360) U နှင့် PSI ဒေါက်တိုင် (100) U (စုစုပေါင်းခန့်မှန်းတန်ဖိုးငွေကျပ် ၁၄ ဒသမ ၂ သန်းခန့်)ကို တွေ့ရှိ၍ သိမ်းဆည်းခဲ့ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

# လှိုင်သာယာစက်မှုဇုန်၌ လုပ်သားတစ်ဦး စက်ညပ်သေဆုံး

**ရန်ကုန် ဩဂုတ် ၂၈**

ရန်ကုန်မြောက်ပိုင်းခရိုင် လှိုင်သာယာမြို့နယ် စက်မှုဇုန်(၄)အတွင်းရှိ အမှတ်(၁၃၁) ရွှေဒီပါ ပီနံအိတ်စက်ရုံ၌ စက်ရုံလုပ်သားတစ်ဦး စက်ညပ်သေဆုံးကြောင်း သိရသည်။

ဖြစ်စဉ်မှာ ဩဂုတ် ၂၈ ရက် နံနက် ၄ နာရီ မိနစ် ၅၀ ခန့်တွင် လှိုင်သာယာမြို့နယ် ပြည်သူ့ဆေးရုံ၌ အမျိုးသားတစ်ဦး ပီနံကြိုးမျှင်ဆွဲသည့် စက်ညပ်ကာ သေဆုံးနေကြောင်း ဖုန်းသတင်းအရ လှိုင်သာယာမြို့မရဲစခန်းမှူး ဒု-ရဲမှူး ဝင်းနိုင်နှင့် သက်သေနှစ်ဦးတို့က သွားရောက်စစ်ဆေးရာ သေဆုံးသူမှာ ကျော်ဇင်လတ်(၂၂)နှစ် ပလတ်စတစ်ကြိုးမျှင်ရှင်းလုပ်သား အမှတ်(၁၃၁) ဝက်မစွပ်ဝန်ထောက်လမ်း ရွှေဒီပါ ပီနံအိတ်စက်ရုံ စက်မှုဇုန်(၄) လှိုင်သာယာ နေသူဖြစ်ကြောင်း သိရပြီး ၎င်းသည် ဩဂုတ် ၂၇ ရက် ညပိုင်းက စက်ရုံ၌ ညဆိုင်းဆင်းလုပ်သားတစ်ဦးဖြစ်ကြောင်းနှင့် ၎င်းတာဝန်ကျရာ ပလတ်စတစ်ကြိုးမျှင်ဆွဲသည့် ရိုလာစက်တွင် ကြိုးမျှင်ဖျင်နေရာမှ ပလတ်စတစ်ကြိုးမျှင်များနှင့် ၎င်း၏ယာလက်အား ရောထွေးရစ်ပတ်ကာ စက်အတွင်းပါသွားပြီး ယာလက်ဖျံကျိုး၊ ဝဲ/ယာ မျက်လုံးဖူးရောင်ဒဏ်ရာ၊ နှာခေါင်းသွေးထွက် ဒဏ်ရာများရရှိကာ သေဆုံးသွားခြင်းဖြစ်ကြောင်း စစ်ဆေးသိရှိရသည်။

**စွန်ရဲ(လှိုင်သာယာ)**



## ပြင်ဆင်ဖတ်ရှုပါရန်

၂၈-၈-၂၀၁၇ ရက်နေ့ထုတ် ကြေးမုံသတင်းစာ စာမျက်နှာ (၁၂)တွင် ဖော်ပြခဲ့သော **"ယခုနှစ် မတ်လက ဖွင့်လှစ်ခဲ့သော ပါမနီချောင်းကူးတံတား တောင်ကျရေကြီးကာ ကျိုးပျက်"** ခေါင်းစဉ်ပါ သတင်းစာသားတွင် **"ပြီးခဲ့တဲ့နှစ်က နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနကနေ ကုမ္ပဏီကို ပေးဆောက်ခိုင်းတဲ့တံတား"**အစား **"ပြီးခဲ့သည့်နှစ်က စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့၏ တိုင်းဒေသကြီး ရန်ပုံငွေဖြင့် တင်ဒါရရှိတဲ့ ကုမ္ပဏီကို ဆောက်ခိုင်းတဲ့ တံတားပါ"**ဟု ပြင်ဆင်ဖတ်ရှုပါရန်နှင့် လွဲမှားပြောကြားခဲ့မှုအား စိစစ်ရန် တာဝန်ရှိမှုအပေါ် တောင်းပန်အပ်ပါသည်။

**မျိုးဝင်းထွန်း(မုံရွာ)**

# မြောက်ပိုင်းခရိုင် ရဲတပ်ဖွဲ့မှူးရုံးမှတပ်ဖွဲ့ဝင်များက ခါးပိုက်နှိုက်မှုကျူးလွန်သူများအား ဖမ်းဆီးရမိ

**ရန်ကုန် ဩဂုတ် ၂၈**

ရန်ကုန်မြောက်ပိုင်းခရိုင် ရဲတပ်ဖွဲ့မှူးရုံး မှုခင်းနှိမ်နင်းရေးဌာနစုမှ တပ်ဖွဲ့ဝင်များသည် နယ်မြေအတွင်း သတင်းစုံစမ်းဆောင်ရွက်လျက်ရှိစဉ် ဩဂုတ် ၂၅ ရက် နံနက် ၅ နာရီခွဲခန့်တွင် အင်းစိန်မြို့နယ် ဖော့ကန်ဈေး မှတ်တိုင်ဘက်မှ (၁)ဂိတ်မှတ်တိုင်ဘက်သို့ မောင်းနှင်လာသော YBS ယာဉ်လိုင်းအမှတ်(၄၀)ပေါ်မှ ဆင်းလာသည့် လှိုင်သာယာမြို့နယ်နေသူများဖြစ်သော ထွန်းတောက်(ခ)မြင့်ဦး(၆၂)နှစ်၊ အောင်ကျော် (၄၂)နှစ်၊ အောင်သူမိုး (၂၃)နှစ်နှင့် အရှည်ကြီး(ခ)မောင်ငယ်(ခ)ဝင်းဦး (၄၈)နှစ်တို့ လေးဦးကို ထိန်းသိမ်းစစ်မေးရာ အောင်ကျော်ထံမှ ငွေကျပ် ၄၀၈၀၀ ကိုတွေ့ရှိရပြီး ယင်းငွေများနှင့် ပတ်သက်၍စစ်ဆေးခဲ့ရာ အဆိုပါငွေများအား ယင်းယာဉ်ပေါ်ပါ အသက်(၄၀)ခန့်ရှိ အမျိုးသမီးတစ်ဦး၏ ဘေးလွယ်အိတ်အတွင်းမှ အောင်ကျော် နှိုက်ယူစဉ် ကျန်သူများက အိတ်များဖြင့် အကာအကွယ်ပေးပြီးနှိုက်ယူရရှိခဲ့သော ငွေများဖြစ်ကြောင်းပေါ်ပေါက်ခဲ့သည်။

အလားတူ ယင်းနေ့ညနေ ၅ နာရီခွဲခန့်တွင် အင်းစိန်မြို့နယ် စော်ဘွားကြီးကုန်းမှတ်တိုင်ဘက်မှ ပန်းခြံမှတ်တိုင်ဘက်သို့ မောင်းနှင်လာသော



YBS ယာဉ်လိုင်းအမှတ် (၆)ပေါ်မှ ဆင်းလာသူ လှိုင်သာယာမြို့နယ်နေသူများဖြစ်သည့် ဗိုက်ပူ(ခ)စိုးပိုင် (၁၉)နှစ်၊ ဝင်းအောင် (၂၃)နှစ်၊ ဗိုက်ကလေး(ခ)မင်းသူရ(၂၈)နှစ်၊ မျိုးမြတ် (၁၈)နှစ်တို့ လေးဦးအား တွေ့ရှိသဖြင့် စစ်မေးရာ ဗိုက်ကလေး(ခ)မင်းသူရထံမှ ငွေကျပ် ၂၅၀၅၀ အားတွေ့ရှိရပြီး ယင်းငွေများနှင့် ပတ်သက်၍စစ်ဆေးရာ ၎င်းယာဉ်ပေါ်ပါ အသက်(၃၅)နှစ်ခန့်ရှိ အမျိုးသားတစ်ဦး၏ဘေးလွယ်အိတ်အတွင်းမှ နှိုက်ယူစဉ် ကျန်သူများကလွယ်အိတ်များဖြင့် အကာအကွယ်ပေး၍ နှိုက်ယူရရှိခဲ့သောငွေများဖြစ်ကြောင်း ထပ်မံပေါ်ပေါက်ခဲ့သည်။

ထို့ပြင် ဖမ်းဆီးရမိသူ ဝင်းအောင်ထံမှတွေ့ရှိသော SAMSUNG လက်ကိုင်ဖုန်းနှင့်ပတ်သက်၍ စစ်ဆေးခဲ့ရာ အဆိုပါလက်ကိုင်ဖုန်းအား ဇူလိုင်လအတွင်းက ယင်းယာဉ်လိုင်းပေါ်ပါ အသက် (၃၀)ခန့်ရှိ အမျိုးသားတစ်ဦး၏ ဘောင်းဘီရှေ့အိတ်ကပ်အတွင်းမှ နှိုက်ယူစဉ် ကျန်သူများကလူကာပေး၍ နှိုက်ယူရရှိခဲ့သော ဖုန်းဖြစ်ကြောင်း၊ ၎င်းအပြင် ဗိုက်ပူ(ခ)စိုးပိုင်ထံမှ တွေ့ရှိရသော Huawei အမျိုးအစားလက်ကိုင်ဖုန်းနှင့် ပတ်သက်၍စစ်ဆေးခဲ့ရာ ဩဂုတ် ၂၄ ရက် ညနေ ၃ နာရီခန့်တွင် ယင်းယာဉ်ပေါ်ပါ အသက်(၂၅) နှစ်ခန့်ရှိ အမျိုးသမီးတစ်ဦး၏ ကျောပိုးအိတ်အတွင်းမှနှိုက်ယူစဉ် ကျန်သူများက လူကာပေးခဲ့ခြင်းဖြစ်ကြောင်း ထပ်မံပေါ်ပေါက်ခဲ့သည်။

ယင်းသို့ ယာဉ်လိုင်းများပေါ်တွင် ခရီးသည်အသွင်ဖြင့် လိုက်ပါ၍ ခါးပိုက်နှိုက်မှု အကြိမ်ကြိမ်ကျူးလွန်သူများကို ရဲတပ်ဖွဲ့ဝင်များက ဖမ်းဆီးရမိကာ စစ်ဆေးပေါ်ပေါက်ချက်များအရ အမှုဖွင့်အရေးယူဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**(ကိုရဲ)**

# YBS ယာဉ်မောင်း ကားခသေတ္တာသော့ဖျက်၍ ငွေများယူဆောင်သွား

**ရန်ကုန် ဩဂုတ် ၂၈**

YBS ကုမ္ပဏီပိုင်ယာဉ်အမှတ် ၄က/----ယာဉ်၏ ကုမ္ပဏီယာဉ်မောင်းက ယာဉ်အား ကုမ္ပဏီသို့ပြန်မဝင်ဘဲ ကားပေါ်ပါခရီးသည်များ ကားခထည့်သော သေတ္တာပုံးအား သော့ဖျက်ပြီး ငွေများအား ယူဆောင်သွားကြောင်း သိရသည်။

ဖြစ်စဉ်မှာ ဩဂုတ် ၂၆ ရက်တွင် ကုမ္ပဏီယာဉ်မောင်း အေးဝင်းထွန်းသည် ၎င်းမောင်းနှင်သော အမှတ်(၆)ယာဉ်လိုင်းမှ ယာဉ်အမှတ် ၄က/--ယာဉ်အား ယာဉ်ပြန်သိမ်းချိန်တွင် ကုမ္ပဏီသို့ ပြန်လည်မအပ်နှံသဖြင့် ဩဂုတ် ၂၇ ရက်တွင် YBS ကုမ္ပဏီဒါရိုက်တာ ဦးတင်ဝင်းနှင့် ယာဉ်မောင်းတစ်ဦးတို့က လိုက်လံရှာဖွေရာ နံနက် ၉ နာရီခွဲခန့်တွင် အဆိုပါယာဉ်အား ယာဉ်မောင်း အေးဝင်းထွန်းနှင့်အတူ လှိုင်သာယာမြို့နယ် (၃)ထိပ် မှတ်တိုင်အနီးတွင်တွေ့ရှိခဲ့သည်။ ယာဉ်အားစစ်ဆေးရာ ကားမှာပျက်စီးနေပြီး ယာဉ်မောင်းအေးဝင်းထွန်းသည် ယာဉ်ပေါ်ပါခရီးသည်များကားခထည့်ထားသော သေတ္တာပုံးသော့အား ဖျက်ဆီးပြီး ငွေကျပ် ၇၇၈၀၀ အား ကုမ္ပဏီမှ ခွင့်ပြုချက်မရဘဲ ထုတ်ယူထားသည်ကို စစ်ဆေးတွေ့ရှိရသဖြင့် ကုမ္ပဏီပိုင်ငွေအားထုတ်ယူသုံးစွဲသူ အေးဝင်းထွန်းအား ဥပဒေအရအရေးယူပေးပါရန် YBS ကုမ္ပဏီဒါရိုက်တာက တရားလိုပြုလုပ်တိုင်တန်းထားကြောင်း သိရသည်။

**စွန်ရဲ(လှိုင်သာယာ)**



ကားခထည့်သည့် သေတ္တာပုံး သော့ဖျက်ပြီး ငွေများယူဆောင်သူ ယာဉ်မောင်း အေးဝင်းထွန်း။

# ဧရာဝတီမြစ်အတွင်း ထင်းဖောင်များအတွင်းမှ တရားမဝင်ကျွန်းသစ်နှင့် အင်သစ်များ သိမ်းဆည်းရမိ

**ကသာ ဩဂုတ် ၂၈**

စစ်ကိုင်းတိုင်းဒေသကြီး ကသာမြို့နယ်နှင့် ကချင်ပြည်နယ် ရွှေကူမြို့နယ်အစပ် ကောက်ကွေ့ချောင်းအောက်နားတွင် ကသာခရိုင် သစ်တောဦးစီးဌာန



လက်ထောက်ညွှန်ကြားရေးမှူး ဦးသောင်းနိုင် ဦးဆောင်သော ပူးပေါင်းအဖွဲ့သည် ဆက်စပ်သတင်းအရ ဩဂုတ် ၂၅ ရက်က ထင်းဖောင် ၁၀ တွဲအား ဖမ်းဆီးရမိခဲ့ကြောင်း သိရသည်။

အဆိုပါသစ်ဖောင်များအား ညောင်ခြေထောက်သစ်ဆိပ်သို့ ဆွဲမော်တော်များဖြင့် ဆွဲယူခဲ့ပြီး ကသာ၊ အင်းတော်နှင့် ထီးချိုင့်မြို့နယ်တို့မှ သစ်တောဝန်ထမ်းများပူးပေါင်းကာ ထင်းဖောင်များအတွင်းမှ တရားမဝင်သစ်များ ရှာဖွေစစ်ဆေးတိုင်းတာခဲ့ရာ ဩဂုတ်၂၇ ရက်အထိ ထင်းဖောင်သုံးဖောင်အတွင်းမှ တရားမဝင် ကျွန်းသစ် ၁၃၁၆ လုံး (၈၉ ဒသမ ၆၉၄ တန်)အား သိမ်းဆည်းရရှိထားပြီဖြစ်ကြောင်း၊ ကျန်ထင်းဖောင် ခုနစ်တွဲကိုလည်း ဆက်လက်ရှာဖွေသွားမည်ဖြစ်ကြောင်း ကသာခရိုင် သစ်တောဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးသောင်းနိုင်က ပြောကြားသည်။

အဆိုပါပူးပေါင်းအဖွဲ့မှာ ဩဂုတ် ၁၉ ရက်က ကသာမြို့နယ် နလယ်အင်းကျေးရွာအနီး ဧရာဝတီမြစ်အတွင်း ထင်းဖောင် ခုနစ်တွဲမှ တရားခံ ခုနစ်ဦးနှင့်အတူ ကျွန်းသစ်နှင့် အင်သစ် အလုံး ၇၄၀ (၆၄ ဒသမ ၇၂၄ တန်) ကိုလည်း သိမ်းဆည်းရမိခဲ့ကြောင်း သိရသည်။

**မောင်ချစ်လင်း(အင်းတော်)**

■

**တစ်ပတ်အတွင်းအားကစားသတင်းသုံးသပ်ချက်**

# ကောင်းရှုံးဖြစ်ခဲ့တဲ့ မြန်မာယူ-၂၂၊ မော်ရင်ဟိုရဲ့ ဒုတိယရာသီ၊ ဆန်းချက်ဇ်က အာဆင်နယ်အတွက် ပြဿနာဖြစ်ခဲ့ပြီလား

### ကောင်းရှုံးဖြစ်သွားရတဲ့ မြန်မာယူ-၂၂

ဒီရက်သတ္တပတ်အတွင်းမှာတော့ နိုင်ငံတကာလိဂ်ပွဲစဉ်တွေလည်း ရှိခဲ့သလို ဆီးဂိမ်းပြိုင်ပွဲလည်း ရှိနေတာကြောင့် မြန်မာဘောလုံးပရိသတ်တွေအတွက် ဘယ်ပွဲကို ဦးစားပေးကြည့်ရှုရမလဲဆိုတာ ရွေးချယ်စရာများပြားခဲ့တဲ့ ရက်သတ္တပတ်ဖြစ်ခဲ့ပါတယ်။ ဘယ်ပွဲတွေ ဘယ်လိုကောင်းကောင်း၊ မြန်မာအသင်းပရိသတ်တွေကတော့ အခြားပွဲတွေနဲ့ တိုက်နေမယ်ဆိုရင်တောင် မြန်မာအသင်းကစားတဲ့ ပွဲစဉ်တွေတိုင်းကို လက်မလွှတ်တမ်းအားပေးကြည့်ရှုခဲ့ကြပြီး ၁၂ ဦးမြောက် ကစားသမားအဖြစ် တာဝန်ကျေကျေ အားပေးခဲ့တာကတော့ ခေတ်ကာလတွေ ပြောင်းသွားတဲ့တိုင် မပြောင်းလဲတဲ့အစဉ်အလာဖြစ်နေဆဲပါပဲ။ ရန်ကုန်လို မြို့ကြီးတွေမှာဆို ပရိသတ်တွေက အိမ်ကနေ ကြည့်ရှုရုံနဲ့ အားမရဘဲ LED ဘုတ်တွေနဲ့ ပြသတဲ့ မြို့တော်ခန်းမရှေ့လိုနေရာတွေမှာ လူစုလူဝေးနဲ့ မြန်မာအလံတွေကိုင်၊ မြန်မာအသင်း ဂျာစီတွေဝတ်ပြီး မိုးထဲလေထဲ အားပေးခဲ့ကြတာကိုတွေ့ရပါတယ်။

မြန်မာအသင်းဟာ အုပ်စု ဒုတိယသာ ရရှိခဲ့တာကြောင့် ဆီမီးဖိုင်နယ်အဆင့်မှာ လက်ရှိချန်ပီယံ ထိုင်းအသင်းနဲ့တွေ့ဆုံခဲ့တာဖြစ်ပါတယ်။ ထိုင်းလို ဆီးဂိမ်းရဲ့ အစဉ်အလာကြီးမားတဲ့အသင်းနဲ့ တွေ့ဆုံခဲ့တာကြောင့် မြန်မာပရိသတ်တွေ မကစားခင်အချိန်က စိုးရိမ်မှုရှိခဲ့ပေမယ့် တကယ်တမ်းကစားချိန်မှာတော့ ဒီစိုးရိမ်မှုတွေ ပျောက်သွားလောက်အောင် မြန်မာကစားသမားတွေက ထိုင်းလို အသင်းကို အကောင်းဆုံး ခြေရည်တူ ယှဉ်ပြိုင်ကစားသွားတာကို တွေ့ရပါတယ်။ ဒီနေရာမှာ ပြောစရာရှိတာက ဆန်းဆက်နိုင်၊ နန်းဝေမင်းလို အရင်ပွဲတွေက နာမည်သိပ်မထွက်ခဲ့တဲ့ ကစားသမားတွေဟာ ဒီပွဲအပြီးမှာ ပရိသတ်နှုတ်ဖျား စွဲကျန်ခဲ့တဲ့အထိ စွမ်းဆောင်ရည်ကောင်းခဲ့ကြတာကိုပါ။

မြန်မာအသင်းက ပွဲချိန် မိနစ် ၉၀ ပြည့်တဲ့အထိ ဂိုးမရှိ သရေရလဒ်ထွက်ပေါ်အောင် ကစားနိုင်ခဲ့ပေမယ့် နာကျင်အချိန်ပိုမှာတော့ ထိုင်းအသင်းရဲ့ ဦးဆောင်ဂိုးကို ခွင့်ပြုခဲ့ရပါတယ်။ မြန်မာအသင်းအနေနဲ့ ပွဲပြီးခါနီးမှ ဂိုးပေးခဲ့ရတာကြောင့် တုံ့ပြန်ချိန် မရတော့ဘဲ တစ်ဂိုး-ဂိုး မရှိနဲ့ အရေးနိမ့်သွားတာကြောင့် ထိုင်းအသင်း သွင်းယူသွားခဲ့တဲ့ ဒီသွင်းဂိုးကို ဖေ့စ်ဘွတ်လို လူမှုကွန်ရက်စာမျက်နှာတွေမှာတော့ "သန်း ၅၀ အတွက် အသည်းခွဲ ဂိုးရယ်"လို့ မှတ်ချက်ပြုရေးသားနေကြတာကို တွေ့ရပါတယ်။ မြန်မာအသင်းဟာ ဩဂုတ် ၂၉ ရက်မှာတော့ အင်ဒိုနီးရှားအသင်းနဲ့ တတိယနေရာလုပွဲ ကစားရဦးမှာမို့ ဘာပဲဖြစ်ဖြစ် မြန်မာအသင်းကို ပရိသတ်တွေ ဆက်လက်အားပေးဖို့ တိုက်တွန်းလိုပါတယ်။

### ပွဲစဉ်တွေနဲ့ မြိုင်မြိုင်ဆိုင်ဆိုင်

ဒီရက်သတ္တပတ်ဆိုရင် ဘောလုံးရာသီပြန်လည်စတင်တာ တစ်လနီးပါး ရှိနေပြီဖြစ်တာကြောင့် ဥရောပလိဂ်အသင်းတော်တော်များများရဲ့ ခြေစွမ်းကို အကဲခတ်ခွင့်ရနေတာကလည်း အချိန်ကာလ အတန်ငယ်ရလာပြီလို့ ဆိုရမှာဖြစ်ပါတယ်။ ပြင်သစ်လိဂ်မှာဆိုရင် ပွဲစဉ်(၄)အထိ ယှဉ်ပြိုင်ခဲ့ပြီးဖြစ်သလို မိုနာကိုနဲ့ ပီအက်စ်ဂျီအသင်းတို့ဟာ ရာနှုန်းပြည့်နိုင်ပွဲဆက်ပြီး အမှတ်ပေးဇယားထိပ်ကို အပြိုင်ဦးဆောင်နေကြပါတယ်။ လာလီဂါနဲ့ စီးရီးအေတို့ကတော့ ပွဲစဉ်(၂)သာ ယှဉ်ပြိုင်ထားရသေးပေမယ့် စီးရီးအေမှာ ဂျူဗင်တပ်၊ အင်တာမီလန်၊ နာပိုလီ၊ အေစီမီလန်၊ ဆမ်ဒိုရီးယားစတဲ့ အသင်းငါးသင်းလောက်က ရာနှုန်းပြည့်နိုင်ပွဲဆက်နေတာကြောင့် ဒီနှစ်စီးရီးအေဟာ အတော်လေးပြိုင်ဆိုင်မှု ပြင်းထန်နိုင်တယ်လို့ ခန့်မှန်းချက် ထုတ်နိုင်ပါတယ်။ လာလီဂါမှာတော့ ဘာစီလိုနာ၊ လီဂါနက်စ်နဲ့ ဆိုစီဒက်အသင်းတို့သာ ရာနှုန်းပြည့် နိုင်ပွဲဆက်နိုင်ကာ ရီးယဲလ်မက်ဒရစ်အသင်းကတော့ ဗလင်စီယာနဲ့ နှစ်ဂိုးစီသရေကျသွားခဲ့ပါပြီ။

### မော်ရင်ဟိုရဲ့ ဒုတိယရာသီလာပါပြီ

စပါယ်ရှယ်ဝမ်းလို့ နာမည်ကျော်သူ နည်းပြ မော်ရင်ဟိုကတော့ အသင်းတစ်သင်းကို သူကိုင်တွယ်ရင် ဒုတိယရာသီမှာ ပိုကောင်းတတ်တယ်လို့ အမြဲတမ်းကြွေးကြော်ခဲ့သူပါ။ ဒီလိုကြွေးကြော်ခဲ့တဲ့အတိုင်း ချယ်လ်ဆီးအသင်းကို ပထမဦးဆုံး ကိုင်တွယ်စဉ်ကလည်း ဒုတိယရာသီမှာ ရလဒ်တွေ ပိုကောင်းအောင်စွမ်းဆောင်ပြနိုင်ခဲ့ကာ အင်တာမီလန်၊ ရီးယဲလ်မက်ဒရစ်နဲ့ ချယ်လ်ဆီးအသင်းကို ဒုတိယအကြိမ် ကိုင်တွယ်ခဲ့စဉ်ကလည်း သူ့စကားမှန်တယ်ဆိုတာကို သက်သေပြနိုင်ခဲ့ပါတယ်။

အခုမန်ယူကို မော်ရင်ဟိုကိုင်တွယ်တဲ့ ဒုတိယရာသီ ရောက်လာပြန်ပါပြီ။ ပထမရာသီက အမှတ်ပေးဇယား အဆင့်(၆)နေရာနဲ့သာ ရာသီသိမ်းနိုင်ခဲ့ပေမယ့် ယူရိုပါလိဂ်ဖလားဆွတ်ခူးနိုင်ခဲ့တာကြောင့် ဒီနှစ်မှာ ချန်ပီယံလိဂ်ဝင်ခွင့်ရထားပါတယ်။ ဒီနှစ်နွေစျေးအတွင်း လူကာကူ၊ လင်ဒီလော့ဖ်၊ မာတစ်တို့ကို ခေါ်ယူထားပြီးဖြစ်တာကြောင့် မန်ယူအသင်းလူစာရင်းဟာ အတော်လေးတောင့်တင်းနေပြီလို့ ပြောလို့ရပါတယ်။ ဒါပေမယ့် ကျန်ပရီမီယာလိဂ်အသင်းတွေကလည်း အားဖြည့်မှုတွေ အသီးသီး လုပ်ဆောင်ခဲ့ပြီးဖြစ်တာကြောင့် မန်ယူတစ်သင်းသာ အခြားအသင်းတွေထက် ခေါင်းတစ်လုံးအသာ ကစားသမားဖြည့်တင်းမှု လုပ်နိုင်တာတော့ မဟုတ်ပါဘူး။

ခုဆို ပရီမီယာလိဂ်ပွဲစဉ်(၃) ယှဉ်ပြိုင်ပြီး ဖြစ်တာကြောင့် အသင်းအချို့ရဲ့ ခြေစွမ်းအတက်အကျကို မြည်းစမ်းခွင့်ရလာပါပြီ။ ဒီအချိန် ပရီမီယာလိဂ်မှာ ရာနှုန်းပြည့် နိုင်ပွဲဆက်နိုင်တဲ့အသင်းဆိုလို့ မန်ယူတစ်သင်းသာ ရှိတော့တာကြောင့် မီဒီယာတွေက မော်ရင်ဟိုရဲ့ ဒုတိယရာသီကို မြင်တွေ့ရတော့မယ်လို့ ချီးကျူးရေးသားနေကြပါတယ်။ မန်ယူအသင်းဟာ ယူအီးအက်ဖ်အေစူပါဖလား ပြိုင်ပွဲမှာ ရီးယဲလ်ကို နှစ်ဂိုး-တစ်ဂိုးနဲ့ ရှုံးနိမ့်ခဲ့ပေမယ့် ပရီမီယာလိဂ်ပွဲစဉ်(၁) ကနေ ယခု ပွဲစဉ်(၃)အထိ ပေးဂိုးမဲ့အနေအထားနဲ့ ရာနှုန်းပြည့် နိုင်ပွဲဆက်နေတာဖြစ်ပါတယ်။

မန်ယူအသင်း အနိုင်ရတဲ့ အသင်းသုံးသင်းထဲမှာ အသင်းကြီးလို့ သတ်မှတ်ရမယ့် မန်စီးတီး၊ ချယ်လ်ဆီး၊ လီဗာပူးနဲ့ အာဆင်နယ်တို့လို အသင်းတွေ မပါပေမယ့် မန်ယူအသင်း ကွင်းလယ်ပိုင်း လွှမ်းမိုးလာနိုင်မှုနဲ့အတူ အချိန်မရွေးဂိုးသွင်းနိုင်စွမ်းရှိတယ်ဆိုတဲ့ ယုံကြည်မှုအပြည့်နဲ့ ကစားဟန်တွေကြောင့် နိုင်ပွဲတွေ ဆက်ရနေတယ်လို့ ယူဆရပါတယ်။ နိုင်ငံတကာပွဲစဉ်တွေကြောင့် လိဂ်ပွဲတွေကို စက်တင်ဘာ ၉ ရက် ရောက်မှသာ ပြန်စမှာဖြစ်တာကြောင့် ဘာပဲဖြစ်ဖြစ် မန်ယူအသင်းဟာ အမှတ်ပေးဇယားကို ဦးဆောင်ပြီး လိဂ်ပွဲပြန်စမယ့် အချိန်ကိုစောင့်နေခွင့်ရနေတာကတော့ မန်ယူပရိသတ်တွေအတွက် ကျေနပ်စရာဖြစ်ခဲ့ပါတယ်။

ဒါပေမယ့် မန်ယူအသင်းဟာ ပြီးခဲ့တဲ့နှစ်ဘောလုံးရာသီကလည်း မန်စီးတီးနဲ့ မကစားခင် ပွဲစဉ်(၃)အထိ နိုင်ပွဲဆက်ကာ ပရီမီယာလိဂ်အမှတ်ပေးဇယားထိပ်ကို ဦးဆောင်နိုင်ခဲ့တယ်ဆိုတဲ့အချက်ကို သတိချပ်သင့်ပါတယ်။ မနှစ်က မန်စီးတီးအသင်းဆိုရင် ပရီမီယာလိဂ် ခြောက်ပွဲဆက်အနိုင်ရရှိခဲ့တဲ့အထိ ခြေစွမ်းကောင်းခဲ့ပေမယ့် စပါးအသင်းကို အရေးနိမ့်ပြီးနောက် ရလဒ်တွေ ဆက်တိုက်ကျဆင်းလာခဲ့ပြီး ရာသီကုန်အထိ ထိပ်ဆုံးလေးနေရာဝင်ဖို့ ခက်ခက်ခဲခဲကြိုးပမ်းခဲ့ရတဲ့ အစဉ်အလာ ပရီမီယာလိဂ်မှာ ရှိနေတတ်ပါတယ်။ ဒါကြောင့် ရာသီအစ ရလဒ်တွေကောင်းခြင်းဟာ အစကောင်းတယ်လို့ ပြောလို့ရပေမယ့် ပရီမီယာလိဂ်ဆိုတာ ရှုံးထွက်ပွဲတွေလို တစ်ပွဲကောင်း အစီအစဉ်နဲ့ ယှဉ်ပြိုင်လို့ရတာမဟုတ်ပါဘူး။ ဒါပေမယ့် မန်စီးတီးအသင်းဟာ ပြီးခဲ့တဲ့ ရာသီက ခြောက်ပွဲဆက်တိုက်အနိုင်ရတယ်ဆိုပေမယ့် ပေးဂိုးမဲ့ပွဲဆိုလို့ ဘုန်းမောက်ကို လေးဂိုးပြတ်နဲ့အနိုင်ရတဲ့ ပွဲစဉ်တစ်ပွဲသာရှိခဲ့တာကြောင့် မန်ယူအသင်းရဲ့ ပေးဂိုးမဲ့ နိုင်ပွဲဟာ မနှစ်က မန်စီးတီးရဲ့ အခြေအနေနဲ့ မတူတာတော့ အမှန်ပဲဖြစ်ပါတယ်။ ဒါ့အပြင် သုံးပွဲမှာ သွင်းဂိုး ၁၀ ဂိုးအထိ သွင်းယူထားနိုင်တဲ့တိုက်စစ်စွမ်းရည်က တစ်ပွဲ ပျမ်းမျှသွင်းဂိုး သုံးဂိုးကျော်အထိရှိတာကြောင့် တိုက်စစ်၊ ခံစစ်အတော်ကောင်းတဲ့ ရလဒ်ဆိုတာတော့ လက်ခံရမှာဖြစ်ပါတယ်။

### ဆန်းချက်ဇ်က သူရဲကောင်းလား၊ ဗီလိန်လား


အာဆင်နယ်ဟာ ဩဂုတ် ၂၇ ရက်က ယှဉ်ပြိုင်တဲ့ ပရီမီယာလိဂ်ပွဲစဉ်(၃)မှာ လီဗာပူးကို လေးဂိုးပြတ်နဲ့ မရှုမလှ အရေးနိမ့်သွားခဲ့ပါတယ်။ ဝင်းဂါးကတော့ ကစားသမားတွေရဲ့ အနိုင်ရလိုစိတ်ပြင်းထန်မှုမရှိတာကြောင့် အခုလို ဂိုးပြတ်ရှုံးပွဲကြုံတွေ့ရတာလို့ ပြစ်တင်လိုက်ပေမယ့် နည်းဗျူဟာပိုင်းမှားယွင်းမှုတွေ ရှိခဲ့တာကို ဝင်းဂါးထည့်မပြောသွားခဲ့တာကတော့ စိတ်ပျက်စရာပါ။ အာဆင်နယ်ဟာ ဒီပွဲမှာ ၃-၄-၃ ကစားကွက်ကို အသုံးပြုပြီး ဗဟို ကွင်းလယ်မှာ ဇာကာနဲ့ ရမ်ဆေး၊ တောင်ပံနှစ်ဖက်မှာ ချိန်ဘာလိန်နဲ့ ဘယ်လာရင်တို့ကို အသုံးပြုခဲ့တာကြောင့် ကွင်းလယ်ပိုင်း နေရာလွတ်တွေ များစွာဖြစ်ပေါ်ခဲ့တဲ့အတွက် လီဗာပူးအသင်းအနေနဲ့ လွတ်လွတ်လပ်လပ် ဘောလုံး အပေးအယူလုပ်လို့ရခဲ့တာ ဖြစ်ပါတယ်။

ရာသီအစကတည်းက အာဆင်နယ်အတွက် တစ်ပွဲမှ ဝင်ရောက်မကစားရသေးတဲ့ ဆန်းချက်ဇ်အခုပွဲမှာ ပါဝင်ခဲ့ပေမယ့် ပွဲချိန် မိနစ် ၆၀ ကျော်မှာပဲ လူစားလဲခံလိုက်ရတာကြောင့် လာမယ့်ကြာသပတေးနေ့ ဈေးကွက်အပိတ်မတိုင်မီ ဆန်းချက်ဇ် မန်စီးတီးကိုရောက်တော့မယ်ဆိုတဲ့ ခန့်မှန်းမှုတွေထွက်လာပါတယ်။ ဆန်းချက်ဇ်ဟာ အဲဒီပွဲမှာ ဂိုးမသွင်းနိုင်ခဲ့ပေမယ့် ဘောလုံးထိချက် ၄၄ ချက်အထိရှိအောင် အင်ပြည့်အားပြည့်ကစားခဲ့တာကိုတော့ တွေ့ရပါတယ်။ ဒါပေမယ့် ဝင်းဂါးက ဆန်းချက်ဇ်ကို ပွဲချိန်မိနစ် ၆၀ ကျော်ကတည်းက လူစားလဲလိုက်တာကြောင့် အားလုံးအတွက် အတွေးပွားစရာဖြစ်ခဲ့ပါတယ်။ အရန်ခုံပေါ် ထိုင်နေတဲ့ ဆန်းချက်ဇ်ရဲ့သွင်ပြင်ဟာလည်း အာဆင်နယ်ကနေ ထွက်ခွာဖို့ဆုံးဖြတ်ချက်ချထားတဲ့ ပုံပေါ်တယ်လို့ ဘီဘီစီအားကစားသတင်းသုံးသပ်သူ ဒန်နီမာဖီက သုံးသပ်ခဲ့ပါတယ်။

လွန်ခဲ့တဲ့ သုံးနှစ်တာကာလအတွင်း ဆန်းချက်ဇ်ဟာ အာဆင်နယ်ပရိသတ်တွေရဲ့ ရင်ထဲမှာ နေရာအယူနိုင်ဆုံးကစားသမားဖြစ်ခဲ့တာက သူ့ရဲ့ အားပြည့်အင်ပြည့် ယှဉ်ပြိုင်တတ်တဲ့ ကစားဟန်၊ နေရာယူမှု ကောင်းကောင်းနဲ့ အဆုံးသတ်တဲ့ ပုံစံကောင်းတွေကြောင့် ဖြစ်ပါတယ်။ ဒါကြောင့်လည်း သူဟာ အိုဇေးလ်လို နာမည်ကျော်ကစားသမားထက်တောင် ပရိသတ်ရဲ့ချစ်ခင်မှုရရှိတဲ့ ကစားသမားဖြစ်ခဲ့တာပါ။ အာဆင်နယ်အသင်း ပြီးခဲ့တဲ့ရာသီက အဆင့် (၅) နေရာနဲ့သာ ရာသီသိမ်းနိုင်ခဲ့ပေမယ့် ဆန်းချက်ဇ်ရဲ့သွင်းဂိုးနဲ့ အက်ဖ်အေဖလားမှာ ချယ်လ်ဆီးကို အနိုင်ယူပြီး ဖိုလ်စွဲခဲ့ပါတယ်။

အာဆင်နယ်အသင်းရလဒ်တွေ ဆိုးရွားနေချိန်မှာ ဆန်းချက်ဇ်ကအသင်းဖော်တွေကို ဒေါသပေါက်ကွဲခဲ့တာ၊ ပရိသတ်တွေကို လက်ပြနှုတ်ဆက်ခြင်းမရှိဘဲ ဥမင်အတွင်း ဝင်သွားခဲ့တာ၊ အရန်ခုံပေါ် ထိုင်နေရစဉ်အတွင်းတစ်ကိုယ်တည်း ပြုံးနေခဲ့တာတွေကြောင့် ဆန်းချက်ဇ်နဲ့ အာဆင်နယ်လမ်းခွဲမှုကို အနေးနဲ့အမြန်ဆိုသလို မြင်တွေ့ရတော့မယ်လို့ မီဒီယာတွေက တောက်လျှောက်ဖော်ပြခဲ့တာဖြစ်ပါတယ်။ အာဆင်နယ်အသင်းက ဒီနှစ်နွေစျေးကွက် တစ်တောက်လျှောက်လုံးလည်း ဆန်းချက်ဇ် စာချုပ်သက်တမ်းတိုးရေးကိစ္စကိုသာ ကြိုးပမ်းခဲ့ပေမယ့် အခုထိ မအောင်မြင်သေးဘဲရှိခဲ့ရာမှာ လာကာဇက်ကို ရဲရဲဝံ့ဝံ့သုံးသင့်တယ်လို့ မီဒီယာအချို့က ထောက်ပြနေခဲ့ကြပါတယ်။ ဒါကြောင့် အရင်ကသူရဲကောင်းဖြစ်ခဲ့တဲ့ ဆန်းချက်ဇ်က ခုတော့ ပြဿနာတစ်ခုဖြစ်စေပြီလားလို့ ထင်ရပါတယ်။







> "မြန်မာအသင်းက ပွဲချိန် မိနစ် ၉၀ ပြည့်တဲ့အထိ ဂိုးမရှိ သရေရလဒ်ထွက်ပေါ်အောင် ကစားနိုင်ခဲ့ပေမယ့် နာကျင်အချိန်ပိုမှာတော့ ထိုင်းအသင်းကို ဦးဆောင်ဂိုး ခွင့်ပြုခဲ့ရပါတယ်။ မြန်မာအသင်းအနေနဲ့ ပွဲပြီးခါနီးမှ ဂိုးပေးခဲ့ရတာကြောင့် တုံ့ပြန်ချိန် မရတော့ဘဲ တစ်ဂိုး-ဂိုးမရှိနဲ့ အရေးနိမ့်သွားတာကြောင့် ထိုင်းအသင်း သွင်းယူသွားခဲ့တဲ့ ဒီသွင်းဂိုးကို ဖေ့စ်ဘွတ်လို လူမှုကွန်ရက်စာမျက်နှာတွေမှာတော့ "သန်း ၅၀ အတွက် အသည်းခွဲဂိုးရယ်" လို့ မှတ်ချက်ပြုရေးသားနေကြတာကို တွေ့ရပါတယ်"

**မေလဲ့သင်း - စုစည်းသည်**

၁၉၆၇ ခုနှစ်တွင် စတင်ဖွဲ့စည်းတည်ထောင်ခဲ့သည့် အရှေ့တောင်အာရှနိုင်ငံများအသင်း(အာဆီယံ) (Association of Southeast Asian Nations -ASEAN) သည် ၂၀၁၇ ခုနှစ်တွင် နှစ်ပေါင်း (၅၀) ပြည့်မြောက်ခဲ့သည့်အတွက် အာဆီယံအဖွဲ့ကြီး၏ ရွှေရတုအခမ်းအနားကို ကျင်းပနိုင်တော့မည်ဖြစ်ပါသည်။ ယခုနှစ်အတွက် အာဆီယံအလှည့်ကျဥက္ကဋ္ဌသည် ဖိလစ်ပိုင်နိုင်ငံဖြစ်သည့်အတွက် ဖိလစ်ပိုင်နိုင်ငံကဦးဆောင်ပြီး အထိမ်းအမှတ် အခမ်းအနားများကို ကျင်းပသွားရန်ရှိပါသည်။ အဆိုပါအာဆီယံအဖွဲ့ကြီး၏အကြောင်းကို စာရေးဆရာ တက္ကသိုလ်ဟန်စိုးဦးက အာဆီယံ နှစ်(၅၀) ခရီးအမည်ဖြင့် ရေးသားထားသည်များကို ကြေးမုံစာဖတ်ပရိသတ်များအတွက် အခန်းဆက်ဆောင်းပါးများအဖြစ် ဖော်ပြလိုက်ပါသည်။ (စာတည်း)



တက္ကသိုလ် ဟန်စိုးဦး

# အာဆီယံ နှစ်(၅၀)ခရီး




**ယခင်အပတ်မှ အဆက်**

**(ည) အာဆီယံအဖွဲ့ကြီး၏ အသိုက်အဝန်း ၃-ရပ်**

အာဆီယံအဖွဲ့ကြီးရဲ့ မျှော်မှန်းချက် ၂၀၂၀ (ASEAN Vision 2020) ကို ပိုမိုခိုင်မာလာစေဖို့ အာဆီယံခေါင်းဆောင်များဟာ ၂၀၂၀ ပြည့်နှစ်မှာ အာဆီယံအသိုက်အဝန်း တည်ထောင်နိုင်ဖို့အတွက် ၂၀၀၃ ခုနှစ်မှာ ဘာလီကွန်ကော့ကြေညာချက်-၂ (ASEAN Vision 2020) လို့ လူသိများတဲ့ အာဆီယံကွန်ကော့ကြေညာချက်-၂ ကို ထုတ်ပြန်ခဲ့ပါတယ်။ အာဆီယံအသိုက်အဝန်းမှာ မဏ္ဍိုင်ကြီး ၃-ရပ်ပါရှိပြီး အာဆီယံနိုင်ငံရေးနှင့် လုံခြုံရေးအသိုက်အဝန်း (ASEAN Political-Security Community)၊ အာဆီယံ စီးပွားရေးအသိုက်အဝန်း (ASEAN Economic Community) နဲ့ အာဆီယံ လူမှုရေးနဲ့ ယဉ်ကျေးမှုအသိုက်အဝန်း (ASEAN Socio-Cultural Community) တို့ဖြစ်ပါတယ်။ အာဆီယံအသိုက်အဝန်းထူထောင်ရာမှာ ၂၀၂၀ ပြည့်နှစ်အစား ၂၀၁၅ ခုနှစ်မှာ စတင်တည်ထောင်နိုင်ဖို့ ဖိလစ်ပိုင်နိုင်ငံမှာ ကျင်းပခဲ့တဲ့ ၁၄-ကြိမ်မြောက် အာဆီယံထိပ်သီးအစည်းအဝေးက ပြောင်းလဲအတည်ပြုခဲ့ပါတယ်။

အာဆီယံနိုင်ငံရေးနှင့်လုံခြုံရေးအသိုက်အဝန်းဟာ အာဆီယံအဖွဲ့ဝင်နိုင်ငံများအကြား နိုင်ငံရေးနဲ့ လုံခြုံရေးကဏ္ဍတွေမှာ ပူးပေါင်းဆောင်ရွက်မှုတွေ အဆင့်တစ်ဆင့်သို့ တိုးမြှင့်ဆောင်ရွက်နိုင်ခြင်းမှသည် အဖွဲ့ဝင်များအကြား၊ ကမ္ဘာ့နိုင်ငံများအကြား တန်းတူညီမျှသော၊ ဒီမိုကရေစီနည်းလမ်းကျသော၊ သဟဇာတမျှတသောပတ်ဝန်းကျင်ဖန်တီးကာ ငြိမ်းချမ်းစွာ နေထိုင်သွားနိုင်ရေးကို ရည်မှန်းထားရှိပါတယ်။ အာဆီယံနိုင်ငံရေးနှင့် လုံခြုံရေးအသိုက်အဝန်းဟာ အာဆီယံပဋိညာဉ်စာတမ်းမှာ ဖော်ပြထားတဲ့ ဒီမိုကရေစီ စံနှုန်းစံထားများ၊ တရားဥပဒေစိုးမိုးမှုနဲ့ ကောင်းမွန်သောအုပ်ချုပ်မှုစနစ်၊ လူ့အခွင့်အရေး လေးစားလိုက်နာမှုနှင့် ကာကွယ်စောင့်ရှောက်မှုတို့မှတစ်ဆင့် နိုင်ငံရေးဖွံ့ဖြိုးတိုးတက်မှုရရှိလာစေဖို့ ကြိုးပမ်းဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။ အာဆီယံနိုင်ငံရေးနှင့်လုံခြုံရေးအသိုက်အဝန်းဟာ တူညီသောတန်ဖိုးထားမှုနဲ့စံနှုန်းစံထားများအပေါ် အခြေခံတဲ့ အသိုက်အဝန်း၊ ဘက်စုံလုံခြုံရေးအတွက် တူညီတဲ့ တာဝန်ယူမှုကို အခြေခံပြီး ပေါင်းစည်းတဲ့၊ ငြိမ်းချမ်းတဲ့၊ တည်ငြိမ်ပြီး ကြံ့ကြံ့ခံနိုင်တဲ့ စွမ်းရည် ပြည့်ဝတဲ့ အသိုက်အဝန်း၊ အပြန်အလှန်မှီခိုမှုနဲ့ ပေါင်းစည်းမှု မြင့်မားလာနေတဲ့ ကမ္ဘာကြီးမှာ တက်တက်ကြွကြွနဲ့ ပြင်ပကမ္ဘာနဲ့ ထိတွေ့ဆက်ဆံမှုကို အလေးပေးတဲ့ အသိုက်အဝန်း ဖြစ်လာစေဖို့ ကြိုးပမ်းဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။

အာဆီယံနိုင်ငံရေးနှင့် လုံခြုံရေး အသိုက်အဝန်းအောက်မှာ အဖွဲ့ဝင်နိုင်ငံများအကြား နိုင်ငံရေးအရ ပူးပေါင်းဆောင်ရွက်မှု၊ အပြန်အလှန်ထောက်ပံ့ကူညီမှု၊ လူ့အခွင့်အရေးမြှင့်တင်ရေးနဲ့ ကာကွယ်စောင့်ရှောက်မှု၊ အကျင့်ပျက်လာဘ်စားမှု ကာကွယ်ရေးနဲ့ တိုက်ဖျက်ရေး၊ ဒီမိုကရေစီမူဝါဒများ မြှင့်တင်ရေး၊ ဒေသတွင်း တည်ငြိမ်မှုနဲ့ ငြိမ်းချမ်းမှု မြှင့်တင်ရေး၊ တောင်တရုတ်ပင်လယ်အတွင်း လိုက်နာရမယ့် ကျင့်ဝတ်များ အပြည့်အဝ အကောင်အထည်ဖော်ရေး၊ အရှေ့တောင်အာရှ အဏုမြူလက်နက်ကင်းစင်ရေးဇုန် (Southeast Asia Nuclear Weapons Free Zone-SEANWFZ) အကောင်အထည်ဖော်ရေး၊ အာဆီယံရေကြောင်း ပူးပေါင်းဆောင်ရွက်ရေး၊ ပဋိပက္ခတားဆီးရေးနဲ့ ယုံကြည်မှုတည်ဆောက်ရေးလုပ်ငန်းစဉ်များ၊ ကာကွယ်ရေးဆိုင်ရာ မူဝါဒများနဲ့ လုံခြုံရေးဆိုင်ရာ အမြင်များ ပိုမိုပွင့်လင်းမြင်သာမှုရှိရေးနဲ့ အပြန်အလှန်နားလည်မှုမြှင့်တင်ရေး၊ ကုလသမဂ္ဂပဋိညာဉ်စာတမ်းပါမူဝါဒများနဲ့အညီ အာဆီယံအဖွဲ့ဝင်နိုင်ငံများအကြား အချုပ်အခြာအာဏာနဲ့ နယ်မြေတည်တံ့ခိုင်မြဲမှုကို လေးစားရေး၊ စည်းလုံးညီညွတ်မှုကို ထိန်းသိမ်းရေးအတွက် ကြိုးပမ်းမြှင့်တင်ရေး၊ အာဆီယံအဖွဲ့ဝင်နိုင်ငံများအကြား ကာကွယ်ရေးနဲ့ လုံခြုံရေး ပူးပေါင်းဆောင်ရွက်မှု မြှင့်တင်နိုင်ရန်အတွက် စံနှုန်းစံထားများ ဖွံ့ဖြိုးတိုးတက်လာစေရေး၊ ပဋိပက္ခနှင့် အငြင်းပွားမှုများကို အေးချမ်းစွာ ကိုင်တွယ်ဖြေရှင်းရေး၊ ပဋိပက္ခအလွန် ငြိမ်းချမ်းမှုထိန်းသိမ်းရေး၊ လူသားချင်းစာနာထောက်ထားမှု အကူအညီပေးအပ်မှုစနစ်များ ခိုင်မာလာစေရေး၊ သမားရိုးကျမဟုတ်သော လုံခြုံရေးကိစ္စရပ်များတွင် ပူးပေါင်းဆောင်ရွက်ရေး၊ အကြမ်းဖက်မှု တိုက်ဖျက်ရေးဆိုင်ရာ အာဆီယံကွန်ဗင်းရှင်း ဆောလျင်စွာ အတည်ပြုရေးနဲ့ အပြည့်အဝအကောင်အထည်ဖော်နိုင်ရေး ကြိုးပမ်းဆောင်ရွက်ခြင်းဖြင့် အကြမ်းဖက်မှု တိုက်ဖျက်ရေးကို တိုးမြှင့်ဆောင်ရွက်ရေး၊ သဘာဝဘေးအန္တရာယ် စီမံခန့်ခွဲမှုနဲ့ အရေးပေါ်တုန့်ပြန်မှုကဏ္ဍမှာ ပူးပေါင်းဆောင်ရွက်မှု တိုးမြှင့်ရေး၊ ဒေသဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုတွင် အာဆီယံ၏ အရေးပါမှုအား တိုးမြှင့်ရေး၊ ပြင်ပအဖွဲ့အစည်းများနှင့် ထိတွေ့ဆက်ဆံမှု တိုးမြှင့်ရေး လုပ်ငန်းစဉ်တွေကို ဆောင်ရွက်လျက်ရှိပါတယ်။




tmqD,Dtoltf 0ef;wnfxmif&;twuf@dlufD-&yf

အာဆီယံစီးပွားရေးအသိုက်အဝန်းဟာ အရှေ့တောင်အာရှဒေသကို တစ်ခုတည်းသော ဈေးကွက်နဲ့ ထုတ်လုပ်မှုအခြေခံဒေသဖြစ်လာစေရေး၊ စီးပွားရေးအရ ယှဉ်ပြိုင်နိုင်စွမ်းမြင့်မားတဲ့ ဒေသဖြစ်လာစေရေး၊ တန်းတူညီမျှ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုရရှိတဲ့ ဒေသတစ်ခု ဖြစ်လာစေရေးနဲ့ ကမ္ဘာ့စီးပွားရေးအတွင်းမှာ အပြည့်အဝ ပါဝင်ပေါင်းစည်းလာနိုင်တဲ့ ဒေသတစ်ခုဖြစ်လာစေရေးဆိုတဲ့ ရည်မှန်းချက်တွေနဲ့ တည်ထောင်ခဲ့တာ ဖြစ်ပါတယ်။ အာဆီယံဒေသဟာ တစ်ခုတည်းသောဈေးကွက်နဲ့ ထုတ်လုပ်မှုအခြေခံဒေသ ဖြစ်လာစေဖို့အတွက်အဖွဲ့ဝင် နိုင်ငံများအကြား ကုန်ပစ္စည်းများ၊ ဝန်ဆောင်မှုများ၊ ရင်းနှီးမြှုပ်နှံမှုများ၊ ကျွမ်းကျင်လုပ်သားနဲ့ အရင်းအနှီးတွေ လွယ်ကူစွာစီးဆင်းနိုင်စေရေး ကြိုးပမ်းဆောင်ရွက်သွားကြမှာ ဖြစ်ပါတယ်။ စီးပွားရေးအရ ယှဉ်ပြိုင်နိုင်စွမ်းမြင့်မားတဲ့ ဒေသ ဖြစ်လာစေဖို့အတွက် အာဆီယံအဖွဲ့ဝင်နိုင်ငံတွေအကြား လယ်ယာကဏ္ဍ၊ ငွေကြေးကဏ္ဍ၊ ယှဉ်ပြိုင်မှုမူဝါဒကဏ္ဍ၊ ဉာဏပစ္စည်း ကာကွယ်ရေးကဏ္ဍ၊ စားသုံးသူကာကွယ်ရေးကဏ္ဍစတဲ့ကဏ္ဍပေါင်းစုံမှာ အားလုံး သဘောတူညီတဲ့ ပူးပေါင်းဆောင်ရွက်ရေး စံနှုန်းစံထားတွေ၊ မူဘောင်တွေ ချမှတ်ခြင်းဖြင့် စီးပွားရေးလုပ်ငန်းတွေ လုပ်ကိုင်ဖို့ အခြေအနေကောင်းတွေဖန်တီးပေးတဲ့၊ တီထွင်ဖန်တီးမှုကို အထောက်အပံ့ဖြစ်စေတဲ့ ပတ်ဝန်းကျင်ကောင်းတွေ ဖြစ်လာစေဖို့ ကြိုးပမ်းဆောင်ရွက်သွားကြမှာ ဖြစ်ပါတယ်။ ဒါ့အပြင် သယ်ယူပို့ဆောင်မှုဆိုင်ရာ ပေါင်းစည်းဆက်နွှယ်မှုနဲ့ အခြေခံအဆောက်အအုံဆိုင်ရာ ပေါင်းစည်းဆက်နွှယ်မှုတွေ ဖွံ့ဖြိုးတိုးတက်လာစေဖို့လည်း အထောက်အကူပြုကြိုးပမ်းသွားမှာ ဖြစ်ပါတယ်။




tmqD,DpD;yGm;a&;tolt 0eftaetxm;jyZ,m;

တန်းတူညီမျှ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုရရှိတဲ့ဒေသတစ်ခု ဖြစ်လာစေရေးအတွက် ဒေသတွင်းရှိ အသေးစားနဲ့ အလတ်စား စီးပွားရေးလုပ်ငန်းများ အာဆီယံဒေသတွင်းနဲ့ ကမ္ဘာ့တန်ဖိုးကွင်းဆက်ထုတ်လုပ်မှု စနစ်အတွင်းမှာ ပါဝင်လာနိုင်စေဖို့ ဆန်းသစ်တဲ့အစီအစဉ်များနဲ့ ဖန်တီးဆောင်ရွက်ရေး၊ အာဆီယံစီးပွားရေး အသိုက်အဝန်းမှာ ထိထိရောက်ရောက် ပေါင်းစည်းလာနိုင်စေဖို့ အာဆီယံအဖွဲ့ဝင်သစ်တွေရဲ့ စွမ်းရည်ဖွံ့ဖြိုးတိုးတက်လာစေရေးအတွက် ဝိုင်းဝန်းကူညီဖို့ ကြိုးပမ်းသွားမှာဖြစ်ပါတယ်။ ကမ္ဘာ့စီးပွားရေးအတွင်းမှာ အပြည့်အဝပါဝင်ပေါင်းစည်းလာနိုင်တဲ့ ဒေသတစ်ခု ဖြစ်လာစေရေးအတွက် ပြည်ပနိုင်ငံတွေ၊ အဖွဲ့အစည်းတွေနဲ့ စီးပွားရေးအရ ပူးပေါင်းဆောင်ရွက်ရာမှာ အာဆီယံအဖွဲ့ကြီးအနေနဲ့ တူညီသောအနေအထားတစ်ခုတည်းနဲ့ ချဉ်းကပ်ဆောင်ရွက်ရေး၊ ကမ္ဘာ့ကုန်ထုတ်လုပ်မှုကွန်ရက်စနစ်အတွင်းမှာ ပိုမိုပါဝင်ဆောင်ရွက်ရေးအတွက် ကြိုးပမ်းဆောင်ရွက်သွားမှာဖြစ်ပါတယ်။

အာဆီယံလူမှုရေးနဲ့ ယဉ်ကျေးမှုအသိုက်အဝန်းဟာ အာဆီယံနိုင်ငံများနဲ့ ပြည်သူများအကြား စည်းလုံးညီညွတ်မှုနဲ့ သွေးစည်းခိုင်မာမှု ပိုမိုခိုင်မာလာစေဖို့ ပြည်သူလူထုကို အခြေပြုပြီး စာမျက်နှာ-၂၀ သို့

အာဆီယံစီးပွားရေး အသိုက်အဝန်းဟာ အရှေ့တောင်အာရှဒေသကို တစ်ခုတည်းသော ဈေးကွက်နဲ့ ထုတ်လုပ်မှုအခြေခံဒေသ ဖြစ်လာစေရေး၊ စီးပွားရေးအရ ယှဉ်ပြိုင်နိုင်စွမ်းမြင့်မားတဲ့ ဒေသဖြစ်လာစေရေး၊ တန်းတူညီမျှ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုရရှိတဲ့ ဒေသတစ်ခု ဖြစ်လာစေရေးနဲ့ ကမ္ဘာ့စီးပွားရေး အတွင်းမှာ အပြည့်အဝပါဝင် ပေါင်းစည်းလာနိုင် . . .

# အမရပူရမြို့နယ်နှင့် ပုသိမ်ကြီးမြို့နယ်ဆက်သွယ်သော နားငွေ့ချောင်းကျချောင်းကူးတံတား(ကာဝန်း)နှင့် ကတ္တရာလမ်းသစ်ဖွင့်



**အမရပူရ ဩဂုတ် ၂၈**

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ်ရန်ပုံငွေဖြင့် ဆောင်ရွက်ပြီးစီးခဲ့သောအမရပူရမြို့နယ်နှင့် ပုသိမ်ကြီးမြို့နယ် ဆက်သွယ်သော နားငွေ့ချောင်းကျချောင်းကူးတံတား(ကာဝန်း)နှင့် ကတ္တရာလမ်းသစ်ဖွင့်ပွဲကို ဩဂုတ် ၂၇ ရက် နံနက် ၉ နာရီက မန္တလေးခရိုင် အမရပူရမြို့နယ် တမုတ်ဆိုးကျေးရွာအနီး နားငွေ့ချောင်းကျချောင်း (ကာဝန်း) ကွန်ကရစ်တံတားမုခ်ဦးရှေ့၌ ကျင်းပရာ မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ်ဒေါက်တာဇော်မြင့်မောင် တက်ရောက်အားပေးပြီး အဖွင့်အမှာစကားပြောကြားသည်။

ထို့နောက်တံတားဖွင့်ပွဲ ကျင်းပရာ မန္တလေးတိုင်းဒေသကြီး စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဝန်ကြီးဒေါက်တာစိုးသန်း၊ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်ဦးအောင်ဇော်မြင့်နှင့်ဦးသောင်းဌေးလင်း၊ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်ဦးထွန်းထွန်းဦး၊ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်ဦးရဲမင်းဦးတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးပြီး တိုင်းဒေသကြီးဝန်ကြီးချုပ်က တံတားတည်ဆောက်ခြင်းကမ္ပည်းမော်ကွန်းကျောက်စာကို စက်ခလုတ်နှိပ် ဖွင့်လှစ်ပေးကာ အမွေးနံ့သာရည်များ ပက်ဖျန်း၍တံတားပေါ်မှ ဖြတ်သန်းကြည့်ရှုကြသည်။ ဆက်လက်၍ မန္တလေးတိုင်းဒေသကြီး ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ညွှန်ကြားရေးမှူး ဦးမင်းဟန်က တံတား တည်ဆောက်ခဲ့မှုများအား ရှင်းလင်းပြောကြားပြီး တံတားတည်ဆောက်ရေးဆိုင်ရာမှတ်တမ်းများအား ကျေးရွာကိုယ်စားလှယ်များထံ ပေးအပ်သည်။

အဆိုပါ တံတားသည် အမရပူရမြို့နယ် တမုတ်ဆိုးကျေးရွာအုပ်စု မုံတောကျေးရွာ၊ ရှမ်းကြီးကျေးရွာနှင့် ပုသိမ်ကြီးမြို့နယ် ရွှေစာရံကျေးရွာကြားနားငွေ့ချောင်းကျချောင်းပေါ်တွင် တည်ရှိပြီး အမရပူရမြို့နယ်ရှိကျေးရွာ ၁၈ ရွာ၊ ပုသိမ်ကြီးမြို့နယ်ရှိကျေးရွာ သုံးရွာအထောက်အကူပြုစေသော တံတားဖြစ်ကာ အရှည်ပေ ၂၁၀၊ အကျယ် ၁၄ ပေရှိ သံကူကွန်ကရစ်တံတားအမျိုးအစားဖြစ်သည်။

ကတ္တရာလမ်းမှာလည်း တံတားထိပ်မှ အမရပူရမြို့နယ် မိုင် လေးဆယ်ကျေးရွာကြားအရှည် ၇ ဒသမ ၀၄ ဖာလုံ၊ အကျယ် ၁၂ ပေအား ထပ်ပိုးလွှာခင်းပေးခဲ့သည်။ တံတားအား တိုင်းဒေသကြီး ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနရန်ပုံငွေ ကျပ် ၃၁၅ သန်းကျော်ကျခံ၍ ပျက်စီးသွားသော တံတားဟောင်းနေရာတွင် ပြန်လည်တည်ဆောက်ခဲ့ခြင်းဖြစ်ပြီး ကတ္တရာလမ်းအား ကျေးလက်ဒေသဖွံ့ဖြိုးရေးရန်ပုံငွေကျပ် ၆၅ သန်းဖြင့် ထပ်ပိုးလွှာ ခင်းပေးခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

**မောင်ပြည်သူ(မန္တလေး)**

# ပြည်နယ်အဆင့် ပြန်လည်ဝင်ဆံ့ပေါင်းစည်းရေးဆိုင်ရာ ကော်မတီညှိနှိုင်းအစည်းအဝေးကျင်းပ

**မြစ်ကြီးနား ဩဂုတ် ၂၈**

ကချင်ပြည်နယ် လူမှုဝန်ထမ်းဦးစီးဌာနနှင့် UNICEF တို့ ပူးပေါင်း၍ ပြည်နယ်အဆင့် ပြန်လည်ဝင်ဆံ့ပေါင်းစည်းရေးဆိုင်ရာကော်မတီ၏ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ဩဂုတ်၂၈ ရက် နံနက် ၉ နာရီခွဲက မြစ်ကြီးနားမြို့ မြို့မရပ်ကွက် လူမှုအခြေပြုဗဟိုဌာန(Community Centre) ရုံးအဆောက်အအုံရှိ ဘက်စုံသုံးခန်းမ၌ ပြုလုပ်ရာ ကော်မတီဥက္ကဋ္ဌ ပြည်နယ်လူမှုဝန်ထမ်းဦးစီးမှူး ဦးအောင်စိုးက အဖွင့်နှုတ်ခွန်းဆက်စကားပြောကြားခဲ့ကြောင်း သိရ သည်။

ထို့နောက် UNICEF မှ ဦးမြတ်မင်းသူက တပ်မတော်နှင့် လက်နက်ကိုင်အဖွဲ့များအတွင်း အသက်(၁၈)နှစ် မပြည့်သေးသည့် ကလေးသူငယ်များအား နုတ်ထွက်ခွင့်ရရှိရေး၊ မိသားစုပြန်လည်ပေါင်းစည်းရေး လုပ်ငန်းစီမံကိန်း အောင်မြင်မှုအခြေအနေများနှင့် နှစ်အလိုက်ဆောင်ရွက်ချက်များ၊ ပြန်လည်ဝင်ဆံ့ပေါင်းစည်း ရေးဆိုင်ရာ သက်မွေးပညာသင်ကြားခြင်းလုပ်ငန်းများအား ရှင်းလင်းတင်ပြပြီး တက်ရောက်လာကြသည့် ကော်မတီဝင်များက ကော်မတီ၏ လုပ်ငန်းတာဝန် များနှင့် စပ်လျဉ်း၍ ပေါင်းစပ်ညှိနှိုင်းဆွေးနွေးခဲ့ကြသည်။

လူမှုဝန်ထမ်းဦးစီးဌာနနှင့် UNICEFတို့ ပူးပေါင်း၍ ပြန်လည်ပေါင်းစည်းရေးဆိုင်ရာစီမံချက်လုပ်ငန်းဖြင့် တပ်မတော်အတွင်းအရွယ်မရောက်မီ စစ်မှုထမ်းဆောင်နေသူများအား ပြန်လည်နုတ်ထွက်ခွင့်ရရှိရေးဆိုင်ရာများကို ဆောင်ရွက်ပေးခဲ့ရာ မြန်မာနိုင်ငံအတွင်း ၂၀၁၆ ခုနှစ် နှစ်ကုန်အထိ လက်နက်ကိုင်အဖွဲ့အစည်းများအတွင်းမှ ပြန်လည်နုတ်ထွက်ခွင့်ရရှိသူ ၈၄၉ ဦးရှိနေပြီဖြစ်ပြီး ကချင်ပြည်နယ်အတွင်း ၃၃ ဦးအား နုတ်ထွက်ခွင့်ရရှိရန်စီစဉ်ဆောင်ရွက်ပေးနိုင်ခဲ့ကာ ၁၇ ဦးအား ပညာဆက်လက်သင်ကြားပေးခြင်း၊ သက်မွေးပညာသင်ကြားပေးခြင်းတို့ကို ဆောင်ရွက်ပေးနိုင်ပြီး ကချင်ပြည်နယ်ကော်မတီဝင်များမှ လုပ်ငန်းစီမံချက်များ အောင်မြင်စွာအကောင်အထည်ဖော်နိုင်ရေး ပေါင်းစပ်ညှိနှိုင်းဆွေးနွေးခဲ့ကာ အစည်းအဝေးသို့ ကော်မတီဝင် ၂၅ ဦး တက်ရောက်ကြောင်း သိရသည်။

**ဦးလေးကြီး**

# မန္တလေးဆေးရုံကြီးတွင် အသည်းအစားထိုးမှုအောင်မြင် ထပ်မံကုသမှုလုပ်ဆောင်မည်



**မန္တလေး ဩဂုတ် ၂၈**

မန္တလေးအထွေထွေရောဂါကုဆေးရုံကြီး ခွဲစိတ်ကုပညာဌာနမှဆရာဝန်ကြီးများ၊ မေ့ဆေးဆရာဝန်များနှင့် အိန္ဒိယနိုင်ငံ YASHODAHOSPITALမှအသည်းခွဲစိတ်ကုဆရာဝန်ကြီး Dr.P. Balachandran Menonတို့ ပူးပေါင်း၍ မန္တလေးဆေးရုံကြီးတွင် အသည်းရောဂါဖြင့် တက်ရောက်ကုသမှုခံယူနေသော ကချင်ပြည်နယ်မိုးညှင်းမြို့နယ် ဘီလူးမြို့မှ ဒေါ်ဝင်းမြ အသက်(၅၅)နှစ်အားတူမဖြစ်သူ မနီလာဝင်း(၃၀)နှစ်၏ အသည်းလှူဒါန်းမှုဖြင့်ပထမဆုံး အသည်းအစားထိုးကုသရာလူနာနှင့် အသည်းအလှူရှင်နှစ်ဦးစလုံးကျန်းမာလျက်ရှိကြောင်း ဩဂုတ် ၂၇ ရက်က ခွဲစိတ်ဆောင်(၁)၌ ကျင်းပသည့်အသည်းအစားထိုးခွဲစိတ်ကုသမှုရှေ့လုပ်ငန်းစဉ်များအသိပေးရှင်းလင်းပွဲတွင် ခွဲစိတ်ကုပညာဌာနပါမောက္ခ/ဌာနမှူး ဒေါက်တာရှိန်မြင့်က ပြောသည်။

အသည်းအစားထိုးကုသရန်အသည်းအစားထိုးကုသမှုခံယူမည့်သူနှင့်အသည်းအလှူရှင်သည်သွေးအုပ်စုတူညီရန်လိုအပ်ပြီး ဆွေမျိုးသားချင်းဖြစ်ပါက ပိုမိုကောင်းမွန်ကြောင်း၊ မန္တလေးဆေးရုံကြီးအသည်းကုသဆောင်တွင် အသည်းအစားထိုးကုသမှုခံယူမည့်လူနာ ခြောက်ဦးခန့်ရှိပြီး အသည်းအစားထိုးရာတွင်အသုံးပြုသည့် စက်ပစ္စည်းများ၊ သီးသန့်ခွဲစိတ်ခန်းလိုအပ်လျက်ရှိသော်လည်း ပထမဆုံးအကြိမ် အသည်းအစားထိုးမှုကို နှလုံးခွဲစိတ်ဆောင်တွင် လုပ်ဆောင်ခဲ့ရာအောင်မြင်ခဲ့ပါကြောင်း ပါမောက္ခဒေါက်တာရှိန်မြင့်က ဖြည့်စွက်ပြောကြားသည်။

အသည်းအစားထိုးခွဲစိတ်မှုခံယူရန်ပြည်ပနိုင်ငံများသို့ သွားရောက်ကုသမှုခံယူပါကကျပ်သိန်း ၈၀၀ ခန့်ကုန်ကျနိုင်သော်လည်းရန်ကုန်၊ မန္တလေးဆေးရုံကြီးများတွင် အသည်းအစားထိုးကုသမှုခံယူပါကကျပ်သိန်း ၂၀၀ ဝန်းကျင်သာကုန်ကျပြီး မိသားစုများ လွယ်ကူစွာလူနာအား ပြုစုစောင့်ရှောက်နိုင်မည်ဖြစ်သည်။ အိန္ဒိယနိုင်ငံမှ အသည်းအစားထိုးခွဲစိတ်ဆရာဝန်များမှလည်း မန္တလေးအထွေထွေရောဂါကုဆေးရုံကြီး ခွဲစိတ်ပညာဌာနမှ အသည်းအစားထိုးကုသသည့် ဆရာဝန်များနှင့် ပူးပေါင်းကာ အသည်းအစားထိုးခွဲစိတ်ကုသမှုကျွမ်းကျင်စွာ လုပ်ဆောင်နိုင်သည်အထိကူညီပေးသွားမည်ဖြစ်ကြောင်းသိရသည်။ **သီဟကိုကို(မန္တလေး)**

# ညောင်ဦးမြို့နယ်၌ ဈေးကွက်ဝင် လျှော်ဖြူပင်များကို သီးနှံစိုက်ပျိုးလယ်ယာမြေများတွင် ပြောင်းလဲစိုက်ပျိုးလာ

**ညောင်ဦး ဩဂုတ် ၂၈**

မန္တလေးတိုင်းဒေသကြီး ညောင်ဦးမြို့နယ်အတွင်းရှိ ကျေးလက်နေ တောင်သူများသည် ယခုအခါ မိရိုးဖလာ စိုက်ပျိုးသည့် မြေပဲ၊ နှမ်း၊ ပဲစင်းငုံ၊ ပဲတီစိမ်း ဈေးနှုန်းများမှာ ဈေးကွက်တွင် တည်ငြိမ်ကောင်းမွန်မှုမရှိသည့်အတွက် သီးနှံစိုက်ပျိုးသည့်လယ်ယာမြေများတွင် သီးနှံစိုက်ပျိုးမှုအစား ဈေးကွက်ဝင်သည့် လျှော်ဖြူပင် စိုက်ပျိုးမှုများ စိတ်ဝင်တစား စမ်းသပ်စိုက်ပျိုးမှုများရှိလာကြောင်း ညောင်ဦးမြို့နယ် တောင်ဇင်းတိုက်နယ်အတွင်းရှိ ထန်းရိုင်းတောကျေးရွာမှ လျှော်ဖြူပင် စိုက်ပျိုးသည့်ဒေသခံတောင်သူတစ်ဦးထံမှ သိရသည်။

ညောင်ဦးမြို့နယ် အညာကျေးလက်ဒေသများတွင် မြေယာစိုက်ပျိုးရေးလုပ်ငန်း လုပ်ကိုင်ကြသည့် တောင်သူများသည် နှစ်စဉ် သီးနှံစိုက်ပျိုးလယ်ယာမြေများတွင် မိရိုးဖလာ မြေပဲ၊ နှမ်း၊ ပဲစင်းငုံ၊ ပဲတီစိမ်းနှင့် နှံစားပြောင်းများကို အများဆုံး စိုက်ပျိုးလေ့ရှိရာမှ ယခုအခါ အဆိုပါ စိုက်ပျိုးသီးနှံဈေးနှုန်းများမှာ စီးပွားရေးဈေးကွက်တွင် တွက်ခြေမကိုက်သည့် အခြေအနေများရှိလာသဖြင့် သီးနှံစိုက်ပျိုးမှုအစား ဈေးကွက်သည့်လျှော်ဖြူပင်ကိုသာ စမ်းသပ်စိုက်ပျိုးလာရခြင်းဖြစ်ကြောင်း သိရသည်။

"ညောင်ဦးမြို့နယ်မှာ အညာကျေးလက် ဒေသတွေက တောင်သူတွေအချို့က ယခင်စိုက်ပျိုးတဲ့ သီးနှံဈေးနှုန်းတွေက ဈေးကွက်မှာ ဈေးနှုန်းတွေကျဆင်းပြီး ဈေးနှုန်းမတည်ငြိမ်မှုတွေ ရင်ဆိုင်ကြုံတွေ့နေရတဲ့အတွက် ဈေးကွက်ကောင်းမွန်တဲ့ လျှော်ဖြူပင်တွေကို သီးနှံစိုက်ပျိုးမြေတွေမှာ ပြောင်းလဲစမ်းသပ်စိုက်ပျိုးမှုတွေ ရှိလာပါတယ်။ လျှော်ဖြူဈေးနှုန်းက ကျွန်တော်တို့ဒေသမှာ လျှော်ဖြူစေးတစ်ပိဿာ ကျပ်နှစ်သောင်းခွဲမှ ကျပ်လေးသောင်းအထိ ရောင်းချနေရပါတယ်။ ဒါ့ကြောင့်အခု ကျွန်တော်တို့ စမ်းသပ်စိုက်ပျိုးတဲ့ လယ်ယာမြေတွေမှာ လျှော်ဖြူစိုက်ပျိုးမှုအောင်မြင်ဖြစ်ထွန်းမှု ရှိလာမယ်ဆိုရင် အညာကျေးလက်တွေမှာ တောင်သူတွေအများစုတဖြည်းဖြည်းနဲ့ သီးနှံစိုက်ပျိုးမှုတွေ လျှော့ချပြီး အခုလို ဈေးကွက်ကောင်းမွန်တဲ့ လျှော်ဖြူစိုက်ခင်းတွေ တိုးချဲ့စိုက်ပျိုးမှုတွေ ရှိလာနိုင်ပါတယ်" ဟု ညောင်ဦးမြို့နယ် ထန်းရိုင်းတောကျေးရွာမှ လျှော်ဖြူပင် စမ်းသပ်စိုက်ပျိုးသည့် တောင်သူတစ်ဦးက ပြောသည်။

**ရဲဝင်းနိုင်(ညောင်ဦး)**

# လားရှိုး၌အခြေခံအိမ်တွင်းမှု သင်တန်းအမှတ်စဉ်(၇၆)နှင့် အဆင့်မြင့် စက်ချုပ်သင်တန်း အမှတ်စဉ်(၄၈) သင်တန်းဖွင့်



**လားရှိုး ဩဂုတ် ၂၈**

လားရှိုးမြို့ အမှတ်(၁၂)ရပ်ကွက် အမျိုးသမီးအိမ်တွင်းမှု သက်မွေးလုပ်ငန်းပညာ သင်တန်းကျောင်း၌ ဩဂုတ် ၂၈ ရက် နံနက် ၈ နာရီခွဲက နယ်စပ်ရေးရာဝန်ကြီးဌာန ပညာရေးနှင့်လေ့ကျင့်ရေးဦးစီးဌာန အမျိုးသမီးအခြေခံ အိမ်တွင်းမှု သင်တန်းအမှတ်စဉ် (၇၆)၊ အဆင့်မြင့် စက်ချုပ်သင်တန်း အမှတ်စဉ်(၄၈) သင်တန်းဖွင့်ပွဲအခမ်းအနားကျင်းပသည်။

အခမ်းအနား၌ ပြည်နယ်ဒုတိယအုပ်ချုပ်ရေးမှူး ဦးကျော်သူဇော်က သင်တန်းဖွင့်မိန့်ခွန်းပြောကြားပြီး သင်တန်းကျောင်း ကျောင်းအုပ်ဒေါ်ဆွေဆွေဦးက သင်တန်းတွင် သင်ကြားပို့ချမည့်ဘာသာရပ်များမှာ အမျိုးသမီးအင်္ကျီဒီဇိုင်းများ၊ စတိုင်ဘောင်းဘီ၊ ရှမ်းရိုးရာဝတ်စုံချုပ်နည်းများ၊ ယူနီဖောင်းဝတ်စုံ၊ ထိုင်မသိမ်းချုပ်နည်းများအပြင် ခေတ်မီမော်တာစက်ချုပ်နည်းများပါဝင်မည်ဖြစ်သည်။

လားရှိုး၌ ဖွင့်လှစ်သောအမျိုးသမီးအခြေခံ အိမ်တွင်းမှု သင်တန်းအမှတ်စဉ်(၇၆)၊ အဆင့်မြင့် စက်ချုပ်သင်တန်း အမှတ်စဉ်(၄၈) သင်တန်းကို မြန်မာနိုင်ငံအထက်ပိုင်း၊ ပြည်နယ်၊ တိုင်းဒေသကြီး၊ မြို့နယ်များမှ သင်တန်းသူ ၁၀၆ ဦးအား သင်တန်းကျောင်းအုပ် အပါအဝင် သင်တန်းနည်းပြ ရှစ်ဦးတို့ကသင်ကြားပို့ချမည်ဖြစ်သည်။ သင်တန်းကာလမှာ ဩဂုတ် ၂၈ မှ ဒီဇင်ဘာ ၁ ရက်အထိ ပို့ချသင်ကြားသွားမည်ဖြစ်ကြောင်း သိရပြီး သင်တန်းဖွင့်ပွဲအခမ်းအနားသို့ ပြည်နယ်၊ ခရိုင်၊ မြို့နယ်အဆင့်ဌာနဆိုင်ရာများ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးများ၊ အလှူရှင်များ၊ သင်တန်းသူများတက်ရောက်ခဲ့ကြသည်။

**ဟန်ဌေး(လားရှိုး)**

## တောင်ကြီးမြို့၌ဆေးလိပ်ငွေ့ကင်းစင် လူထုစက်ဘီးစီးပွဲကျင်းပ

**တောင်ကြီး ဩဂုတ် ၂၈**

၂၀၁၇ ခုနှစ် ရှမ်းပြည်နယ်အားကစားနှင့် ကာယပညာဦးစီးဌာန၊ ရှမ်းပြည်နယ်ပညာရေးဌာနနှင့် ရှမ်းပြည်နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာနတို့ ပူးပေါင်းကျင်းပသော ဆေးလိပ်ငွေ့ကင်းစင် လူထုစက်ဘီးစီးပွဲကို ဩဂုတ် ၂၇ ရက် နံနက် ၅ နာရီခွဲက ဗိုလ်ချုပ်ပန်းခြံရှေ့၌ကျင်းပခဲ့ရာ ရှမ်းပြည်နယ် လမ်းပန်းဆက်သွယ်ရေးဝန်ကြီးဦးခွန်ရဲထွေး၊ ပြည်နယ်စိုက်ပျိုးရေးနှင့် မွေးမြူရေးဝန်ကြီး ဦးစိုင်းလုံကျော်၊ ပြည်နယ်လူမှုရေးဝန်ကြီး ဒေါက်တာမျိုးထွန်း၊ ပြည်နယ်စည်ပင်သာယာရေးဝန်ကြီး ဦးစိုင်းစွံဆိုင်း၊ သယံဇာတနှင့်ပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီး ဒေါက်တာညီညီအောင်၊ ရှမ်းပြည်နယ်အားကစားနှင့် ကာယပညာဦးစီးဌာနမှ ဝန်ထမ်းများ၊ ပညာရေးဌာနမှ ဆရာ၊ ဆရာမများ၊ ကျောင်းသား၊ ကျောင်းသူများ၊ ဆေးလိပ်ကင်းစင် လူထုစက်ဘီးစီး ကျောင်းသား၊ ကျောင်းသူများနှင့် အားကစားဝါသနာရှင်များစုစုပေါင်း ၄၀၁ ဦး ဝင်ရောက်စက်ဘီးစီးခဲ့ကြသည်။

ရှမ်းပြည်နယ်လွှတ်တော်ကိုယ်စားလှယ်တစ်ဦးက သေနတ်ပစ်ဖောက်၍ တာလွှတ်ခဲ့သည်။ ဆေးလိပ်ငွေ့ကင်းစင် လူထုစက်ဘီးစီးပွဲက ဗိုလ်ချုပ်ပန်းခြံရှေ့ ပြည်နယ်အားကစားလေ့ကျင့်ရုံရှေ့မှစတင်၍ ဗိုလ်ချုပ်အောင်ဆန်းလမ်းတစ်လျှောက်အသွား မြင့်ရုပ်အထိ၊ မြင့်ရုပ်မှ ဗိုလ်ချုပ်အောင်ဆန်းလမ်းတစ်လျှောက် အပြန် ပြည်နယ်အားကစားလေ့ကျင့်ရုံရှေ့သို့တာဝင်ခဲ့ကြသည်။

**စိုင်းသန်းကျော်(တောင်ကြီး)**

## စပါးခင်းများတွင် ငါးသားပေါက် ငါးသောင်းကျော်စိုက်ထည့်

**တောင်ငူ ဩဂုတ် ၂၈**

တောင်ငူခရိုင် ငါးလုပ်ငန်းဦးစီးဌာနနှင့် ခရိုင်ငါးလုပ်ငန်းအဖွဲ့ချုပ်တို့ပူးပေါင်း၍ စပါးစိုက်ခင်းများအတွင်း ငါးမျိုးစိုက်ထည့်ခြင်းအခမ်းအနားအား ဩဂုတ် ၂၇ ရက် နံနက်ပိုင်းက တောင်ငူမြို့နယ် ဆိတ်ဖူးတောင်ကျေးရွာအုပ်စု ဧက ၁၀၀ စပါးစိုက်ခင်း၌ ပြုလုပ်ခဲ့ကြောင်း သိရသည်။

အဆိုပါငါးလွှတ်ပွဲ အခမ်းအနားသို့ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဒေါက်တာတင်တင်ဝင်း၊ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များ၊ ခရိုင်ငါးလုပ်ငန်းဦးစီးဌာနမှ ခရိုင်ဦးစီးမှူး ဦးသက်အေးနှင့်ဝန်ထမ်းများ၊ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ကျောင်းသားကျောင်းသူများတက်ရောက်ခဲ့ကြပြီး ငါးခုံးမကြီး ကောင်ရေ ၅၀၀၀၀ ကျော် စိုက်ထည့်ပေးခဲ့ကြောင်း သိရသည်။

ထို့နောက် တက်ရောက်လာသော ကျောင်းသား ကျောင်းသူများအား ငါးသယံဇာတထိန်းသိမ်းရေးပိုစတာနှင့် သယံဇာတထိန်းသိမ်းရေးပညာပေး ဗလာစာအုပ်များကို ဝေငှပေးခဲ့ကြောင်းသိရသည်။

**ကိုလွင်(ဆွာ)**

## ကျောင်းကျန်းမာရေးစံပြဆုရကျောင်းများအား ဆုချီးမြှင့်ခြင်းအခမ်းအနားကျင်းပ



**ပဲခူး ဩဂုတ် ၂၈**

ပဲခူးတိုင်းဒေသကြီး ၂၀၁၆-၂၀၁၇ပညာသင်နှစ် ကျောင်းကျန်းမာရေးစံပြဆုရ အခြေခံပညာကျောင်းများ ဆုချီးမြှင့်ပွဲအခမ်းအနားကို ဩဂုတ် ၂၈ ရက် နံနက် ၉ နာရီခွဲက ပဲခူးမြို့ မြို့တော်ခန်းမ၌ ကျင်းပခဲ့သည်။

ပဲခူးတိုင်းဒေသကြီး စည်ပင်သာယာရေးနှင့် လူမှုရေးဝန်ကြီး ဦးမောင်မောင်လွင်က အမျိုးသားကျန်းမာရေးအစ စာသင်ကျောင်းကဆိုသည့်အတိုင်း နိုင်ငံတော်အတွက်အရေးပါလှသော အင်အားစုတစ်ရပ်ဖြစ်သည့် နိုင်ငံ့ရတနာကျောင်းသားလူငယ်များအတွက် ဆောင်ရွက်နေသည့် ကျောင်းကျန်းမာရေးလုပ်ငန်းသည် အလွန်အရေးပါလှသည့် လုပ်ငန်းတစ်ခုဖြစ်ကြောင်း၊ ကျောင်းသားလူငယ်များကို ငယ်စဉ်ကတည်းက ထိရောက်သည့် ကျောင်းကျန်းမာရေး စောင့်ရှောက်မှုနှင့် မှန်သည့် ကျန်းမာရေး အလေ့အကျင့်ကောင်းများ အခြေချပေးနိုင်မှသာ တစ်မျိုးသားလုံး၏ ကျန်းမာရေးအဆင့်အတန်း တိုးတက်မြင့်မားရေးအတွက် စိတ်အေးရမည်ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် ပဲခူးတိုင်းဒေသကြီး ပညာရေးညွှန်ကြားရေးမှူး ဆရာမကြီးဒေါ်မြင့်မြင့်သန်းက ကျောင်းကျန်းမာရေး သီတင်းပတ်လှုပ်ရှားဆောင်ရွက်မှု အခြေအနေအား ရှင်းလင်းပြောကြားပြီး ကျောင်းကျန်းမာရေး စံပြဆုရ အထက်တန်း၊ အလယ်တန်း၊ မူလတန်းအဆင့် ပထမ၊ ဒုတိယ၊ တတိယဆုရရှိသောကျောင်းများအား စည်ပင်သာယာရေးနှင့် လူမှုရေးဝန်ကြီး ဦးမောင်မောင်လွင်၊ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီး ဦးညွန့်ရွှေ၊ တိုင်းဒေသကြီးပညာရေးညွှန်ကြားရေးမှူး ဆရာမကြီးဒေါ်မြင့်မြင့်သန်းနှင့် တိုင်းဒေသကြီးအဆင့် ဌာနဆိုင်ရာများက ဆုများအသီးသီးပေးအပ်ချီးမြှင့်ကြသည်။

ယင်းနောက်ကျောင်းသား ကျောင်းသူလေးများက ဇာတိမာန်သီချင်းသီဆိုကာ အခမ်းအနားကို ရုပ်သိမ်းပြီး ပြသထားသော ကျောင်းကျန်းမာရေးလှုပ်ရှားမှုပြခန်းများအား လှည့်လည်ကြည့်ရှုအားပေးကြသည်။

ကျောင်းကျန်းမာရေး သီတင်းပတ်လှုပ်ရှားမှုအား အခြေခံပညာစာသင်ကျောင်းများအနေဖြင့် ကျောင်းနှင့် ကျောင်းဝန်းကျင် သန့်ရှင်းရေးလုပ်ငန်းများဆောင်ရွက်နိုင်ရန်၊ ကျောင်းကျန်းမာရေးစစ်ဆေးရေးနှင့် ကုသရေးလုပ်ငန်းများဆောင်ရွက်နိုင်ရန်၊ ကူးစက်ရောဂါကာကွယ်ရေးလုပ်ငန်းများဆောင်ရွက်စေရန်၊ ကျောင်းကျန်းမာရေးဆိုင်ရာပညာပေးလုပ်ငန်းများဆောင်ရွက်စေရန်၊ ကျောင်းတွင်းအာဟာရဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်လာစေရန်ရည်ရွယ်၍ ဆောင်ရွက်ခြင်းဖြစ်ပြီး အဆိုပါလုပ်ဆောင်မှုအပေါ် ပညာသင်နှစ်အလိုက် ခရိုင်လေးခရိုင်မှ ခရိုင်တစ်ခုစီတွင် ထက်၊ လယ်၊ မူအဆင့်တို့၌ ပထမ၊ ဒုတိယ၊ တတိယ တစ်ကျောင်းစီရွေးချယ်ကာ စုစုပေါင်း ၃၆ ကျောင်းအား ကျောင်းကျန်းမာရေးစံပြဆုရကျောင်းများအဖြစ် စိစစ်ရွေးချယ်ချီးမြှင့်ပေးခြင်းဖြစ်ကြောင်း သိရသည်။

**တင်စိုး(ပဲခူး)**

## မိုးသည်းထန်စွာရွာသွန်းမှုကြောင့် ပင်လုံတံတား အရှေ့ဘက်ခြမ်း ကမ်းကပ်ခုံပျက်စီး၊ ယာယီလူကူးတံတားပြုပြင်

**မိုးညှင်း ဩဂုတ် ၂၈**

ကချင်ပြည်နယ် မိုးညှင်းမြို့နယ် ပင်လုံကျေးရွာအုပ်စု ပင်လုံကျေးရွာ လေးတန်ချောင်းကူးပင်လုံတံတားသည် ဩဂုတ် ၂၆ ရက် နံနက်ပိုင်းက မိုးသည်းထန်စွာရွာသွန်းခဲ့သဖြင့် လေးတန်ချောင်း ရေကြီးရေလျှံမှုကြောင့် ပင်လုံတံတားအရှေ့ဘက်ခြမ်း ကမ်းကပ်ခုံကျိုးကျခဲ့ကြောင်း သိရသည်။

"ဒီနေ့ နံနက် ၄ နာရီလောက်က လေးတန်ချောင်းဖျားဖြစ်တဲ့ မော်ဟန်ရွာဆင်ခေါင်းတောင်ခြေကနေ မိုးသည်းထန်စွာရွာသွန်းခဲ့လို့ လေးတန်ချောင်းရေကြီးရေလျှံခဲ့တာကြောင့် ပင်လုံကျေးရွာနဲ့ မြိုင်သာယာကျေးရွာတို့ကို ဆက်သွယ်ဆောက်လုပ်ထားတဲ့ ပင်လုံတံတား အရှေ့ဘက်ခြမ်းကမ်းကပ်ခုံ ကွန်ကရစ်တိုင်ကျိုးပဲ့ပျက်စီးခဲ့တာပါ" ဟု ပင်လုံကျေးရွာရာအိမ်စုမှူးဦးမြင့်မောင်က ပြောကြားသည်။

မိုးသည်းထန်စွာ ရွာသွန်းမှုကြောင့် ယင်းနေ့နံနက် ၁၁ နာရီခန့်က ပင်လုံတံတားအရှေ့ဘက်ခြမ်း ပျက်စီးခဲ့သဖြင့် မော်တော်ယာဉ်များ၊ ဆိုင်ကယ်များနှင့် ဒေသခံများ ယာယီသွားလာမှုကို ရပ်ဆိုင်းခဲ့ရပြီး ပင်လုံကျေးရွာရာအိမ်စုမှူးနှင့် ရပ်မိရပ်ဖများက လူကူးတံတားကို ယာယီအစားထိုးပြုပြင်ခဲ့၍ မွန်းလွဲ ၁၂ နာရီခွဲတွင် ဖြတ်သန်းသွားလာ၍ရကြောင်း၊ အဆိုပါတံတားကျိုးပဲ့ပျက်စီးရာသို့ မိုးညှင်းမြို့နယ် ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူး ဦးအောင်မြင့်စိုး၊ မြို့နယ်ကျေးလက်ဦးစီးမှူး ဦးဆန်းမင်း၊ ပင်လုံကျေးရွာ အုပ်စုအုပ်ချုပ်ရေးမှူး ဦးကျော်လင်း၊ ပင်လုံကျေးရွာ ရာအိမ်စုမှူး ဦးမြင့်မောင်တို့ကရောက်ရှိခဲ့ကြပြီး ဒေသခံများ၊ ကျောင်းသား ကျောင်းသူများ သွားလာမှု အဆင်ပြေရန် ဝိုင်းဝန်းကူညီပံ့ပိုးခဲ့ပြီး ယာယီ လူကူးတံတားတည်ဆောက်မှုနှင့် လေးတန်ချောင်း ရေပြန်လည်ကျဆင်းသွားပါက ကျိုးပဲ့ပျက်စီးခဲ့သော ကမ်းကပ်ခုံ တံတားပိုင်းကို ပြန်လည်ပြုပြင် တည်ဆောက်သွားရန်တို့ကို လမ်းညွှန်မှာကြားခဲ့ကြောင်းသိရသည်။

"ကျွန်မတို့ မြိုင်သာယာ အထက မှာ ပညာသင်ကြားနေတဲ့ ပင်လုံကျေးရွာက အလယ်တန်းနှင့် အထက်တန်းဆင့် ကျောင်းသား ကျောင်းသူ ၅၀ ခန့်ရှိပါတယ်။ သူတို့တွေ နေ့စဉ်ကျောင်းသွား ကျောင်းပြန်အတွက် စိတ်ပူရတာပါ။ ဒါကြောင့် ဒီတံတားအရှေ့ခြမ်း ကမ်းကပ်ခုံ ကျိုးပဲ့ပျက်စီးသွားတယ်လို့ကြားကြားချင်း လာကြည့်တာပါ။ ကလေးတွေအတွက်စိတ်မချလို့ပါ" ဟု မြိုင်သာကျေးရွာကျောင်းအုပ်ဆရာမကြီးက ပြောကြားခဲ့သည်။



အဆိုပါတံတားမှာ အလျား ၂၃၆ ပေ၊ အကျယ် ၁၃ ပေ၊ အမြင့် ၁၅ ဒသမ ၆ ပေရှိပြီး ရေလယ်ကွန်ကရစ်တိုင် လေးတိုင်၊ ကွန်ကရစ်ကမ်းကပ်ခုံနှစ်ခုံတို့ဖြင့် ဆောက်လုပ်ခဲ့ပြီး မြို့နယ်စည်ပင်သာယာမှ မတည်ငွေကျပ်သိန်း ၅၀ ကျေးရွာဒေသခံနှင့် အလှူရှင်များမှ ကိုယ်အားကိုးကိုးထည့်ဝင်ငွေကျပ်သိန်း ၁၅၀ ခန့်ဖြင့် စုစုပေါင်း ငွေကျပ်သိန်း ၂၂၀ ကျော်ခန့် ကုန်ကျပြီး ၂၀၁၆ ဇွန် ၁၁ ရက်တွင် အောင်မြင်စွာဖွင့်လှစ်နိုင်ခဲ့ကြောင်း၊ ဆက်လက်၍ အဆိုပါတံတား ရေရှည်ခိုင်ခံ့နိုင်စေရန်အတွက် ၂၀၁၇ ဧပြီလတွင် တံတားအရှေ့ဘက် ခြမ်း ကမ်းကပ်ခုံကို ငွေကျပ်သိန်း ၅၀ အကုန်ကျခံကာ ကျေးလက်ဦးစီးဌာနက အာရ်စီကွန်ကရစ်လောင်း၍ တည်ဆောက်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

**(၀၅၈)**

## မြန်မာ့ရိုးရာလောင်းလှေပြိုင်ပွဲကျင်းပရန် အလှူငွေပေးအပ်

**မိတ္ထီလာ ဩဂုတ် ၂၈**

မိတ္ထီလာတွင် (၁၃၄) ကြိမ်မြောက် သမိုင်းဝင်ဖောင်တော်ဦးစေတီဗုဒ္ဓပူဇနိယပွဲတော် လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ဩဂုတ် ၂၈ ရက် နံနက် ၁၀ နာရီက ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနခန်းမ၌ ကျင်းပရာ ယင်းပွဲတော်တွင် မြန်မာ့ရိုးရာလောင်းလှေပြိုင်ပွဲကျင်းပရန် လှူဒါန်းငွေ ၂၈ သိန်းကျော်ကို ခရိုင်၊ မြို့နယ်အဆင့် ဌာနဆိုင်ရာများက ပေးအပ်လှူဒါန်းကြောင်း သိရသည်။

အဆိုပါလုပ်ငန်းညှိနှိုင်းအစည်းအဝေးတွင် ခရိုင်အုပ်ချုပ်ရေးမှူး ဦးကျော်ကျော်ထွန်းက (၁၃၄) ကြိမ်မြောက် သမိုင်းဝင်ဖောင်တော်ဦးစေတီ ဗုဒ္ဓပူဇနိယပွဲတော်အား ရိုးရာအစဉ်အလာအတိုင်း လှေပြိုင်ပွဲ၊ ဆွမ်းသပိတ်လောင်းလှူပွဲများကို ထည့်သွင်းကျင်းပပြီး ပွဲတော်အောင်မြင်စွာပြီးမြောက်နိုင်ရေးအတွက် တာဝန်ခွဲပေးထားသည့် လုပ်ငန်းဆပ်ကော်မတီအလိုက် အားလုံးဝိုင်းဝန်းကူညီဆောင်ရွက်ကြရန်လိုအပ်ကြောင်း ပြောကြားသည်။

ဆက်လက်၍ လုပ်ငန်းဆပ်ကော်မတီအလိုက် ဘုရားပွဲတော်ပြီးမြောက်အောင်မြင်ရေး ဆောင်ရွက်ထားမှုအခြေအနေများကို ရှင်းလင်းတင်ပြပြီး မြန်မာ့ရိုးရာလောင်းလှေပြိုင်ပွဲကျင်းပနိုင်ရေးအတွက် ခရိုင်၊ မြို့နယ်အဆင့်ဌာနဆိုင်ရာများမှ စုပေါင်းလှူဒါန်းသည့် လှူဒါန်းငွေကျပ် ၂၈၁၀၀၀၀ကို ဖောင်တော်ဦးစေတီတော် ဂေါပကအဖွဲ့ထံသို့ ခရိုင်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီးနှင့် ခရိုင်လမ်းဦးစီးဌာန တာဝန်ရှိသူတို့က ပေးအပ်လှူဒါန်းသည်။

ဧင်းမြန်မာ့ရိုးရာ လောင်းလှေပြိုင်ပွဲကို စက်တင်ဘာ ၁ ရက်မှ ၅ ရက်အထိ ကျင်းပမည်ဖြစ်ပြီး အကြီးတန်း၊ အငယ်တန်း ပြိုင်ပွဲနှစ်မျိုးတွင် လှေအသင်း ၁၄ သင်းခန့်ပါဝင်ယှဉ်ပြိုင်မည်ဖြစ်သည်။ လှေပြိုင်ပွဲဆုကြေးငွေများကို အကြီးတန်းပထမ ကျပ်သုံးသိန်း၊ ဒုတိယ ကျပ်နှစ်သိန်း၊ တတိယ ကျပ်တစ်သိန်း၊ အငယ်တန်း ပထမ ကျပ်နှစ်သိန်း၊ ဒုတိယ ကျပ် တစ်သိန်းငါးသောင်း၊ တတိယ ကျပ်တစ်သိန်း အသီးသီးပေးအပ်ချီးမြှင့်မည်ဖြစ်ကြောင်း သိရသည်။

**ချမ်းသာ (မိတ္ထီလာ)**

# စဉ်ဆက်မပြတ်ဖွံ့ဖြိုးမှုပန်းတိုင် အညွှန်းကိန်းများနှင့် လူ့အခွင့်အရေးလမ်းညွှန်

ဒေါက်တာခိုင်ခိုင်ဝင်း

၂၀၁၅ ခုနှစ် စက်တင်ဘာလ ၁၈ ရက်နေ့တွင် "ရေရှည် စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်မှုအတွက် ၂၀၃၀ လုပ်ငန်းစဉ်" (The 2030 Agenda for Sustainable Development) ကို ကုလသမဂ္ဂ အထွေထွေညီလာခံမှ ကုလသမဂ္ဂအဖွဲ့ဝင်နိုင်ငံများ၏ တညီတညွတ်တည်း သဘောတူညီမှုဖြင့် အတည်ပြုထုတ်ပြန်ခဲ့ပါသည်။ ကမ္ဘာ့နိုင်ငံများရှိခေါင်းဆောင်များက နောက်လာမည့် ၁၅ နှစ်တွင် ဖြစ်လာရမည့်၊ မျှော်မှန်းထားသည့် ကမ္ဘာကြီး၏အကောင်းဆုံးပုံစံအနေအထားအတွက် မျှော်မှန်းချက်ပန်းတိုင်များ ရေးဆွဲချမှတ်ခဲ့ကြခြင်းဖြစ်ပါသည်။ ကမ္ဘာကြီးတွင် နေထိုင်ကြသည့် လူသားများအတွက်လည်း အကောင်းဆုံး ကမ္ဘာကြီးဖြစ်လာနိုင်စေမည့် မျှော်မှန်းချက်ပန်းတိုင်များ ရေးဆွဲချမှတ်ခဲ့ကြခြင်းလည်းဖြစ်သည်။ အဆိုပါ ၂၀၃၀ လမ်းစဉ်တွင် ရေရှည်စဉ်ဆက်မပြတ်ဖွံ့ဖြိုးမှု ပန်းတိုင်ပေါင်း (Sustainable Development Goals, SDGs) ၁၇ ခု နှင့် ရည်မှန်းချက်ပေါင်း (Targets) ၁၆၉ ခုပါရှိပါသည်။ ရည်မှန်းချက်များအား အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် တိုင်းတာမည့် ညွှန်းကိန်းပေါင်း ( Indicators)များသည် စဉ်ဆက်မပြတ်ဖွံ့ဖြိုးမှု အညွှန်းကိန်းများဆိုင်ရာ အေဂျင်စီများနှင့် ပညာရှင်များပေါင်းစပ်အဖွဲ့ ( IAEG-SDGs) ၂၀၁၆ ခုနှစ် မတ်လ စာရင်းအရ ၂၄၁ ခု ရှိပါသည်။

**မူဝါဒများ၊ အစီအစဉ်များရေးဆွဲချမှတ်**

ရေရှည်စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်မှုအတွက် ၂၀၃၀လုပ်ငန်းစဉ်ရှိ ပန်းတိုင်ပေါင်း(၁၇)ခုအား ကမ္ဘာတစ်ဝန်းတွင် အကောင်အထည်ဖော်ဆောင်ရွက်ရမည့်ကာလမှာ ၂၀၁၆ ခုနှစ် မှ ၂၀၃၀ ခုနှစ် အထိ ၁၅ နှစ်တာ ဖြစ်ပါသည်။ ၂၀၃၀ လုပ်ငန်းစဉ်သည် ကမ္ဘာ့နိုင်ငံများတွင် ၂၀၁၆ ခုနှစ် ဇန်နဝါရီ ၁ ရက်မှ စတင်အသက်ဝင်လာခဲ့ပြီးဖြစ်သဖြင့် ပန်းတိုင်များ အကောင်အထည်ဖော်ရန်ကာလမှာ ၁၃ နှစ်ခွဲခန့်သာ ကျန်ပါတော့သည်။ စဉ်ဆက်မပြတ် ဖွံ့ဖြိုးမှုပန်းတိုင်များနှင့် ၂၀၃၀လုပ်ငန်းစဉ်တို့သည် ဥပဒေအရ စည်းနှောင်မှုမရှိသော်လည်း နိုင်ငံ့ခေါင်းဆောင်များသည် ကမ္ဘာကြီး ငြိမ်းချမ်းရေးနှင့် မိမိတို့နိုင်ငံတွင်းမှ ပြည်သူပြည်သားများ ဆင်းရဲခြင်းချုပ်ငြိမ်းပြီးသာယာလှပ၍တန်းတူညီမျှ ခွဲခြားခြင်းမရှိသောဘဝများ ပိုင်ဆိုင်နိုင်ကြစေရေး အကောင်အထည်ဖော်ဆောင်ရွက်ကြရန် ၎င်းတို့ပြုခဲ့သည့် ကတိကဝတ်ဖြစ်သည့်အတွက် ၂၀၃၀ လုပ်ငန်းစဉ်၏ ရည်မှန်းချက်များ ပြည့်မီရန် မိမိတို့နိုင်ငံနှင့် သင့်တော်သည့် မူဝါဒများ၊ အစီအစဉ်များ ရေးဆွဲချမှတ်အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိနေကြပြီဖြစ်သည်။

ရည်မှန်းချက်များအား အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် ဆန်းစစ်လေ့လာတိုင်းတာမည့် ညွှန်းကိန်းများ (indicators)သည်အလွန်အရေးပါသည့်နေရာတွင် ရှိနေပါသည်။ ရည်မှန်းချက် ပန်းတိုင်များ အကောင်အထည်ဖော်ဆောင်ရွက်သည့် တိုးတက်မှုအခြေအနေများကို စောင့်ကြည့်လေ့လာ တိုင်းတာနိုင်ရေးအတွက် ညွှန်းကိန်းများ ချမှတ်ဆောင်ရွက်ခြင်းဖြစ်သည်။ ကမ္ဘာကြီးနှင့်သက်ဆိုင်သည့် ပန်းတိုင်များဖြစ်သည့်အတွက် ညွှန်းကိန်းများသည်လည်း ကမ္ဘာလုံးဆိုင်ရာညွှန်းကိန်းများဖြစ်ပါသည်။ ပန်းတိုင်များအပေါ်မူတည်ပြီး ညွှန်းကိန်းများသည် အနည်း၊ အများ ကွဲပြားမှုရှိပါသည်။ ဥပမာအားဖြင့် ကျန်းမာရေး၊ တရားမျှတမှု၊ လုံခြုံမှုနှင့် ကမ္ဘာလုံးဆိုင်ရာ ဖွံ့ဖြိုးတိုးတက်မှုတို့အတွက် ညွှန်းကိန်းပေါင်း ၂၀ ကျော်အထိရှိသော်လည်း စွမ်းအင်အတွက်မူ ညွှန်းကိန်း ခြောက်ခုနှင့် ရာသီဥတုအတွက် ညွှန်းကိန်း ခုနစ်ခုရှိပါသည်။

စဉ်ဆက်မပြတ်ဖွံ့ဖြိုးမှုပန်းတိုင်များအောင်မြင်စွာ အကောင်အထည်ဖော်နိုင်ရေးအတွက် ကုလသမဂ္ဂ ဖွံ့ဖြိုးမှု အစီအစဉ် (UNDP) သည် ကမ္ဘာ့နိုင်ငံများတွင် လုပ်ဖော်ကိုင်ဖက် အဖွဲ့အစည်းအဖြစ် အကူအညီပေး အထောက်အကူပြုပံ့ပိုးပေးလျက်ရှိပါသည်။ UNDP အနေဖြင့် ကမ္ဘာ့နိုင်ငံများတွင်စဉ်ဆက်မပြတ် ဖွံ့ဖြိုးမှုပန်းတိုင်များအကြောင်းအသိပညာမြှင့်တင်ရေး အလုပ်ရုံဆွေးနွေးပွဲ ( Social Good Summit) များကို ကမ္ဘာ့နိုင်ငံပေါင်း ၁၀၀ ကျော်တွင် ကျင်းပပြုလုပ်ခဲ့ပြီး မြန်မာနိုင်ငံတွင် ၂၀၁၅ ခုနှစ် နှင့် ၂၀၁၆ ခုနှစ် စက်တင်ဘာလများအတွင်း ပြုလုပ်ခဲ့ကြောင်းလေ့လာသိရှိရပါသည်။ ၎င်းအပြင် UNDP သည် မြန်မာနိုင်ငံဗဟိုစာရင်းအင်းအဖွဲ့နှင့်ပူးပေါင်း၍ စဉ်ဆက်မပြတ်ဖွံ့ဖြိုးမှုပန်းတိုင်ညွှန်းကိန်းအသစ်များ တိုင်းတာနိုင်ရန်အတွက် မြန်မာနိုင်ငံ၏ စာရင်းအင်းရရှိနိုင်မှုအခြေအနေအား အကဲဖြတ်ဆန်းစစ်ခဲ့ပါသည်။ အကဲဖြတ်ဆန်းစစ်မှုသည် စဉ်ဆက်မပြတ်ဖွံ့ဖြိုးမှုပန်းတိုင်၏ အညွှန်းကိန်းများအားလုံးကို တိုင်းတာနိုင်ရန်လိုအပ်သည့် စာရင်းအချက်အလက်များ ရရှိနိုင်မှုအခြေအနေကို လေ့လာသုံးသပ်ထားခြင်းဖြစ်သည်။ အကဲဖြတ်ဆန်းစစ်မှုရလဒ်များအရ ပြည်ထောင်စုအဆင့်တွင် စဉ်ဆက်မပြတ်ဖွံ့ဖြိုးမှုပန်းတိုင် အညွှန်းကိန်းများအနက်(၄၄)ခုကို အဆင်သင့်ရယူအသုံးပြုနိုင်မည်ဖြစ်သလိုရှိနှင့်ပြီးဖြစ်သည့် စာရင်းအင်းရင်းမြစ်များထဲမှ တွက်ချက်ရယူနိုင်သည့် အညွှန်းကိန်း ၉၇ ရှိကြောင်း သိရှိရပါသည်။ အစီရင်ခံစာကို အချုပ်ဆိုရလျှင် မြန်မာနိုင်ငံသည် စဉ်ဆက်မပြတ်ဖွံ့ဖြိုးမှု ပန်းတိုင်စောင့်ကြည့်လေ့လာမှုကို စတင်ဆောင်ရွက်ရန်ကောင်းမွန်သည့် အနေအထားရှိနေကြောင်း အကဲဖြတ်ဆန်းစစ်ရလဒ်များက ဖော်ပြနေခဲ့ပါကြောင်း လေ့လာသိရှိရပါသည်။

**တစ်ထောင့်တစ်နေရာမှ ကူညီအားဖြည့်**

စဉ်ဆက်မပြတ် ဖွံ့ဖြိုးမှုပန်းတိုင်များ အောင်မြင်စွာ အကောင်အထည်ဖော်နိုင်ဖို့ရာ တိကျမှန်ကန်သော ကိန်းဂဏန်း အချက်အလက်များကောက်ယူရရှိရန် အရေးကြီးပါသည်။ ပြီးခဲ့သည့် ၂၀၁၆ခုနှစ် စက်တင်ဘာ ၁ ရက်ထုတ် မြန်မာ့အလင်းသတင်းစာတွင် ဗဟိုစာရင်းအင်းအဖွဲ့၊ ကမ္ဘာ့ဘဏ်နှင့် ကုလသမဂ္ဂဖွံ့ဖြိုးမှု အစီအစဉ်တို့ပူးပေါင်း၍ မြန်မာနေထိုင်မှုအခြေအနေစစ်တမ်း (၂၀၁၆-၂၀၁၇) ( Myanmar Living Conditions Survey, MLCS 2016-2017) ကွင်းဆင်းကောက်ယူဆောင်ရွက်သွားမည်ဆိုသည့် သတင်းတစ်ပုဒ်ဖတ်လိုက်ရပါသည်။ အဆိုပါ စစ်တမ်းကို ကောက်ယူခြင်းဖြင့် တိုင်းဒေသကြီးနှင့် ပြည်နယ်အလိုက် ဆင်းရဲနွမ်းပါးမှုနှင့် နေထိုင်မှု အခြေအနေသိရှိနိုင်ခြင်း၊ စဉ်ဆက်မပြတ်ဖွံ့ဖြိုးမှုပန်းတိုင်အတွက် လိုအပ်သော ကိန်းဂဏန်းအချက်အလက် ညွှန်းကိန်းများ ရရှိနိုင်သည့် အကျိုးကျေးဇူးများရရှိနိုင်မည်ဖြစ်သည့်အတွက် ကောင်းမွန်သည့် စစ်တမ်းကောက်ယူမှု အစီအစဉ်ဖြစ်ပါကြောင်း သတင်းတွင်ရေးသားထားခဲ့သည်ကိုလေ့လာမှတ်သားခဲ့ရပါသည်။ မြန်မာနေထိုင်မှု အခြေအနေစစ်တမ်းကောက်ယူမှုသည် မြန်မာနိုင်ငံ၏ စဉ်ဆက်မပြတ်ဖွံ့ဖြိုးမှု ပန်းတိုင်များ အကောင်အထည်ဖော် ဆောင်ရွက်နိုင်စေရေးအတွက် တစ်ထောင့်တစ်နေရာမှ ကူညီအားဖြည့် ဆောင်ရွက်ပေးနိုင်မည်ဖြစ်သည့်အတွက် မှန်ကန်ကောင်းမွန်သည့် စစ်တမ်းကောက်ယူမှုဟုဆိုချင်ပါသည်။

> ကမ္ဘာကြီးနှင့်လူသားတို့၏ ရေရှည်စဉ်ဆက်မပြတ် တိုးတက်ဖွံ့ဖြိုးမှုကို လူသားတို့၏ပျော်ရွှင်မှု၊ ငြိမ်းချမ်းမှု၊ တရားမျှတမှု၊ ပတ်ဝန်းကျင်နှင့် သဟဇာတဖြစ်မှု ၊ လူ့အခွင့်အရေးအပြည့်အဝ ခံစားမှု အစရှိသည်တို့နှင့် တိုင်းတာရမည်ဆိုသည်ကို ယုံကြည်လာကြပြီဖြစ်ကြောင်းကို စဉ်ဆက်မပြတ်ဖွံ့ဖြိုးမှု ပန်းတိုင်များကို ကြည့်ခြင်းအားဖြင့်သိရှိနိုင် . . .

**လူ့အခွင့်အရေးနှင့် ဆက်စပ်ပတ်သက်**

ယနေ့ကမ္ဘာကြီးသည် ကမ္ဘာကြီးနှင့်လူသားတို့၏ ရေရှည်စဉ်ဆက်မပြတ် တိုးတက်ဖွံ့ဖြိုးမှုကို လူသားတို့၏ ပျော်ရွှင်မှု၊ ငြိမ်းချမ်းမှု၊ တရားမျှတမှု၊ ပတ်ဝန်းကျင်နှင့် သဟဇာတဖြစ်မှု ၊ လူ့အခွင့်အရေးအပြည့်အဝ ခံစားမှု အစရှိသည်တို့နှင့် တိုင်းတာရမည်ဆိုသည်ကို ယုံကြည်လာကြပြီဖြစ်ကြောင်းကို စဉ်ဆက်မပြတ်ဖွံ့ဖြိုးမှု ပန်းတိုင်များကို ကြည့်ခြင်းအားဖြင့်သိရှိနိုင်မည်ဖြစ်သည်။ သို့အတွက် Danish Institute of Human Rights သည် စဉ်ဆက်မပြတ်ပန်းတိုင်များကို စောင့်ကြည့်လေ့လာတိုင်းတာမည့် အညွှန်းကိန်းများသည် လူ့အခွင့်အရေးနှင့် မည်မျှဆက်စပ်နေသည်ကိုဆန်းစစ် လေ့လာခဲ့ပါသည်။ ဆန်းစစ်ချက်အဖြေအရ ညွှန်းကိန်းများ၏ ၄၇ ရာခိုင်နှုန်းသည် လူ့အခွင့်အရေးနှင့် တိုက်ရိုက်ဆက်စပ်မှုရှိနေပြီး ၁၃ ရာခိုင်နှုန်းသည် သွယ်ဝိုက်သောနည်းဖြင့် ဆက်စပ်ပတ်သက်နေပါကြောင်းနှင့် စီးပွားရေးနှင့် လူမှုရေးအခွင့်အရေးများဖြစ်သည့် ပန်းတိုင် (၃) ကျန်းမာရေး၊ ပန်းတိုင် (၄) ပညာရေး၊ ပန်းတိုင် (၁၀) မညီမျှမှု လျှော့ချခြင်း၊ ပန်းတိုင် (၁၃) ရာသီဥတုလုပ်ငန်းစဉ်များနှင့် ပန်းတိုင် (၁၆) အဖွဲ့အစည်းများ စသည့် ပန်းတိုင်များရှိ အညွှန်းကိန်းများသည် ညွှန်းကိန်းစုစုပေါင်း၏ သုံးပုံနှစ်ပုံရှိပြီး အားလုံးသည် လူ့အခွင့်အရေးနှင့် ဆက်စပ်ပတ်သက်နေကြောင်းဆိုထားပါသည်။

Danish Institute of Human Rights သည် စဉ်ဆက်မပြတ်ဖွံ့ဖြိုးမှုပန်းတိုင်များအတွက် အထောက်အကူပြုစေရန်လူ့အခွင့်အရေးလမ်းညွှန် ( Human Rights Guide to the SDGs) ကို ထုတ်ပြန်ခဲ့ပါသည်။ အဆိုပါလမ်းညွှန်သည်စဉ်ဆက်မပြတ်ဖွံ့ဖြိုးမှုပန်းတိုင်များနှင့် လူ့အခွင့်အရေးချိတ်ဆက်နေမှုကို နားလည်စေပြီး ပန်းတိုင်များအကောင်အထည်ဖော်သည့်နေရာတွင် လူ့အခွင့်အရေးအခြေပြုနည်းလမ်းများဖြင့် အကောင်အထည်ဖော်ဆောင်ရွက်နိုင်မှုသိရှိလာနိုင်သည့် လမ်းညွှန်တစ်ခု ဖြစ်ပါသည်။ ၎င်းအပြင် အဆိုပါလမ်းညွှန်သည် ကမ္ဘာ့နိုင်ငံများရှိအစိုးရများ လူ့အခွင့်အရေးနှင့် စပ်လျဉ်းသည့် အစီရင်ခံစာများ တင်သွင်းသည့်အချိန်တွင် စဉ်ဆက်မပြတ်ဖွံ့ဖြိုးမှုပန်းတိုင်များနှင့် စပ်လျဉ်းပြီး ထည့်သွင်းရေးသားနိုင်သည့် အထောက်အကူပြုလမ်းညွှန်တစ်ခုလည်းဖြစ်သည်။ ဥပမာဆိုရလျှင် စဉ်ဆက်မပြတ်ဖွံ့ဖြိုးမှုပန်းတိုင်(၅) ဖြစ်သော ကျား/မရေးရာတန်းတူညီမျှမှု " Gender Equality" ကိုကြည့်မည်ဆိုလျှင် ပန်းတိုင်(၅) ၏ ရည်မှန်းချက် (Target 5,1) သည် နေရာအနှံ့ရှိ အမျိုးသမီးများနှင့် မိန်းကလေးငယ်များအား နည်းမျိုးစုံဖြင့် ခွဲခြားဆက်ဆံခြင်းများ ပပျောက်ရေးဖြစ်ပါသည်။ "End all forms of Discrimination against women and girls everywhere" အဆိုပန်းတိုင် (၅) ၏အညွှန်းကိန်းများထဲမှ အညွှန်းကိန်းတစ်ခုဖြစ်သော (Indicator 5.1.1) ကိုကြည့်မည်ဆိုလျှင် ကျား/မရေးရာ တန်းတူရှိရေးအတွက် ဥပဒေမူဘောင်များ ချမှတ်ထားပြီး မြှင့်တင်ခြင်းများ ဆောင်ရွက်ခြင်း ရှိနေ/ မရှိနေစေကာမူ လိင်ကွဲပြားမှုအပေါ်အခြေခံ၍ ခွဲခြားမှုများရှိမနေစေရေးနှင့် တန်းတူညီမျှရှိစေရန် လိုက်နာဆောင်ရွက်ရေး စောင့်ကြည့်ခြင်းများဆောင်ရွက်ရန်ဟုဖော်ပြထားပါသည်။ အဆိုပါ ပန်းတိုင် (၅)၊ အညွှန်းကိန်း (၅. ၁. ၁) ကိုအကောင်အထည်ဖော်ဆောင်ရွက်ရာတွင် လူ့အခွင့်အရေးနှင့် ဆက်စပ်နေမှုကို လေ့လာကြည့်ရာတွင် နိုင်ငံတကာလူ့အခွင့်အရေး သဘောတူစာချုပ်များနှင့် ကြေညာစာတမ်းများရှိ articles များဖြစ်သော UDHR article (2)၊ ICCPR article (3)၊ ICESCR article (2.2)၊ CEDAW article 2(a,b,c,f,) (3) (6) (15.1, 15.2, 15.3, 15.4) စသည့် articles များကိုရည်ညွှန်းကိုးကားဆောင်ရွက်နိုင်ပါကြောင်း Danish Institute of Human Rights မှ ထုတ်ပြန်ထားသည့် စဉ်ဆက်မပြတ်ဖွံ့ဖြိုးမှုပန်းတိုင်များအတွက် အထောက်အကူပြုစေရန် လူ့အခွင့်အရေးလမ်းညွှန် ( Human Rights Guide to the SDGs) တွင် ဖော်ပြထားပါသည်။

စဉ်ဆက်မပြတ် ဖွံ့ဖြိုးမှုပန်းတိုင်များ အောင်မြင်စွာ အကောင်အထည်ဖော်နိုင်ဖို့ရာ တိကျမှန်ကန်သော ကိန်းဂဏန်းအချက်အလက်များ ကောက်ယူရရှိရန် အရေးကြီးသလို ၎င်းတို့နှင့် ဆက်စပ်ပတ်သက်နေသည့် လူ့အခွင့်အရေးအချက်အလက်များအားလည်း သိရှိဖို့ရာ အရေးကြီးပါသည်။ သို့မှသာ မူဝါဒ၊ လုပ်ငန်းစဉ်များ အကောင်အထည်ဖော်ဆောင်ရွက်သည့်အခါ လူ့အခွင့်အရေးအခြေပြု ( Rights based Approach)နည်းလမ်း၊ ပြည်သူအများ ပါဝင်ဆောင်ရွက်မှု ( Public Participation) နည်းလမ်းများဖြင့် အောင်မြင်အောင် ဆောင်ရွက်နိုင်မည်ဖြစ်ပါသည်။

**လူသားများငြိမ်းချမ်းသာယာဝပြောရေး**

ကမ္ဘာကြီးနှင့် ကမ္ဘာကြီးပေါ်ရှိ လူသားများငြိမ်းချမ်းသာယာဝပြောရေးတို့အတွက် ကမ္ဘာ့ခေါင်းဆောင်များက တညီတညွတ်တည်း ချမှတ်ခဲ့သည့် စဉ်ဆက်မပြတ်ဖွံ့ဖြိုးမှုပန်းတိုင် (၁၇)ခုကို ၂၀၃၀ပြည့်နှစ်အမီ အောင်အောင်မြင်မြင် အကောင်အထည်ဖော် ဆောင်ရွက်ခြင်းတွင်အစိုးရတစ်ခုတည်း၏အားဖြင့် ဆောင်ရွက်နိုင်မည်မဟုတ်ပေ။ ပြည်သူပြည်သားများ၊ အရပ်ဘက်လူမှုအဖွဲ့အစည်းများ၊ နိုင်ငံတကာမှ အဖွဲ့အစည်းများ၏ ပူးပေါင်းကူညီဆောင်ရွက်မှုများ၊ ဖွံ့ဖြိုးမှုနောက်ကျသောနိုင်ငံများနှင့် ဖွံ့ဖြိုးဆဲနိုင်ငံများ ဖြစ်ပါကလည်း ဖွံ့ဖြိုးပြီးနိုင်ငံများ၏နည်းပညာများ၊ ဘဏ္ဍာငွေအထောက်အပံ့များစသည့် အကူအညီများစွာ၊ ပူးပေါင်းဆောင်ရွက်မှုများစွာလိုအပ်ပါသည်။ ၎င်းအပြင် ပြည်သူအများသည်လည်း လူ့အခွင့်အရေး၏အခြေခံ သဘောတရားဖြစ်သည့် အပြန်အလှန် လေးစားသည့်စိတ်ထားများဖြင့်ပူးပေါင်းပါဝင်ဆောင်ရွက်ကြရန်အရေးကြီးသလို ငြိမ်းချမ်း၍ ပွင့်လင်းမြင်သာမှုရှိသော၊ တရားဥပဒေ စိုးမိုးမှုရှိသော၊ တာဝန်ယူမှု၊ တာဝန်ခံမှုရှိသော အဖွဲ့အစည်းများရှိနေစေရန်လည်း အရေးကြီးပါသည်။

အရေးကြီးဆုံးအချက်မှာ"ရေရှည်စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်မှုအတွက် ၂၀၃၀ လုပ်ငန်းစဉ်" ကို အကောင်အထည်ဖော်ဆောင်ရွက်ကြရာတွင် လူ့အခွင့်အရေးကို အသိအမှတ်ပြု၍ လူ့အခွင့်အရေး၏အခြေခံ သဘောတရားများဖြစ်သည့် တန်းတူညီမျှမှုနှင့် ခွဲခြားမှုမရှိရေးကို အခြေခံ၍ လူသားအားလုံး (ယောကျ်ား၊ မိန်းမ၊ သက်ကြီးသူ၊ ငယ်ရွယ်သူ၊ မသန်စွမ်းသူ၊ သန်စွမ်းသူ၊ ဆင်းရဲသူ၊ ချမ်းသာသူ၊ ကလေး၊ လူကြီး) အားလုံးအကျုံးဝင်ပါဝင်သော စီမံကိန်းများဖြင့် အကောင်အထည်ဖော်ဆောင်ရွက်ကြရမည်ဖြစ်ပါသည်။ ပြီးခဲ့သည့် ထောင်စုနှစ်ရည်မှန်းချက်များ ( Millennium Development Goals, MDGs) ကိုအကောင်အထည်ဖော်ခဲ့စဉ်က အတွေ့အကြုံ၊ စိန်ခေါ်မှုများကို ပြန်လည်အသုံးချရင်း စာရင်းအင်းအချက်အလက် မှန်ကန်တိကျစွာနှင့် လူ့အခွင့်အရေး အခြေပြုနည်းလမ်းများဖြင့် သတ်မှတ်ထားသည့်အချိန်အတွင်း အောင်အောင်မြင်မြင် အကောင်ထည်ဖော်နိုင်ကြပါစေကြောင်း ဆုမွန်ကောင်းတောင်းလိုက်ရပါသည်။ ။

Reference: စဉ်ဆက်မပြတ်ဖွံ့ဖြိုးမှု ပန်းတိုင်အညွှန်းကိန်းအသစ်များတိုင်းတာနိုင်ရန်မြန်မာနိုင်ငံ၏ စာရင်းအင်းရရှိနိုင်မှုအခြေအနေအား အကဲဖြတ်မှု အစီရင်ခံစာ (Central Statistical Organization and UNDP)
- မြန်မာ့အလင်းသတင်းစာ၊ ၂၀၁၆ ခုနှစ် စက်တင်ဘာလ (၁)ရက်
- http://sdg.humanrights.dk/en/targets2?direction



## လမ်းခွဲလိုက်ပြီဖြစ်တဲ့ လီဂျွန်ကီနဲ့ ဂျွန်ဟေဘင်

တောင်ကိုရီးယားရဲ့ ကျော်ကြားတဲ့ အနုပညာကြယ်ပွင့်စုံတွဲတစ်တွဲဖြစ်တဲ့ မင်းသားလီဂျွန်ကီနဲ့ မင်းသမီးဂျွန်ဟေဘင်တို့ဟာ လတ်တလောမှာတော့ လမ်းခွဲလိုက်ပြီဖြစ်ပါတယ်။ ချစ်သူတွေအဖြစ် ကာလအတော်ကြာလက်တွဲလာခဲ့တဲ့ သူတို့နှစ်ဦးဟာ နောက်ဆုံးမှာတော့ တစ်လမ်းစီ ခရီးဆက်ဖို့အတွက်နှစ်ဦးသဘောတူဆုံးဖြတ်ခဲ့ကြတာဖြစ်ကြောင်း အောကေပေ့ါ်ဒေ့ါကွန်းရဲ့ ဖော်ပြချက်တွေအရ သိရပါတယ်။

သူတို့နှစ်ဦးစလုံးဟာ ဖျော်ဖြေရေးအေဂျင်စီတစ်ခုတည်းအောက်မှာ လှုပ်ရှားနေကြတဲ့ အနုပညာရှင်တွေဖြစ်ကြပြီး သူတို့နှစ်ဦးလမ်းခွဲလိုက်ပြီဖြစ်ကြောင်းကိုတော့ သူတို့ရဲ့အေဂျင်စီဖြစ်တဲ့ နမ်မိုအက်တာစ်က ပြီးခဲ့တဲ့ ဩဂုတ် ၂၅ ရက်မှာ ထုတ်ဖော်ပြောကြားခဲ့တာဖြစ်တယ်လို့လည်း သိရပါတယ်။

လီဂျွန်ကီနဲ့ ဂျွန်ဟေဘင်တို့ဟာ ၂၀၁၄ ခုနှစ်အတွင်း ရိုက်ကူး ထုတ်လွှင့်ခဲ့တဲ့ "Gunman in Joseon" ရုပ်ရှင်မှာ တွဲဖက်သရုပ်ဆောင်ခဲ့ရင်းတွေ့ဆုံခဲ့ကြတာဖြစ်ပြီး ပြီးခဲ့တဲ့ ဧပြီလအတွင်းမှာ ချစ်သူတွေအဖြစ် လက်တွဲခဲ့ပြီဖြစ်ကြောင်း တရားဝင်ထုတ်ဖော်ပြောကြားခဲ့တာဖြစ်ပါတယ်။

## တရားသဖြင့်ကို ဒီဇင်ဘာမှာတရားဝင်ဖြန့်မယ့် ဝန



အနီးဆုံးလူ၊ အမှတ်တရ၊ အရှုံးနဲ့လူ စတဲ့ တေးသီချင်းတွေနဲ့ ပရိသတ်အားပေးမှုရရှိထားတဲ့ တေးသံရှင် ဝနရဲ့ ဒုတိယတစ်ကိုယ်တော်စီးရီး လာမယ့်ဒီဇင်ဘာလမှာ ထွက်ရှိမယ်လို့ သိရပါတယ်။ တရားသဖြင့်လို့အမည်ပေးထားတဲ့ ဒီတေးစီးရီးနဲ့ပတ်သက်ပြီး တေးသံရှင် ဝနက အခုလိုပြောပြခဲ့ပါတယ်။

"တရားသဖြင့်က ဒီဇင်ဘာမှာ ထွက်နိုင်ဖို့များပါတယ်။ သီချင်းအားလုံး ၁၂ ပုဒ်ပါမယ်။ ပထမအခွေနဲ့ နည်းနည်းတော့ကွာမယ်။ အကြောင်းအရာတွေကတော့ အချစ်သီချင်းတွေပဲ များမယ်။ အချစ်သီချင်းပါမယ်။ ဒဿနဆန်တာပါမယ်။ ဒီအခွေကို လုပ်နေတာသုံးနှစ်ရှိပြီ။ အကြောင်းအမျိုးမျိုးကြောင့် ကြာနေတာပါ။ လောဘကြီးတာကြောင့်လည်း ပါတယ်။ ပရိသတ်တွေကို အကောင်းဆုံးတွေပဲ ပေးချင်တဲ့လောဘကြောင့် မတရားသဖြင့်ကြာသွားတဲ့ တရားသဖြင့်အတွက် အားလုံးကို အားနာပါတယ်လို့ပြောချင်ပါတယ်" ဆိုပြီး ဝနက ပြောပြခဲ့ပါတယ်။

ဒ့ါအပြင်ဒုတိယစီးရီးခေါင်းစဉ်ကို တရားသဖြင့်လို့ အမည်ပေးဖြစ်ခဲ့တာနဲ့ပတ်သက်ပြီး သူကရှင်းပြခဲ့ပါသေးတယ်။

"တရားသဖြင့်ဆိုတဲ့ခေါင်းစဉ်ပေးဖြစ်တာက အမှန်ကတော့အချစ်သီချင်းပါပဲ။ ကိုယ့်ချစ်သူကောင်မလေးနဲ့ကိုယ်နဲ့ ဘာသာတွေ၊ အယူအဆတွေမတူတဲ့အခါကျတော့ တရားသဖြင့် ကိုယ့်ဘက်ကို စဉ်းစားပေးပါဦးဆိုတဲ့ပုံစံလေး ရေးထားတာပါ။ မိဘတွေကိုလည်း အပြစ်မပြောဘူး။ ဒါပေမယ့် ကိုယ့်ဘက်ကိုလည်း စဉ်းစားပေးပါပေ့ါ။ ဒါလေးပါပဲ"လို့ ဝနက ပြောပြခဲ့ပါတယ်။

ဒီစီးရီးမှာ သူကိုယ်တိုင်ရေးသားထားတဲ့တေးသီချင်း ခုနစ်ပုဒ်ပါဝင်ပြီး အခြားတေးရေးတွေဖြစ်တဲ့ အားဆိမ်၊ သောင်းလှိုင်၊ သားသား၊ ဇီးရိုးနဲ့ နိုင်လေးတို့ ပါဝင်ရေးသားပေးထားကြတယ်လို့ သိရပါတယ်။

**မေနှင်းဆီ။**

## နောင်တတရားတွေအကြောင်းဖွင့်ဟလာတဲ့ စူလီ

တောင်ကိုရီးယားရဲ့ ကျော်ကြားတဲ့ အနုပညာကြယ်ပွင့်တစ်ဦးဖြစ်တဲ့ စူလီဟာ ကောင်းသတင်းနဲ့ရော ဆိုးသတင်းနဲ့ပါ ကျော်ကြားတဲ့ ကြယ်ပွင့်တစ်ဦးဖြစ်ပါတယ်။ သူဟာ ဂီတနယ်ပယ်ဘက်မှာသာမက သရုပ်ဆောင်တစ်ဦးအဖြစ်ပါ အောင်မြင်အောင်စွမ်းဆောင်နိုင်ခဲ့တဲ့ ကြယ်ပွင့်တစ်ဦးဖြစ်ကာ ချောမောလှပပြီး ဖက်ရှင်ကျကျဝတ်ဆင်တတ်တဲ့သူတစ်ဦးအဖြစ် အနုပညာလောကမှာ ထင်ရှားသူဖြစ်ပါတယ်။ ဒါပေမယ့် သူရဲ့ ပုဂ္ဂိုလ်ရေးဆိုင်ရာနဲ့ပတ်သက်ပြီး သတင်းတွေကတော့ အကောင်းချည်းမဟုတ်ခဲ့ပါဘူး။ သူဟာ အချစ်ရေးနဲ့ပတ်သက်ပြီး နာမည်ဆိုးတွေရှိနေသလို လူမှုကွန်ရက်မီဒီယာပေါ်က သူ့ရဲ့အပြုအမူတွေကြောင့်လည်း ဝေဖန်မှုတွေနဲ့ အမြဲလိုလို တွေ့ကြုံခဲ့ရသူလည်းဖြစ်ပါတယ်။ လတ်တလောမှာတော့ စူလီက သူ့ရဲ့ဘဝတစ်သက်တာမှာ အကြီးမားဆုံးနောင်တရစရာနဲ့ပတ်သက်ပြီး အင်တာဗျူးတစ်ခုမှာ ဖွင့်ဟခဲ့တာတွေ့ရပါတယ်။

အေးပြည့် - စုစည်းသည်

စူပါစတားတစ်ဦးဖြစ်တဲ့ စူလီကတော့ သူ့ရဲ့အကြီးမားဆုံးသော နောင်တဟာ တက္ကသိုလ်မတက်ခဲ့တာဖြစ်တယ်လို့ မဂ္ဂဇင်းအင်တာဗျူးတစ်ခုမှာ ဖွင့်ဟပြောကြားခဲ့တာဖြစ်ပါတယ်။ ဒီလိုတက္ကသိုလ်မတက်ခဲ့တဲ့အတွက် အလွန်ကို နောင်တရမိနေပြီး သူ့ရဲ့ဘဝမှာ အလုပ်ချင်ဆုံးသော အရာဟာလည်း တက္ကသိုလ်တက်ရောက်ဖို့ဖြစ်တယ်လို့လည်း ဖွင့်ဟခဲ့ကြောင်း စွန်ပီဒေ့ါကွန်းရဲ့ ဖော်ပြချက်တွေအရ သိရပါတယ်။



သူ့ရဲ့ဆန္ဒတွေနဲ့ပတ်သက်ပြီးလည်း စူလီက "အခုဆို ကျွန်မ အသက်ရှင်နေထိုင်လာတာ ၂၄ နှစ်ကျော်ခဲ့ပါပြီ။ ဒီအရွယ်အထိ ဘဝမှာနောင်တအရဆုံးကိစ္စကတော့ တက္ကသိုလ်မတက်ဖြစ်ခဲ့တာကိုပါ။ ကျွန်မအမြဲတမ်းတက်ချင်နေခဲ့တာပါ။ ဒါပေမယ့်မတတ်နိုင်ခဲ့ဘူး။ ကျွန်မရဲ့ အသက်အရွယ်မှာတော့ နောက်ကျနေပြီဆိုပေမယ့် အသေအချာကို တက်ရောက်သွားမှာပါ" လို့လည်း ထုတ်ဖော်ပြောကြားခဲ့ပါတယ်။

ဆက်လက်ပြီးစူလီက သူ့အနေနဲ့ ငယ်ရွယ်တဲ့ အသက်အရွယ်မှာ ကေပေ့ါ်ကြယ်ပွင့်တစ်ဦးအဖြစ် တေးဂီတလောကအတွင်း မဝင်ရောက်ခဲ့ပါက ဖြစ်လာနိုင်တဲ့သူ့ရဲ့ဘဝနဲ့ပတ်သက်ပြီး မကြာမကြာ စဉ်းစားမိကြောင်းလည်း ဖွင့်ဟခဲ့ပါတယ်။ စူလီက သူဟာ ငယ်ရွယ်တဲ့အချိန်မှာ အနုပညာလောကလို ကြီးမားတဲ့အဖွဲ့အစည်းတစ်ခုနဲ့ စတင်ထိတွေ့ခြင်းမျိုးထက် သေးငယ်တဲ့ လူ့အဖွဲ့အစည်းလေးတွေမှာ ပထမဆုံးပါဝင်လှုပ်ရှားခဲ့ပါက ပိုမိုကောင်းမွန်မှာဖြစ်ကြောင်းလည်း အင်တာဗျူးမှာ ဖြေကြားခဲ့တယ်လို့ သိရပါတယ်။

စူလီဟာ ကလေးသရုပ်ဆောင်တစ်ဦးအဖြစ် အနုပညာလောကနဲ့စတင်သိကျွမ်းခဲ့ပြီး နောက်ပိုင်းမှာ အမျိုးသမီးတေးဂီတအဖွဲ့တစ်ဖွဲ့ဖြစ်တဲ့ "f(x)"ရဲ့ အဖွဲ့ဝင်တစ်ဦးအဖြစ် တေးဂီတလောကမှာ အောင်မြင်မှုတွေ ရရှိခဲ့တာဖြစ်ပါတယ်။ ပြီးခဲ့တဲ့ ၂၀၁၅ ခုနှစ်အတွင်းမှာတော့ စူလီဟာ သရုပ်ဆောင်တစ်ဦးအဖြစ် အနုပညာခရီးဆက်လိုတာကြောင့် တေးဂီတအဖွဲ့ကနေနုတ်ထွက်ခဲ့တာဖြစ်ပါတယ်။ လတ်တလောမှာတော့ စူလီဟာ ရုပ်သံဇာတ်လမ်းတွဲတွေနဲ့ ရုပ်ရှင်တွေမှာ ခေါင်းဆောင်မင်းသမီးအဖြစ် ပါဝင်ခွင့်ရခဲ့ပါတယ်။ စူလီက လက်ရှိသူရောက်ရှိနေတဲ့နေရာဟာ သူ့ဘဝအတွက်တော့ အကောင်းဆုံးနဲ့ အသင့်တော်ဆုံးဖြစ်တယ်လို့လည်း ဖွင့်ဟခဲ့တယ်လို့လည်း သိရပါတယ်။




## "Look What You Made Me Do" တေးဗီဒီယိုနဲ့ ကြည့်ရှုသူအများဆုံးစံချိန်သစ်တင်လိုက်တဲ့ တေလာဆွစ်

ယခုနှစ်ကုန်ပိုင်းမှာ တေးအယ်လ်ဘမ်သစ်ကိုထုတ်လွှင့်သွားမှာဖြစ်ပြီး လတ်တလောမှာတော့ တေးအယ်လ်ဘမ်သစ်မှာပါဝင်တဲ့ တေးသီချင်းတစ်ပုဒ်ကို ပထမဆုံးအကြိမ်အဖြစ် ထုတ်လွှင့်ခဲ့တဲ့ ပေ့ါပ်ကြယ်ပွင့်တေလာဆွစ်ဟာ တေးဂီတနဲ့ပတ်သက်တဲ့စံချိန်သစ်တစ်ရပ်ကို ထပ်မံတင်နိုင်ခဲ့ပြီဖြစ်ပါတယ်။ ပြီးခဲ့တဲ့ ကြာသပတေးနေ့က စတင်ထုတ်လွှင့်ခဲ့တဲ့ "Look What You Made Me Do"တေးသီချင်းရဲ့ တေးသီချင်းစာသားတွေနဲ့အတူ ကွန်ပျူတာဖန်တီးမှုနဲ့ ပြုလုပ်ထားတဲ့ အဆိုပါတေးသီချင်းရဲ့ တေးဗီဒီယိုဟာ အွန်လိုင်းပေါ်ကနေတစ်ဆင့် ကြည့်ရှုသူပရိသတ်အများဆုံး ရရှိခဲ့တဲ့ တေးဗီဒီယိုအဖြစ် ရပ်တည်နေခဲ့တာဖြစ်ပါတယ်။

ပြီးခဲ့တဲ့ တနင်္ဂနွေနေ့မှာတော့ တေလာဆွစ်က "Look What You Made Me Do" ရဲ့ တေးဗီဒီယိုကို ထုတ်လွှင့်ပေးခဲ့ပြီး ဒီလိုတေးဗီဒီယိုအပြည့်အစုံကို ထုတ်ဖော်ပြသခဲ့ခြင်းမရှိမီက တေးသီချင်းစာသားတွေနဲ့အတူ ကွန်ပျူတာဖန်တီးမှုနဲ့ ပြုလုပ်ထားတဲ့ တေးဗီဒီယိုကို ဦးစွာထုတ်လွှင့်ခဲ့တာဖြစ်ပါတယ်။ ယင်းတေးဗီဒီယိုဟာ ပြီးခဲ့တဲ့ ဩဂုတ် ၂၆ ရက်အထိ အွန်လိုင်းပေါ်ကနေတစ်ဆင့် ကြည့်ရှုသူပရိသတ် ၂၉ သန်းကျော်ရှိခဲ့ပြီး အွန်လိုင်းတေးဂီတဝက်ဘ်ဆိုက်တစ်ခုဖြစ်တဲ့ ယူကျူ့ပ်ပေါ်မှာတော့ ပရိသတ်အများဆုံးကြည့်ရှုခဲ့တဲ့ တေးသီချင်းစာသားတွေပါဝင်နေတဲ့ တေးဗီဒီယိုတစ်ခုဖြစ်ခဲ့ကြောင်း အေ့စ်ရှိုးဘစ်ဇ်ဒေ့ါကွန်းရဲ့ ဖော်ပြချက်တွေအရ သိရပါတယ်။

ပြီးခဲ့တဲ့ သောကြာနေ့က စတင်ထုတ်လွှင့်ခဲ့တဲ့ "Look What You Made Me Do"တေးသီချင်းစာသားဗီဒီယိုဟာ စတင်ထုတ်လွှင့်ခဲ့ပြီးနောက် ၂၄ နာရီအတွင်းမှာ ပရိသတ် ၁၉ သန်းကျော်ရရှိခဲ့တာလည်း ဖြစ်ပါတယ်။ တေးလာဆွစ်အရင် ကြည့်ရှုသူအများဆုံးစံချိန်တင်ထားခဲ့တဲ့ တေးသံရှင်ကတော့ ကိုးဒ်ပလေးဖြစ်ပြီး "The Chainsmokers" တေးဂီတအဖွဲ့နဲ့ တွဲဖက်သီဆိုထားတဲ့တေးသီချင်း "Something Just Like This" နဲ့ စံချိန်တင်ခဲ့ကာ ၂၄ နာရီအတွင်း ပရိသတ် ကိုးသန်းကျော်ရရှိခဲ့တာကြောင့် လတ်တလောမှာတော့ တေလာဆွစ်က ၂၄ နာရီအတွင်း ပရိသတ် ၁၉ သန်းကျော်ရရှိခဲ့ကာ စံချိန်သစ်တင်ခဲ့ပါတယ်။

တေလာဆွစ်ရဲ့ တေးသီချင်းသစ်ဟာ အွန်လိုင်းမီဒီယာပေါ်ကနေတစ်ဆင့် ဝယ်ယူအားပေးသူတွေအထူးများပြားနိုင်ကြောင်းလည်း မျှော်လင့်ရပါတယ်။ စတင်ထုတ်လွှင့်ခဲ့သည်မှ ၂၄ နာရီအတွင်း ဝက်ဘ်ဆိုက်ပေါ်ကနေတစ်ဆင့် ကူးယူခံရတဲ့အကြိမ်ပေါင်း နှစ်သိန်းကျော်ရှိခဲ့ကာ ပထမသီတင်းပတ်အကုန်မှာတော့ ၅၅၀၀၀၀ ခန့်ရှိလာနိုင်ကြောင်းလည်း ကျွမ်းကျင်သူတွေက ခန့်မှန်းခဲ့ကြပါတယ်။

ထွက်ရှိခဲ့ပြီးဖြစ်တဲ့ တေလာဆွစ်ရဲ့ တေးသီချင်းတွေအနက် ပထမသီတင်းပတ်အတွင်း ရောင်းအားအကောင်းဆုံးဖြစ်ခဲ့တဲ့ တေးသီချင်းတွေကတော့ ၂၀၁၂ ခုနှစ်အတွင်း စတင်ထုတ်လွှင့်ခဲ့တဲ့ တေးသီချင်း "We Are Never Ever Getting Back Together" (၆၂၃၀၀၀) နဲ့ ၂၀၁၄ ခုနှစ်အတွင်း စတင်ထုတ်လွှင့်ခဲ့တဲ့ "Shake It Off" (၅၄၄၀၀၀) တို့ပဲ ဖြစ်ကြပါတယ်။ အလားတူ ဗြိတိန်ပေ့ါပ်ကြယ်ပွင့်အဒဲလ်ရဲ့ ၂၀၁၅ ခုနှစ်အတွင်းထွက်ရှိခဲ့တဲ့တေးသီချင်း "Hello" ကတော့ ပထမသီတင်းပတ်အတွင်း ကူးယူခံရတဲ့အကြိမ်ပေါင်း ၆၅၃၀၀၀ ရှိခဲ့ပါတယ်။

"Look What You Made Me Do" တေးသီချင်းဟာ လာမယ့် နိုဝင်ဘာ ၁၀ ရက်မှာ စတင်ထုတ်လွှင့်သွားမယ့် တေလာဆွစ်ရဲ့တေးအယ်လ်ဘမ်သစ် "Reputation" မှာပါဝင်တဲ့တေးသီချင်းတစ်ပုဒ်ဖြစ်ကာ ယင်း တေးအယ်လ်ဘမ်ဟာ ပြီးခဲ့တဲ့ ၂၀၁၄ ခုနှစ်အတွင်း ထုတ်လွှင့်ခဲ့တဲ့ "1989" တေးအယ်လ်ဘမ်ပြီးနောက် ပထမဆုံးပြန်လည်ထုတ်လွှင့်ခဲ့တဲ့ တေးအယ်လ်ဘမ်ဖြစ်ပြီး တေလာဆွစ်ရဲ့ ခြောက်ခုမြောက် တေးအယ်လ်ဘမ်လည်း ဖြစ်ပါတယ်။

# Huawei မှ Tabletအသစ်လေးမျိုးအား စတင်ကြေညာ



တန်ဖိုးသင့်စမတ်ဖုန်းများသာမက တန်ဖိုးကြီးစမတ်ဖုန်းများကို ထုတ်လုပ်လာပြီး ဈေးကွက်အတွင်း ယခင်ကတည်းက နေရာရှိပြီးဖြစ်သော Huawei သည် ၎င်း၏ Tablet သစ်လေးမျိုးကိုစတင်ကြေညာခဲ့သည်။ အဆိုပါ အသစ်ထပ်မံထွက်ရှိမည့် Tablet သစ်လေးမျိုးမှာ Mediapad T3 ၁၀ လက်မ၊ Mediapad T3 ၈ လက်မ၊ Mediapad M3 Lite ၁၀ လက်မနှင့် Mediapad M3 Lite ၈ လက်မတို့ဖြစ်သည်။

Qualcomm MSM8940 Snapdragon 435 ပရိုဆက်ဆာပါဝင်သော Mediapad M3 10 နှင့် M3 8 တို့မှာ အသစ်ထွက်ရှိမည့် Tablet လေးမျိုးတွင် စွမ်းဆောင်ရည်မြင့်မားသည့် RAM 4GB အထိပါဝင်ပြီး 16GB နှင့် 32GB ဟူ၍ Storage နှစ်မျိုးရရှိနိုင်ကာ လည်ပတ်မှု Android 7.0 စနစ်ပါဝင်မည်ဖြစ်သည်။ ကျောဘက်ကင်မရာ 8MP နှင့် အရှေ့ဘက်ကင်မရာ 8MP ပါဝင်ပြီး မျက်နှာပြင်အကျယ် ၁၀ လက်မနှင့် ၈ လက်မဟူ၍ နှစ်မျိုးရွေးချယ်နိုင်သည်။ ရရှိနိုင်သောအရောင်များမှာ Gold, White နှင့် Space Grey တို့ဖြစ်ပြီး ဘက်ထရီစနစ် M3 10 တွင် 6660 mAh ပါဝင်ကာ M3 8 တွင် 4800 mAh ပါဝင်သောကြောင့် စွမ်းအင်သုံးစွဲမှုကိုများစွာအထောက်အကူဖြစ်စေသည်။ ရရှိနိုင်သောဈေးနှုန်းများမှာ M3 10 ကို အမေရိကန်ဒေါ်လာ ၂၅၀ ဝန်းကျင်နှင့် M3 8 ကို အမေရိကန်ဒေါ်လာ ၂၀၀ ဝန်းကျင်တွင်ရရှိနိုင်မည်ဖြစ်သည်။

Mediapad T3 အမျိုးအစား Tablet အသစ်နှစ်မျိုးမှာ သာမန်တန်ဖိုးနည်း Tablet အမျိုးအစားတွင်သာ ပါဝင်ပြီး စွမ်းဆောင်ရည်မှာ M3 Lite ကဲ့သို့မမြင့်မားချေ။ Octa-Core Qualcomm MSM8917 Snapdragon 425 ပရိုဆက်ဆာနှင့် လည်ပတ်မှု Android 7.0 စနစ်ပါဝင်ပြီး RAM ပါဝင်မှုမှာ 2GB နှင့် 3GB နှစ်မျိုးရှိပြီး သိုလှောင်သိမ်းဆည်းမှုအတွက် 16GB နှင့် 32GB Storage ဟူ၍နှစ်မျိုးရရှိနိုင်မည်ဖြစ်သည်။ ကျောဘက်ကင်မရာ 5MP နှင့် အရှေ့ဘက်ကင်မရာ 2 MP သာပါဝင်ပြီး ဘက်ထရီစနစ်အတွက် 4800 mAh ပါဝင်မည်ဖြစ်သည်။ ရရှိနိုင်သော အရောင်များမှာ Space Gray နှင့် Luxurious Gold နှစ်မျိုးရရှိနိုင်ပြီး တန်ဖိုး မှာ T3 10 အတွက် အမေရိကန်ဒေါ်လာ ၁၆၀ နှင့် T3 8 အတွက် အမေရိကန်ဒေါ်လာ ၁၄၀ ဟူ၍သတ်မှတ်ထားသည်။

ALEX

# စက်တင်ဘာလတွင် စတင်ရောင်းချတော့မည့် Vivo Y69 ကိုအိန္ဒိယတွင်စတင်မိတ်ဆက်



မျက်နှာပြင် ၅ ဒသမ ၅ လက်မရှိပြီး အထူ ၇ ဒသမ ၇ မီလီမီတာသာရှိသော Vivo Y69 စမတ်ဖုန်းသစ်တစ်မျိုးကိုစတင်မိတ်ဆက် ကြေညာခဲ့ပြီး စက်တင်ဘာ ၁ ရက်တွင် စတင်ရောင်းချတော့မည်ဟု သိရသည်။ ကိုယ်ထည်ကို အလူမီနီယံသတ္တုစပ်ဖြင့် ဖန်တီးထားပြီး ဈေးနှုန်း သင့်တင့်သည့် စမတ်ဖုန်း အမျိုးအစားတစ်မျိုးဖြစ်သည်။ Selfie Photo များကို ကောင်းမွန်စွာရိုက်ကူးနိုင်မည့် Selfie ကင်မရာပါဝင်လာပြီး Vivo Moonlight Selfie Camera Flash စနစ်ပါထည့်သွင်းပေးထားသောကြောင့် ထူးခြားသည့် ကိုယ်တိုင်ရိုက်ဓာတ်ပုံများကို ရရှိနိုင်မည့်စမတ်ဖုန်းတစ်မျိုးဖြစ်သည်။

ဖုန်းအတွင်း Octa-core Mediatek MT6750 ပရိုဆက်ဆာမောင်းနှင်မှုတပ်ဆင်ထားပြီး လည်ပတ်မှုစနစ် Android 7.0 ပါဝင်မည်ဖြစ်သည်။ ရုပ်ထွက်ပိုင်းအတွက် Mali-T860MP2 GPU ကိုထည့်သွင်းတပ်ဆင်ပေးထားကာ ပိုမိုတောက်ပသည့် မျက်နှာပြင်တွင် ရုပ်ထွက်ပိုင်းအရည်အသွေးနှင့် လုပ်ဆောင်ချက်များ ကောင်းမွန်မည်ဖြစ်သည်။

RAM ပါဝင်မှု 3GB နှင့်သိုလှောင်သိမ်းဆည်းမှုအတွက် 32 GB Storage ပါဝင်မည်ဖြစ်ကာ ထပ်မံ၍ Micro SD 256 GB အထိ တပ်ဆင်အသုံးပြုနိုင်မည်ဖြစ်သည်။ ကျောဘက်ကင်မရာ 13 MP နှင့် အရှေ့ဘက်ကင်မရာ 16 MP ပါဝင်ကာ ဖုန်း၏အရှေ့ဘက်တွင် လက်ဗွေဖတ်စနစ်ပါဝင်မည်ဖြစ်သည်။ ဘက်ထရီစနစ်အတွက် 3000 mAh ဘက်ထရီကိုပံ့ပိုးပေးထားပြီး GSM အမျိုးအစား SIM ကတ်နှစ်ခုထည့်သွင်းအသုံးပြုနိုင်မည်ဖြစ်သည်။ ရရှိနိုင်သော အရောင်မှာ ရွှေရောင်ဖျော့နှင့် အနက်ရောင်သာ ရရှိနိုင်သေးပြီး ဖုန်းတန်ဖိုးမှာ ယူရို ၂၀၀၊ မြန်မာကျပ်ငွေ သုံးသိန်းဝန်းကျင်ဖြင့် ရရှိနိုင်တော့မည်ဖြစ်သည်။

ALEX

## ကရင်ပြည်နယ် လွှတ်တော်ဥက္ကဋ္ဌ ကြာအင်းကျေးရွာ၌ လူထုတွေ့ဆုံပွဲပြုလုပ်

**လှိုင်းဘွဲ့ ဩဂုတ် ၂၈**

ကရင်ပြည်နယ် ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ ဦးစောချစ်ခင်သည် ပအိုဝ်းတိုင်းရင်းသားလူမျိုးရေးရာဝန်ကြီး ဦးခွန်မျိုးတင့်၊ မွန်တိုင်းရင်းသားလူမျိုးရေးရာဝန်ကြီး ဦးမင်းတင်ဝင်းနှင့်တာဝန်ရှိသူများနှင့်အတူ ဩဂုတ် ၂၇ ရက် နံနက် ၁၁ နာရီတွင် လှိုင်းဘွဲ့မြို့နယ် ကြာအင်းကျေးရွာ ဘုန်းတော်ကြီးကျောင်း၌ လူထု တွေ့ဆုံပွဲကို ကျင်းပခဲ့သည်။

တွေ့ဆုံပွဲတွင် ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌက ကျေးရွာ၏ဖွံ့ဖြိုးတိုးတက်ရေးကို ကိုယ်တိုင်ကိုယ်ကျသိရှိစေရန်နှင့်ဒေသခံတို့၏ လိုအပ်ချက်ကို ဖြည့်ဆည်းရန်လာခဲ့ခြင်းဖြစ်ကြောင်း အဖွင့်အမှာစကားပြောကြားပြီး ပအိုဝ်းတိုင်းရင်းသားရေးရာဝန်ကြီးနှင့် မွန်တိုင်းရင်းသားလူမျိုးရေးရာဝန်ကြီးတို့ကတို့၏ လုပ်ငန်းတာဝန်များနှင့်လုပ်ဆောင်ချက်များကို ရှင်းလင်းပြောကြားသည်။ ကြာအင်းကျေးရွာ၊ကွီးလင်းကျေးရွာ၊ကမော့လဲကျေးရွာ အုပ်ချုပ်ရေးမှူးတို့က ကျေးရွာ၏ လိုအပ်ချက်တို့ကို တင်ပြရာ ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌက ပေါင်းစပ်ညှိနှိုင်း ဆွေးနွေးခဲ့ကြကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**



&efukwfvHa'oluDoCefu;efpjyHaq;½kHwifo*kwf24&ufeHuf 8em&DuA trSwf(2)vjyHaxmuf&uyfua&;rSL&rS;yf0if\uyfurkzih trSwf(7)vjyHaxmuf&wyfcGJrSwyfcGJrS'kwd,rSL;u,fou;f0ifpDwyfcGJ 340OD;(27)udjrmufuyif;ao;vSL;cJhonfat;ifq(a&TWH;)

## ကျေးရွာဖွံ့ဖြိုးရေးရန်ပုံငွေဖြင့် သင်တန်းဖွင့်လှစ်

**ကျိုက်မရော ဩဂုတ် ၂၈**

ကျိုက်မရောမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးမင်းသန်းဇော်ထွန်း (ဦးစီးအရာရှိ)နှင့် ဝန်ထမ်းများသည် ဩဂုတ်လ တတိယပတ်က ဘဏ္ဍာရေးနှစ်အလိုက် ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းများ အကောင်အထည်ဖော်ရေး ရန်ပုံငွေအဆိုပြုလွှာပြင်ဆင်ခြင်းလုပ်ငန်းစဉ်နှင့် နည်းစနစ်များဆိုင်ရာ သင်တန်းကို ကျေးရွာများအထိကွင်းဆင်း၍သင်တန်းပို့ချခဲ့ကြောင်း သိရသည်။

**ကြေးမုံ**

**စာမျက်နှာ ၁၅ မှ**

လူမှုရေးအရ တာဝန်သိတတ်တဲ့ အာဆီယံအသိုက်အဝန်းတစ်ရပ် ဖြစ်ပေါ်လာစေရေးအတွက် အထောက်အကူပြုစေဖို့ ရည်ရွယ်ပါတယ်။ ဒီလိုဆောင်ရွက်နိုင်ဖို့ အာဆီယံပြည်သူများရဲ့ လူနေမှုဘဝ၊ စားဝတ်နေရေး၊ လူမှုဖူလုံရေးလုပ်ငန်းတွေ ပိုမိုတိုးမြှင့်ပေးနိုင်မယ့် အားလုံးအကျုံးဝင်တဲ့၊ သဟဇာတမျှတတဲ့၊ စာနာဖေးကူတဲ့ လူမှုအဖွဲ့အစည်းတစ်ရပ် တည်ဆောက်ဖို့နဲ့ တူညီတဲ့ရပ်တည်မှုအနေအထား (Common Identity) ရရှိဖို့ ကြိုးပမ်းသွားမှာဖြစ်ပါတယ်။ တစ်နည်းအားဖြင့် အာဆီယံလူမှုရေးနဲ့ ယဉ်ကျေးမှုအသိုက်အဝန်းဟာ ပြည်သူများအကြား အပြန်အလှန် နားလည်မှုတိုးမြှင့်ရေး၊ အိမ်နီးချင်းကောင်းပီသစွာ နေထိုင်ရေးနဲ့ တာဝန်သိပြီး တာဝန်ယူတဲ့ခံယူချက် ပိုမိုမြင့်မားလာစေရေးအတွက် ခိုင်မာတဲ့အခြေခံကောင်းတွေချမှတ်နိုင်ဖို့ အထောက်အကူပြုသွားမှာ ဖြစ်ပါတယ်။

အာဆီယံလူမှုရေးနဲ့ ယဉ်ကျေးမှုအသိုက်အဝန်းဟာ အဖွဲ့ဝင်နိုင်ငံများအကြား မတူညီတဲ့ ယဉ်ကျေးမှု၊ ဘာသာစကား၊ ကိုးကွယ်ယုံကြည်မှုတွေကိုလေးစားပြီး မတူကွဲပြားမှုများရဲ့ စည်းလုံးမှုစိတ်ဓာတ် (The Spirit of Unity in Diversity) အပေါ်အခြေခံပြီး ဘုံတန်ဖိုးထားမှုကို အလေးထားကာ အခွင့်အလမ်းတွေ၊ စိန်ခေါ်မှုတွေကို ဖန်တီးကိုင်တွယ်ဖြေရှင်းသွားမှာ ဖြစ်ပါတယ်။ တစ်နည်းအားဖြင့် ပြည်သူများ၏ ဖွံ့ဖြိုးတိုးတက်မှု၊ လူမှုဖူလုံရေးနှင့် ကာကွယ်စောင့်ရှောက်ရေး၊ လူမှုရေးအရ တရားမျှတမှုနှင့် အခွင့်အရေးများ၊ သဘာဝပတ်ဝန်းကျင် ရေရှည်တည်တံ့ခိုင်မြဲရေးအတွက် ဆောင်ရွက်ရေး၊ အာဆီယံ၏ တူညီတဲ့ရပ်တည်မှုအနေအထား တည်ဆောက်ရေးနဲ့ ဖွံ့ဖြိုးတိုးတက်မှု ကွာဟချက် ကျဉ်းမြောင်းလာစေရေးကို ကြိုးပမ်းဆောင်ရွက်သွားမှာဖြစ်ပါတယ်။

အာဆီယံလူမှုရေးနဲ့ ယဉ်ကျေးမှုအသိုက်အဝန်းအောက်မှာ အဖွဲ့ဝင်နိုင်ငံများအကြား လူသားစွမ်းရည် ဖွံ့ဖြိုးတိုးတက်ရေး၊ ပညာရေးအဆင့်အတန်းမြင့်မားလာစေရေး၊ သတင်းအချက်အလက်နဲ့ ဆက်သွယ်ရေးနည်းပညာအဆင့်မြှင့်တင်ရေး၊ အမျိုးသမီးများ၊ လူငယ်များ၊ အသက်အရွယ်ကြီးသူများနဲ့ မသန်စွမ်းသူများအတွက် စွန့်ဦးတီထွင်လုပ်ငန်းစွမ်းဆောင်ရည်များ ပိုမိုမြှင့်တင်နိုင်ရေး၊ မြို့ပြဝန်ထမ်း ရွေးချယ်ခန့်ထားမှု စွမ်းရည်မြှင့်တင်ရေး၊ လူမှုဖူလုံရေးနဲ့အကာအကွယ်ပေးရေးလုပ်ငန်းများ၊ ဆင်းရဲနွမ်းပါးမှုလျှော့ချရေး၊ လူမှုလုံခြုံရေးကွန်ရက် တည်ဆောက်ရေးနဲ့ ပေါင်းစည်းမှုဖြစ်စဉ်ကနေ ပေါ်ထွက်လာမည့်အကျိုးသက်ရောက်မှုများမှ အကာအကွယ်ပေးရေး၊ စားနပ်ရိက္ခာဖူလုံရေးနဲ့ လုံခြုံစိတ်ချရမှု တိုးမြှင့်ရေး၊ ကျန်းမာရေးစောင့်ရှောက်မှု အဆင်ပြေလွယ်ကူစေရေးနဲ့ ကျန်းမာသောလူနေမှုဘဝကို မြှင့်တင်နိုင်ရေး၊ ကူးစက်ရောဂါများ ထိန်းချုပ်နိုင်သည့်စွမ်းရည် တိုးတက်မြင့်မားရေး၊ မူးယစ်ဆေးဝါးကင်းစင်သည့် အာဆီယံဒေသဖြစ်လာစေရေး၊ သဘာဝဘေးအန္တရာယ်ကို ခံနိုင်ရည်ရှိပြီး လုံခြုံစိတ်ချရသည့် လူမှုအသိုက်အဝန်းများ တည်ဆောက်ရေး၊ အမျိုးသမီးများ၊ ကလေးများ၊ သက်ကြီးရွယ်အိုများနဲ့ မသန်စွမ်းသူများရဲ့ အခွင့်အရေးနဲ့ လူမှုဘဝဖူလုံရေးကို အကာအကွယ်ပေးရေးနဲ့ မြှင့်တင်ရေး၊ ရွှေ့ပြောင်းအလုပ်သမားများရဲ့ အခွင့်အရေးကို အကာအကွယ်ပေးရေးနဲ့ မြှင့်တင်ရေး၊ စီးပွားရေးလုပ်ငန်းများရဲ့ လူမှုရေးအရ တာဝန်ယူမှုတာဝန်သိမှု (Corporate Social Responsibility-CSR) ကို မြှင့်တင်ရေး၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာကိစ္စရပ်များကို ကိုင်တွယ်ဖြေရှင်းရေး၊ နယ်စပ်ဖြတ်ကျော်ပတ်ဝန်းကျင်ယိုယွင်းပျက်စီးမှုကိစ္စရပ်များကို စီမံခန့်ခွဲရေးနဲ့ တားဆီးကာကွယ်ရေး၊ မီးခိုးမြူမှုန်နှင့် အန္တရာယ်ဖြစ်စေနိုင်သော စွန့်ပစ်ပစ္စည်းများ နယ်စပ်ဖြတ်ကျော်ရွှေ့လျားမှု ကာကွယ်တားဆီးရေး၊ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်း စောင့်ရှောက်ရေးလုပ်ငန်းများတွင် ပြည်သူများပါဝင်လာစေရေး၊ ပတ်ဝန်းကျင်ယိုယွင်း ပျက်စီးမှုနည်းပါး




tmqD,Mh&;EShf; 0ef;u;rlt oklt 0ef;onfwLu;jym;rlrsm;\ pnf;vH;rlD,wfl oab mw&m;ukd azmfu;L;vsuf&Sdonf

သည့် နည်းပညာအဆင့်မြှင့်တင်ရေး၊ အာဆီယံမြို့ကြီးပြကြီးများ၏ လူနေမှု အဆင့်အတန်း မြင့်မားလာစေရေး၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ မူဝါဒများ၊ သတင်းအချက်အလက်စနစ်များ တစ်ပြေးညီဖြစ်လာစေရေး၊ ကမ်းရိုးတန်းနှင့် ပင်လယ်ပြင်သဘာဝပတ်ဝန်းကျင်ရေရှည်တည်တံ့ရေးအတွက် ကြိုးပမ်းမှုမြှင့်တင်ရေး၊ ရေချိုအရင်းအမြစ်များ ရေရှည်တည်တံ့ရေးအတွက် ကြိုးပမ်းမှုမြှင့်တင်ရေး၊ ရာသီဥတုပြောင်းလဲမှုနှင့် အကျိုးဆက်များကို ထိရောက်စွာ တုံ့ပြန်ရေး၊ သစ်တောများ ရေရှည်တည်တံ့ရေးအတွက် စီမံခန့်ခွဲမှု မြှင့်တင်ရေး၊ အာဆီယံနှင့် ပတ်သက်၍ ပြည်သူများအကြား သိမြင်နားလည်မှုနှင့် အသိုက်အဝန်း စိတ်ဓာတ်မြှင့်တင်ရေး၊ အာဆီယံယဉ်ကျေးမှုအမွေအနှစ်များ ထိန်းသိမ်းစောင့်ရှောက်ရေးနှင့် အကာအကွယ်ပေးရေး၊ ယဉ်ကျေးမှုဆိုင်ရာ တီထွင်ဖန်တီးနိုင်စွမ်းနှင့် လုပ်ငန်းများ မြှင့်တင်ရေး၊ ပြည်သူလူထုအကြား ထိတွေ့ဆက်ဆံမှုမြှင့်တင်ရေး လုပ်ငန်းစဉ်တွေကို ဆောင်ရွက်လျက်ရှိပါတယ်။

**ဆက်လက်ဖော်ပြပါမည်။**

ASIAN YGN TRAVELS & TOURS
ဟိုတယ်ခရီးစဉ်
ဗုဒ္ဓဂယာ အဆင့်မြင့်ဘုရားဖူးခရီးစဉ်(၇)ညအိပ်(၈)ရက်
သံဝေဇနီယလေးဌာန ၊ အဝိဇဟိတသုံးဌာန (အိန္ဒိယ+နီပေါ)
ထွက်ခွာမည့်ရက် - ၁၁.၁၀.၂၀၁၇ / ၈.၁၁.၂၀၁၇ / ၂၀.၁၂.၂၀၁၇
▸ နိုင်ငံတကာအဆင့်မီဟိုတယ်ကြီးများအားအသုံးပြုခြင်း(ဟိုတယ်အများစုတွင်ဖါတ်လေကားပါဝင်ခြင်း)
▸ နေ့စဉ်ဟိုတယ်ကြီးများတွင်(နံနက်/နေ့လယ်/ည)ဘူဖေးဖြင့်ကျွေးမွေးပြုစုခြင်း
▸ အရည်အသွေးမြင့် 20 Kg ဆံ့သည့်ခရီးဆောင်သေတ္တာ
တစ်ဦးလျှင် USD -1100
Vietnam
ပြည်ပခရီးသွားလိုင်စင်အမှတ် (၁၁-၀၄၀၀) UMTA
ဗီယက်နမ် + ကမ္ဘောဒီးယား နှစ်နိုင်ငံခရီးစဉ်
* ဟနွိုင်း-ဟာလောင်း-နင်ဘင် $391
* ဟိုချီမင်း-ဖနွမ်းပင်-ဆီရမ်းရိ $650
* ဟိုချီမင်း-ဟနွိုင်း-ဟာလောင်း $531
* ဟိုချီမင်း-ဆီရမ်ရိ-ဟနွိုင်း-ဟာလောင်း $666
* ဟိုချီမင်း-ဒါနန်း-ဘာနာဟေးလ် $448
၀၉ ၄၅၇၁၁၁၀၆၇၊ ၀၉ ၄၅၆၄၃၃၄၂၀ asianygntravels.com

ဒေါက်တာဇော်ဦး
PhD (Chem) DFT (YU)
ကမ္ဘာ့ဆိုးဆေးပင်တန်း တက္ကသိုလ် သင်ရိုးကုန်ပြီ
Ph: 09 252 210 320
ထွက်ပြီ

တော်ဝင်ပန်း
အဆင့်မြင့်ဘုရားဖူးလုပ်ငန်း
(၆၅)ကြိမ်မြောက်အဘိဓမ္မာ
Ph: 09 461301117, 09 250366204

ရွှင်ရယ်ပတ္တမြား
(၆၅)ကြိမ်မြောက်အဘာထွက်ပွဲအထူး
ပုပ္ပါး-ပုဂံ-ပခုက္ကူ 45000 6-Sep-17
အဘာဂ္ဂ ၂၃-၃ရက်(စဉ်-သောကြာ)
252055609, 444462599

ရတီဖူးဘုရားဖူးလုပ်ငန်း
09-250147247,09-774438366

ကျေးဇူးဆပ်ပါမည်
ရန်ကုန်မြို့ သာကေတမြို့နယ်နေ ဦးကျော်စိုးနိုင်(၁၂/သကတ(နိုင်)၁၆၈၄၅၅) နိုင်ငံသားစိစစ်ရေးကတ်ပြားနှင့် KBZဘဏ်ကတ်(၂)ကတ် ၂၀၁၆-၂၀၁၇ဘဏ္ဍာနှစ် FMIစာရွက်စာတမ်းများမှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၇၃၁ ၂၀၅၅၄

ဝန်ထမ်းအလိုရှိသည်
Marketing
ကျွမ်းကျင် (၁) ဦး
Ph: 09 772233888, 09 403706367

MYANMAR HOTELIER ASSOCIATION MHA YANGON ZONE

# မြန်မာနိုင်ငံဟိုတယ်ဆိုင်ရာလုပ်ငန်းရှင်များအသင်း (ရန်ကုန်ဇုန်)

## နှစ်ပတ်လည်ညစာစားပွဲ ကျေးဇူးတင် ဂုဏ်ယူဝမ်းမြောက်ခြင်း (၂၀၁၇ ခုနှစ် ဩဂုတ်လ ၁၈ ရက်)

မြန်မာနိုင်ငံဟိုတယ်ဆိုင်ရာလုပ်ငန်းရှင်များအသင်း(ရန်ကုန်ဇုန်)မှ ဦးစီးကျင်းပသည့် စတုတ္ထအကြိမ် ဟိုတယ်လုပ်ငန်းရှင်များ နှစ်ပတ်လည်ညစာစားပွဲသို့ ကြွရောက်ချီးမြှင့်ပေးပါသော ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့မှ ရန်ကုန်တိုင်းဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်း နှင့်တကွ ဝန်ကြီးများ၊ ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာန၊ ဧည့်သည်တော်များ၊ မြန်မာ့ဟိုတယ်နှင့် ခရီးသွားလုပ်ငန်းမှဧည့်သည်တော်များ၊ မြန်မာနိုင်ငံခရီးသွားလုပ်ငန်းအဖွဲ့ချုပ်မှ ဥက္ကဋ္ဌနှင့်အမှုဆောင်များ၊ မြန်မာနိုင်ငံဟိုတယ်ဆိုင်ရာလုပ်ငန်းရှင်များအသင်းမှဥက္ကဋ္ဌနှင့် အမှုဆောင်များ၊ ဟိုတယ်လုပ်ငန်းရှင်များအသင်းနှင့် ဆက်စပ်နေသည့်အဖွဲ့အစည်းများ၊ ဟိုတယ်လုပ်ငန်းရှင်များ၊ ဟိုတယ်နှင့်ဆက်စပ်သောလုပ်ငန်းရှင်များ၊ နှစ်ပတ်လည်ညစာစားပွဲဖြစ်မြောက်ရေးအတွက် အဘက်ဘက်မှဝိုင်းဝန်း ကူညီပံ့ပိုးပေးကြသော Gold Sponsor များအဖြစ် ကူညီပံ့ပိုးပေးပါသော Performance Auto International Co.,Ltd, Melbourne Company Limited and Ywar Taw International Trading Co., Ltd and Daikin Malaysia SDN.BHD (Myanmar Branch) နှင့် Co-Sponsor များအဖြစ် ကူညီပံ့ပိုးပေးပါသော HANVICO Myanmar Co., Ltd, HTOO Hospitality, Tokyo Pipe, Bigi Hotel Supplier, Live Life Co., Ltd, Noble IT Solution Co., Ltd, Shine Laundry Co., Ltd, Infinity Business Group Co., Ltd, Yadanarbon Fibre Service Co., Ltd, Mingalar Info Tech Co., Ltd, Premium Distribution Co., Ltd နှင့် Myanmar Information Technology တို့ကိုလည်းကောင်း၊ Melia Yangon Hotel မှ ဝန်ထမ်းများအား လိုက်လှဲစွာ ကျေးဇူးတင်ရှိပါကြောင်းနှင့် လုပ်ငန်းများ ဆတက်ထမ်းပိုးကြီးပွားတိုးတက်ပါစေကြောင်း ဆုမွန်ကောင်းတောင်းအပ်ပါသည်။

မြန်မာနိုင်ငံဟိုတယ်ဆိုင်ရာလုပ်ငန်းရှင်များအသင်း(ရန်ကုန်ဇုန်) အလုပ်အမှုဆောင်အဖွဲ့

UNIVERSITY OF MANCHESTER ၏
ပထမနှစ်ကို မြန်မာပြည်တွင် ပထမဦးဆုံး တက်ရောက်နိုင်မည်
First Year
CROWN EDUCATION + ROYAL ACADEMIC INSTITUTE
Second Year + Final Year
MANCHESTER 1824 The University of Manchester
• BSc(Hons) Management (Innovation, Strategy & Entrepreneurship)
• BSc(Hons) Accounting & Finance
• BSc(Hons) International Business
• BSc(Hons) Supply Chain Management
• BA (Hons) Business and Public Relations
• BA (Hons) Tourism Management
• BSc(Hons) International Events Management and 60 more
၁၀၀% ပညာသင်ဆု
လျှောက်ထားနိုင်သူများ
• GCE'A', International Baccalaureate ဖြေဆိုအောင်မြင်ထားသူများ
• NCC, HND, ABE Level (4) ဖြေဆိုအောင်မြင်ထားသူများ
• မြန်မာအစိုးရတက္ကသိုလ်များမှ "ပထမနှစ်"ပြီးဆုံးထားသူများ
NCUK THE UNIVERSITY CONSORTIUM
အမှတ် ၂၇၀၊ ပထမထပ်၊ အခန်း ၁၁၊ ပြည်လမ်း၊ မြေနီကုန်း၊ စမ်းချောင်း။ ဖုန်း - ၀၁ ၅၂၇ ၀၇၀၊ ၀၉ ၉၆၅ ၀၀၅ ၁၀၅၊ ၀၉ ၂၆၀၀၀ ၄၀ ၅၀၊ ၀၉ ၂၆၀၀၀ ၆၀ ၅၀

LCCI - EDI (UK) မှ ချီးမြှင့်သောရွှေတံဆိပ်ရ ကျောင်းဆုရ
စီးပွားဝန်းခင်း
ပညာရေးဝန် ဆောင်မှုလုပ်ငန်း
LCCI စာရင်းကိုင်သင်တန်း Level 1+2 & 3
AutoCount Computerised Accounting
2018 April Series(September)တန်းခွဲသစ်များ(9.9.2017)စမည်
09-5118647-73009869-73013432-73028433

ဒဂုံမြို့သစ်
အရောင်း/ ငြောက်ဝိုင်း
Ph : 09 424027674
09 763584856

GW 0973226006 0973133528 0973077569
အိမ်ပြောင်း၊ အိမ်ရွှေ့ ဝန်ဆောင်မှုလုပ်ငန်း
09401505559

ဒဂုံမြို့သစ်
အရောင်း/မြောက်ဝိုင်း
Ph : 09 73121050
09 443121050
09 457778224

မိုးရှာမောင်
အိမ်ပြောင်း/အိမ်ရွှေ့ ဝန်ဆောင်မှုလုပ်ငန်း
DYNA 15', 16'
09 5024774
09 73179228
09 49155515
09 49225338

✓ တိုင်းရင်းဆေးအရည်အသွေး ကမ္ဘာ့ရွှေကြယ်ပွင့်ဆု (ဂျီနီဗာ - ၂၀၁၀) ရွှေတံဆိပ်ဒိုင်းဆုရ
✓ နိုင်ငံတကာ ခေါင်းဆောင်မှုစွမ်းရည်ကြယ်ပွင့်ဆု (ဝဲရစ် - ၂၀၁၀) နှင့် Certificate ရ
✓ ကမ္ဘာ့အရည်အသွေးပြည့် ထိပ်သီးဆု (USA-2012) နှင့် Certificate ရ
✓ ကမ္ဘာ့အရည်အသွေး စိန်ပွင့်ဆု (ပြင်သစ် - ၂၀၁၃) နှင့် Certificate ရ
✓ ကမ္ဘာ့အရည်အသွေး သရဖူစိန်ပွင့်ဆု (လန်ဒန် - ၂၀၁၄) နှင့် Certificate ရ
ဖျံ-၅-ကောင်
သွေးချို-ဆီးချိုကျဆေးနှင့် သွေးတိုးကျဆေး
တစ်ပြည်လုံးသို့ ဖြန့်ချိလိုက်ပါပြီ။
ဒေါက်တာစိုးမြင့်အောင်(ဓါးမ) Ph.D (Alternative Medicines)

ဒဂုံမြို့သစ်
အရောင်း
ဆိပ်ကမ်းမြို့နယ်
တောင်ပိုင်း၊ မြောက်ပိုင်း
များရှိမြေကွက်များကို
ဈေးကောင်းပေးဝယ်သည်။
09-500 5916
09-510 1862

"အသဲဆို-မုန်ချိုရှင်ရင်ဂီတအနုပညာရှင်များလက်ဖွဲ့"
မုန်ချို
TMR-012270(0916)
TMR-012269(0916)
Ph.D(Alternative Medicine) (India)
ဖြန့်ချိရေး-မုန်ချိုဆေးတိုက်
☎ ၀၁-၁၈၀၄၅၅၁၊ ၇၇၅၁၀၇၊ ၃၈၆၆၇၄၁

SKL Travel
ရန်ကုန် 01 524 841, 09 788 999 810 မှ 860
မန္တလေး 09 7714 77141 မှ 146
ဗီယက်နမ်
စက်တင်ဘာ ၁၆ ရက် (USD 360)
ကမ္ဘောဒီးယား
စက်တင်ဘာ ၇ ရက် (USD 420)

KMD
Computer & Mobile
မြေနီကုန်းစင်တာ
၃၃၁၊ ပြည်လမ်း၊ မဟာမြိုင်ကားမှတ်တိုင်အနီး၊
မြေနီကုန်း၊ ☎ - ၅၀၃၅၁၁၊ ၅၀၂၂၄၄


လက်ခမဲ့
(၁-၁၅) စက်တင်ဘာ ၂၀၁၇ နေ့အထိသာ
ကွန်ပျူတာနှင့်ပတ်သက်သော အစိတ်အပိုင်းများ လဲလှယ်ပြုပြင်ဖို့လိုအပ်နေပါသလား?
မြေနီကုန်း KMD သို့လှမ်းခဲ့ပါ...
စက်တင်ဘာ(၁)လလုံးတွင် Service လာပြမည့် Customer များအတွက် နောက်တစ်ကြိမ် လက်ခမဲ့ ပြုပြင်နိုင်မည့် ကူပွန်များကိုလည်းပေးအပ်သွားမည်ဖြစ်ပါသည်။
PC, Networking, CCTV စသည့် IT Solution Service များကို KMD မြေနီကုန်း Service Center မှ Ad-hoc or Contract Service များဖြင့်ဆောင်ရွက်ပေးနေပါသည်။

NAY LIN AUNG
FINANCE & ACCOUNTANCY ACADEMY
LCCI(UK)
Level I,II
For March 2018 Exam
ခုံနံပါတ်ကြိုတင်ယူပြီးတက်ရောက်နိုင်ပါပြီ။
www.facebook.com/Nay Lin Aung Finance & Accountancy Academy
အမှတ်-(၁၈၊ ၃အေ~၆ဘီ)၊ ဦးထွန်းလင်းခြံလမ်း၊ (Giordano ဆိုင်အနီး)သဖြေညို(၂)တိုက်၊ လှည်းတန်း၊ ကမာရွတ်မြို့နယ်။
ဖုန်း - ၀၁ ၅၀၄၇၃၇၊ ၅၁၂၉၀၀၊ ၅၁၄၁၀၂၊ ၀၉ ၄၅၀၀၂၂၆၄၆၊ ၀၉ ၄၄၂၂၉၉၆၆၅၊ ၀၉ ၅၁၇၀၁၀၅၊ ၀၉ ၇၃၁၀၈၄၀၉
တာမွေကျောင်း - ၀၁ ၅၅၆၄၂၅၊ ၀၉ ၃၀၁၆၇၂၇၂၊ ၀၉ ၉၇၁၄၉၀၃၀၃

MCC.i
MCC . . . . အားလုံးအတွက်
အောက်ပါသင်တန်းများ ဖွင့်လှစ်သင်ကြားလျက်ရှိပါပြီ။ မိမိအတွက် သင့်လျော်မည့်သင်တန်းကို ရွေးချယ်တက်ရောက်နိုင်ရန် MCC သို့ ဆက်သွယ်ပါ။
- B.Sc(Hons:) Business IT ကွန်ပျူတာသိပ္ပံဘွဲ့ August 28
  University of Greenwich, UK
  SIAM University (Thailand)
- B.Sc(Engineering) အင်ဂျင်နီယာသိပ္ပံဘွဲ့ September 11
  HEI, France.
- BTEC HND ဒီပလိုမာ September 16
  PEARSON Education, UK
  - Level (4-5) အင်ဂျင်နီယာဒီပလိုမာ
    - Mechanical Engineering
    - Electrical and Electronic Engineering
    - Construction and Built Environment (Civil Engineering)
  - Level (4-5) ကွန်ပျူတာဒီပလိုမာ
  - Level (3) (တက္ကသိုလ်ဝင်တန်းမအောင်မြင်သူများတက်ရောက်ရန်)
    -အင်ဂျင်နီယာဒီပလိုမာ
E-mail. info@mccsolution.com
www.facebook.com/mcc.institute
Hot Line No - 01-246634, 245762

**ဖခင်အမည်မှန်**

မြစ်ကြီးနားမြို့၊ အထက(၉)၊ ဒသမတန်း($B_1$)မှ မောင်ယောဟန်၏ ဖခင် အမည်မှန်မှာ ဦးကျော်ဆီရီဖြစ်ပါသည်။

**အမည်မှန်နှင့် ဖခင်အမည်မှန်**

ဝိုင်းမော်မြို့၊ အထက(၂)၊ ဒသမတန်း($A_2$)မှ မောင်ဂျိုးဇက်အောင်၏အမည်မှန်မှာ မောင်လဆော်ဘောမ်ခေါ်ဖြစ်ပြီး ၎င်း၏ ဖခင်အမည်မှန်မှာ ဦးခေါ်ဘောမ်[၁/ဝမန(နိုင်)၀၈၆၁၈၈]ဖြစ်ပါသည်။

**အမည်ပြောင်းနှင့် ဖခင်အမည်မှန်**

မိုးကောင်းမြို့၊ အထက(နောင်ကိုင်တော်)၊ အဌမတန်းမှ မောင်ဆူသာရ်ဆန်အား မောင်ဒူရ်ကာဘာဒူးဟု ပြောင်းလဲခေါ်ဆိုပြီး ၎င်း၏ဖခင်အမည်မှန်မှာ ဦးရာဂျူး[၁/မကတ(နိုင်)၁၁၅၁၈၅]ဖြစ်ပါသည်။

မင်္ဂလာပါ
အိမ်ပြောင်း၊ အိမ်ရွှေ့လုပ်ငန်း
မြို့တွင်း/နယ်ဝေးများအတွက်
စျေးနှုန်းချိုသာစွာဖြင့်
Box ကားမျိုးစုံဖြင့်
အလုပ်သမားစီစဉ်ပေးသည်။
09-450042704
09-250095116
09-420096296

သီဟာလင်း
အိမ်ပြောင်း/အိမ်ရွှေ့လုပ်ငန်း
(10',14',16',18',22')ကား
များဖြင့်လုပ်သားအပြီးအစီး
မြို့တွင်း/နယ်ဝေး
ဝန်ဆောင်မှုပေးသည်။
01-570307
09-5112729
09-5126394

တက်နေဝန်း
အိမ်ပြောင်း/အိမ်ရွှေ့လုပ်ငန်း
(10'/14')Box ကားများဖြင့်
လုပ်သားအပြီးအစီး
ဝန်ဆောင်မှုပေးသည်။
09-442076599
09-400448695
09-33100721

PRIME-BOSS
Digital Full Color MFP System
DX-2000U
Trade in available

- Std : Feeder/ Duplex
- 7" Color LCD Touchpanel
- Std: A3Color Copy/ Network Print/
- Network Color Scan
- Password Protected User Accounts
- Low Runing Cost (လုပ်ငန်းသုံးရန်သင့်လျော်)
* မိတ္တူ နှင့် DTP လုပ်ငန်းများ ဆက်သွယ်နိုင်ပါသည်။ *
Full Color Digital MFP နှင့် အခြားစက်ကြီးများလည်း ရရှိနိုင်ပါသည်။
Prime - Boss Company Limited Since 1996
» Yangon Office : G-7, MGW Tower, Bo Aung Kyaw Street, Botataung Township, Yangon.
Tel : 01 256644, 256508
Hot Line : 09 788888929 Fax -01 256158
» Naypyitaw : Tel: 067-421393
Email: sales@primeboss.com.mm

တာဝတိံသာ
အဆင့်မြင့် အိမ်ပြောင်း၊ အိမ်ရွှေ့ ဝန်ဆောင်မှုလုပ်ငန်း
အိမ်ခန်း၊ ရုံးခန်း၊ ဆိုင်ခန်းပြောင်းရွှေ့လိုပါက
၁၀ပေ၊ ၁၄ပေ၊ ၁၅ပေ၊ ၁၆ပေ၊ ၁၇ပေ၊ ၂၄ပေ
၁၀ဘီး၊ ၁၂ဘီးကားများနှင့်အလုပ်သမားများ
အပါပြောင်းရွှေ့ပေးသည်။ (မြို့တွင်း/နယ်ဝေး)
09-32152526
09-421024222
09-31483218
09-49344288

နိုင်ငံခြားသားများနေထိုင်ရန်
လူကြီးမင်းတို့ ပိုင်ဆိုင်သော အဆင့်မြင့် ပြင်ဆင်ပြီး လုံးချင်းနှင့် CONDO များအမြန်ငှားလိုပါသည်။
Ph: 09-964008848, 01-394053

**ဖြည့်စွက်ဖတ်ရှုပါရန်**

၁၉-၇-၂၀၁၇ရက် ကြေးမုံသတင်းစာ ကြော်ငြာစာမျက်နှာ ၁၄ ပါ ကန့်ကွက်နိုင်ကြောင်းကြော်ငြာတွင် ဒေါ်အဘီဒါဘီဘီ ပါ (၄) ဦး ပိုင်ဆိုင်ကြောင်းစာချုပ်ရန် (မြေပုံကူး)ကြော်ငြာ၌ GPမှတ်ပုံတင်အမှတ် ၄၁၈၈/၁၇(၃-၅-၂၀၁၇)ရက်စွဲအရ ဒေါ်အဘီဒါဘီဘီပါ(၄)ဦး၏ GPရရှိသူ ဦးခင်မောင်သန်း [၁၂/လမန(နိုင်) ၁၂၆၃၂၂]ဟု ဖြည့်စွက်ဖတ်ရှုပေးပါရန်။

# THE CENTRAL

WHERE THE FINEST MEETS

## LIVE, WORK & PLAY IN THE AWARD WINNING DEVELOPMENT



NEW RELEASE OF SPECIAL PROMOTION UNITS!
**LAKEVIEW UNITS AVAILABLE**

**THIS MONTH ONLY!!!**
**CALL +959 777 773 770**




**Winner of 6 Myanmar Property Awards 2017**

**PROJECT LOCATION**

Corner of Kabar Aye Pagoda Road and Kanbe Road,
Yankin Township, Yangon, Myanmar

www.thecentral.com.mm

**INFORMATION CENTER ADDRESS**

160 Meters from the Corner of
Kabar Aye Pagoda Road and Kanbe Road
(Across from MIC Office)



# UPG PREMIER

- အရောင်ထောင်ပေါင်းများစွာကို အချိန်တိုအတွင်း Computerized Tinting System ဖြင့် အရောင်စုံထုတ်လုပ်ပေးနေပါပြီ။
- နမူနာအရောင်များကို Computer Color Planner Software တွင်ထည့်သွင်း ကြည့်ရှုနိုင်ပါပြီ။
- ၁လီတာတိုင်းအတွက် လူမှုရေးရံပုံငွေ (CSR) တွင် ၁၀၀ကျပ် ထည့်ဝင်လှူဒါန်းပါမည်။



## Weathershield (Gloss)

High Performance Exterior Gloss Emulsion Paint

- ✓ အထူးပြောင်လက်တောက်ပခြင်း
- ✓ ပြင်ပရာသီဥတုဒဏ်ကြာရှည်ခံခြင်း
- ✓ ဖုံးအုပ်နိုင်မှုကောင်းမွန်ခြင်း
- ✓ ခဲနှင့် ပြဒါးပါဝင်မှုမရှိခြင်း



## Weathershield

High performance exterior paint

- ✓ ပြင်ပရာသီဥတုဒဏ်ကြာရှည်ခံခြင်း
- ✓ မှိုနှင့်ရေညှိတက်ခြင်းကိုကာကွယ်နိုင်ခြင်း
- ✓ အရောင်တောက်ပမှုကြာရှည်ခံခြင်း
- ✓ ခဲနှင့် ပြဒါးပါဝင်မှုမရှိခြင်း

၆နှစ် အာမခံ

6 YEARS PROTECTION

SUPER GLOSS
WEATHER RESISTANCE
GOOD COVERAGE
EXTERIOR DURABLE
LONG LASTING COLORS
FUNGUS RESISTANT TO ALGAE
NO LEAD & MERCURY

THOUSANDS of designing colors Through Tinting System

COMPUTERIZED TINTING SYSTEM MAKES IT POSSIBLE!

SAY yes TO THE BEST ... UPG



UNITED PAINTS GROUP CO., LTD.

ISO 9001:2008 ISO 14001:2004 OHSAS 18001:2007

Responsible Care — Global Compact Network (Myanmar)

No. 174/ 188, 2nd Floor, Bo Myat Tun Street, Shwe Gabar Tower (II), Pazundaung Township, Yangon, Myanmar.

Tel: 95-1-200535, 299432 Fax: 95-1-299605
web site : www.upgpaint.com
email : info@upgpaint.com

facebook.com/upgpaint

HILLTOP vista

ဆိတ်ငြိမ်အေးချမ်းသော လူနေမှု ဘဝပုံစံနှင့် ပြီးပြည့်စုံသော Facility များပါရှိသည့် အသင့်နေထိုင်နိုင်သော Hilltop Vista Condo ရှိ အခန်းများအားလာရောက်ကြည့်ရှု လေ့လာဝယ်ယူနိုင်ပါကြောင်း သတင်းကောင်းပါးအပ်ပါတယ်.....




HILLTOP vista Condominium

မင်းရဲကျော်စွာလမ်း(ဗဟိုအမျိုးသမီးဆေးရုံကြီးအနီး)၊ လမ်းမတော်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။

SHWE TAUNG
Real Estate

Choice Units Available, Call Us Now!

Hotline : 01 2300077~78, 09 977830242, 09 977830243

Email : sales@shwetaungrealestate.com



အစွန်းရောက်ဘင်္ဂါလီအကြမ်းဖက်သမားများ မီးရှို့ဖျက်ဆီးခဲ့မှုကြောင့် မောင်တောမြို့ပေါ်ရှိ အိမ်တစ်လုံး မီးလောင်နေစဉ်။

# မောင်တော၌ အစွန်းရောက်ဘင်္ဂါလီအကြမ်းဖက်သမားများက
# အကြမ်းဖက်လုပ်ရပ်များ ဆက်လက်လုပ်ဆောင်လျက်ရှိ

**နေပြည်တော် ဩဂုတ် ၂၈**

လုံခြုံရေးတပ်ဖွဲ့ဝင်များသည် ဩဂုတ် ၂၇ ရက် ညနေပိုင်းတွင် မောင်တောမြို့နယ် ကြောင်ဒိုးကျေးရွာနှင့် အောင်သပြေကျေးရွာ အကြားတွင် နယ်မြေစိုးမိုးရေးဆောင်ရွက်နေစဉ် အစွန်းရောက်ဘင်္ဂါလီအကြမ်းဖက်သမားများက လမ်းဘေးဝဲယာမှ လုပ်သေနတ်နှင့် လက်လုပ်မိုင်းတို့ဖြင့် ဝိုင်းဝန်းပစ်ခတ်တိုက်ခိုက်သဖြင့် လုံခြုံရေးတပ်ဖွဲ့ဝင်များက ပြန်လည်ခုခံရှင်းလင်းခဲ့ရပြီး ဖြစ်စဉ်တွင် ရဲတပ်ဖွဲ့ဝင် ၁ ဦး ဒဏ်ရာရရှိခဲ့သည်။

ထို့ပြင် ကျီးကျွန်းကင်းစခန်းအနီးရှိ ပုစွန်ကန်အား လုံခြုံရေးတပ်ဖွဲ့ဝင်များက ရှင်းလင်းစဉ် အစွန်းရောက် ဘင်္ဂါလီအကြမ်းဖက်သမား ၅၀ ခန့် နေထိုင်ခဲ့ပြီး စခန်း၏အိပ်ဆောင်ကြမ်းခင်းများအား မီးရှို့ဖျက်ဆီးထားခဲ့ကြောင်း တွေ့ရှိရပြီး ညပိုင်းတွင် လုံခြုံရေးတပ်ဖွဲ့ဝင်များသည် ကျီးကျွန်းကင်းစခန်းအတွင်း နယ်မြေစိုးမိုးရေးဆောင်ရွက်စဉ် အစွန်းရောက်ဘင်္ဂါလီအကြမ်းဖက်သမား အမျိုးသား သုံးဦးနှင့် အမျိုးသမီး သုံးဦးတို့သည် လောင်းလှေနှစ်စင်းဖြင့် တစ်ဖက်ကမ်းသို့ လှော်ခတ်ထွက်ပြေးသွားခဲ့သည်။

အစွန်းရောက်ဘင်္ဂါလီအကြမ်းဖက်သမားများ ထောင်ထားသည့် လက်လုပ်မိုင်း တစ်လုံး

**စာမျက်နှာ ၉ ကော်လံ ၁ သို့ ✳**

# ဆီးဂိမ်းဘောလုံးပြိုင်ပွဲ တတိယနေရာလုပွဲအဖြစ်
## မြန်မာနှင့် အင်ဒိုနီးရှားအသင်း ယနေ့ကစားမည်

**ကွာလာလမ်ပူ ဩဂုတ် ၂၈**

မလေးရှားနိုင်ငံက အိမ်ရှင်အဖြစ် လက်ခံကျင်းပနေသည့် (၂၉)ကြိမ်မြောက် ဆီးဂိမ်း အမျိုးသားဘောလုံးပြိုင်ပွဲ တတိယနေရာလုပွဲနှင့် ဗိုလ်လုပွဲကို ဩဂုတ် ၂၉ ရက်တွင် ဆက်လက်ကျင်းပမည်ဖြစ်ပြီး ဆီမီးဖိုင်နယ်တွင် ရှုံးခဲ့သည့် မြန်မာအသင်းသည် အင်ဒိုနီးရှားအသင်းနှင့် တတိယနေရာလုပွဲ ယှဉ်ပြိုင်ကစားရမည်ဖြစ်သည်။

တတိယနေရာလုပွဲအဖြစ် မြန်မာအသင်းနှင့် အင်ဒိုနီးရှားအသင်းသည် ဩဂုတ် ၂၉ ရက် မြန်မာစံတော်ချိန် ညနေ ၃ နာရီတွင် ဆီလာယန်ကွင်း၊ ဗိုလ်လုပွဲအဖြစ် အိမ်ရှင်မလေးရှားအသင်းနှင့် ထိုင်းအသင်းသည် မြန်မာစံတော်ချိန် ည ၇ နာရီ ၁၅ မိနစ်တွင် ရှာအလမ်ကွင်း၌ ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။

မြန်မာ ယူ-၂၂ အသင်းသည် ယခု ပြိုင်ပွဲတွင် ရွှေတံဆိပ်မျှော်မှန်းခဲ့သော်လည်း ဆီမီးဖိုင်နယ်တွင် ထိုင်းကိုရှုံးပြီး ဗိုလ်လုပွဲနှင့် လွဲချော်ခဲ့သောကြောင့် မြန်မာဘောလုံးပရိသတ်အတွက်

**စာမျက်နှာ ၉ ကော်လံ ၁ သို့ ○**



ကွင်းလယ်ကစားသမား စည်သူအောင် ထိုင်းကစားသမားနှင့် ဘောလုံးယှဉ်လုစဉ်။

## အကြမ်းဖက်လုပ်ရပ်များအား ပြစ်တင်ရှုတ်ချသည့် ကြေညာချက်များ ထုတ်ပြန်

**နေပြည်တော် ဩဂုတ် ၂၈**

ရခိုင်ပြည်နယ်မြောက်ပိုင်းဒေသတွင် အစွန်းရောက်ဘင်္ဂါလီ အကြမ်းဖက်သမားများ၏ အကြမ်းဖက်လုပ်ရပ်များအား ကုလသမဂ္ဂနှင့် အမေရိကန်၊ အိန္ဒိယ၊ တူရကီ နိုင်ငံများ၏ နိုင်ငံခြားရေးဝန်ကြီးဌာနများမှလည်းကောင်း၊ မြန်မာနိုင်ငံရှိ အမေရိကန်သံရုံး၊ ဗြိတိသျှသံရုံးနှင့် ဩစတြေးလျသံရုံးတို့မှလည်းကောင်း ပြစ်တင်ရှုတ်ချသည့် ကြေညာချက်များ ထုတ်ပြန်ခဲ့ကြောင်း နိုင်ငံတော်အတိုင်ပင်ခံရုံး သတင်းထုတ်ပြန်ရေးကော်မတီမှ သတင်းထုတ်ပြန်ထားသည်။ **(သတင်းစဉ်)**



**ဆီးဂိမ်းတိုက်ကွမ်ဒို(၅၄)ကီလိုတန်းပြိုင်ပွဲတွင် မြန်မာမှ ဇော်လင်းထက် ဗီယက်နမ်ကစားသမားနှင့် ယှဉ်ပြိုင်ရာ ပူးတွဲကြေးတံဆိပ်ဆုရရှိခဲ့သည်။ *(အပေါ်ပုံ)* ဆီးဂိမ်းအလေးမ(၆၂)ကီလိုတန်း အမျိုးသားပွဲစဉ်တွင် မြန်မာမှ မြင့်ကြည် ကြေးတံဆိပ်ဆုရရှိခဲ့သည်။ *(အောက်ပုံ)***

**(အား/ကာ)**



### (၂၉)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲ နိုင်ငံအလိုက် ဆုတံဆိပ်ရရှိမှု

| စဉ် | နိုင်ငံများ | ရွှေ | ငွေ | ကြေး | စုစုပေါင်း |
|---|---|---|---|---|---|
| ၁ | မလေးရှား | ၁၁၁ | ၇၇ | ၆၉ | ၂၅၇ |
| ၂ | ထိုင်း | ၆၀ | ၇၂ | ၇၅ | ၂၀၇ |
| ၃ | ဗီယက်နမ် | ၅၄ | ၄၁ | ၅၁ | ၁၄၆ |
| ၄ | စင်ကာပူ | ၄၉ | ၄၄ | ၆၃ | ၁၅၆ |
| ၅ | အင်ဒိုနီးရှား | ၃၂ | ၅၄ | ၆၄ | ၁၅၀ |
| ၆ | ဖိလစ်ပိုင် | ၂၃ | ၃၀ | ၄၇ | ၁၀၀ |
| ၇ | မြန်မာ | ၇ | ၉ | ၁၉ | ၃၅ |
| ၈ | လာအို | ၂ | ၃ | ၁၃ | ၁၈ |
| ၉ | ကမ္ဘောဒီးယား | ၁ | ၁ | ၁၀ | ၁၂ |
| ၁၀ | ဘရူနိုင်း | ၀ | ၄ | ၇ | ၁၁ |
| ၁၁ | တီမောလက်စ်တေ | ၀ | ၀ | ၁ | ၁ |

**အောင်ကျော်ဝင်း**